မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၅၀)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

အာနန္ဒာစေတီတော်အတွင်း နံရံဆေးရေးပန်းချီများ ပြန်လည်ဖော်ထုတ်နေမှု လှည့်လည်ကြည့်ရှု

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာနန္ဒာစေတီတော်အတွင်း ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှု လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၁၁ နာရီတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိရာ ပြတိုက်ဧည့်ခန်းမ၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က ဝန်ကြီးဌာန၏ ပုဂံယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းနေမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်တို့က ပုဂံဒေသယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာများ၊ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်းတွင်ပါဝင်ရေး ဆောင်ရွက်နေမှု၊ မြို့ပြစီမံကိန်းနှင့် ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၈ ကော်လံ ၅ ✻

မူဆယ်နယ်စပ်ကုန်သွယ်ရေးတိုးတက်လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ၏ နယ်စပ်ကုန်သွယ်ရေး တိုးတက်မြင့်မားလာလျက်ရှိရာ တရားမဝင်ကုန်သွယ်မှုများကို မိုဘိုင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများပြုလုပ်နေပြီး တားဆီးနေမှုနှင့်အတူ နယ်စပ်မှတင်ပို့တင်သွင်းမှုတန်ဖိုးပမာဏမှာ တိုးတက်လာလျက်ရှိသည်။

အထူးသဖြင့် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကာလ၏ ဇန်နဝါရီလကုန်အထိ အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်အထိ ရှိနေရာ ယခင်နှစ် အလားတူ ကာလကထက် ပိုမိုများပြားလျက်ရှိသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ထိုသို့ ကုန်ပစ္စည်းများ တင်ပို့တင်သွင်းရာတွင် အများဆုံးမှာ လယ်ယာထွက်ကုန်နှင့် လယ်ယာသုံးပစ္စည်းများဖြစ်ပြီး အဆိုပါပစ္စည်းများမှာ *စာမျက်နှာ ၃ ကော်လံ ၄* ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ချမ်းသာခြင်းအကြောင်းတရား

မိတ်ကောင်းဆွေကောင်းရှိခြင်း၊ တင်းတိမ်ရောင့်ရဲခြင်း၊ ကုသိုလ်ဒါနပြုလုပ်ခြင်းနှင့် တရားဓမ္မ ကျင့်ကြံအားထုတ်ခြင်းတည်းဟူသော အကြောင်းတရားလေးပါးသည် ချမ်းသာခြင်းအကြောင်းပင်ဖြစ်ပါသည်။ ထိုတရားလေးပါးတို့အနက် မိတ်ကောင်းဆွေကောင်းရှိရေးသည် ဦးစွာလုပ်ဆောင်ရမည့်အချက် ဖြစ်ပါသည်။

မည်သူမဆို ချမ်းသာသည်၊ ကြီးပွားသည်၊ တိုးတက်သည်ဆိုခြင်းမှာ အကြောင်းမဲ့ တိုးတက်ကြီးပွား ချမ်းသာခြင်းမဟုတ်ပါ။ ကြီးပွားတိုးတက်ချမ်းသာအောင် ကြိုးစားမှုလုံ့လပြု ကျင့်ကြံဆောင်ရွက်မှုများကြောင့်ဖြစ်ပါသည်။ အကြောင်းနှင့်အကျိုးသည် ဆက်စပ်နေပါသည်။ အကြောင်းမရှိလျှင် အကျိုးလည်းရှိလိမ့်မည် မဟုတ်ပါ။ ဤသည်မှာ ဓမ္မ၏ သဘောပင်ဖြစ်ပါသည်။

လက်တွေ့ဒိဋ္ဌဓမ္မဖြစ်သော ကောင်းကျိုးချမ်းသာမှုကို ရယူလိုသူတိုင်းသည် မိတ်ကောင်းဆွေကောင်း ပေါများရန် အရေးကြီးပါသည်။ မိတ်ကောင်းဆွေကောင်းကသာလျှင် မိမိ၏ ဘဝ တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်း ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်ပါသည်။ မိတ်ကောင်းဆွေကောင်း အဆွေခင်ပွန်းကောင်းကသာ မိမိ၏အခက်အခဲများကို ဖြေရှင်းကူညီပေးနိုင်စွမ်းရှိပါသည်။ အဆွေခင်ပွန်းကောင်း များများရှိသူသည် ကြီးပွားချမ်းသာမှုကို များများဖြစ်စေနိုင်ပါသည်။ အခက်အခဲများကို များများဖြေရှင်းဆောင်ရွက်နိုင်ပါသည်။ အကူအညီများလည်း ပေါများစွာရတတ်ပါသည်။

ဤသို့ဆိုလျှင် ကျွန်ုပ်တို့အနေဖြင့် အဆွေခင်ပွန်းကောင်း ပေါများစေရန် မည်သို့ဆောင်ရွက်ကြမည်နည်း။ များများလုပ်စရာ မလိုပါ။ အချက်သုံးချက် လက်ကိုင်ပြု လုပ်ဆောင်သွားနိုင်မည်ဆိုလျှင် မိတ်ကောင်း ဆွေကောင်းများ ရရှိလာမည်ဖြစ်ပါသည်။

ဦးစွာပထမ သူ့အကျိုးကို ဆောင်တတ်ပါစေ။ ''သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်''ဟူသောစကားရှိပါသည်။ သူ့အကျိုးစီးပွားကို ရှုက်သယ်ပိုးခြင်းဖြင့် မိတ်ကောင်းဆွေကောင်း ရရှိလာမည်ဖြစ်ပါသည်။ ထိုမိတ်ကောင်းဆွေကောင်းကပင်လျှင် မိမိအကျိုးစီးပွားကို ဆောင်ရွက်ပေးတတ်ပါသည်။

တစ်ဖန် မိတ်ကောင်းဆွေကောင်း ရှာဖွေရာတွင် လူချစ်လူခင် ပေါများအောင် ဆောင်ရွက်ရန်လည်း လိုပါသည်။ ချိုသာသောစကား၊ ချစ်ဖွယ်သောအပြုအမူ၊ ကောင်းသောအလုပ်တို့ဖြင့် လူချစ်လူခင်ပေါများတတ်ပါသည်။ ဝေဖန်ခြင်း၊ အပြစ်ပြောဆိုခြင်း၊ အတင်းအဖျင်းပြောဆိုခြင်းတို့ကို ရှောင်ကြဉ်းအပ်ပေသည်။ ဤသည်မှာလည်း မိတ်ကောင်းဆွေကောင်း ပေါများခြင်း၏ အဓိက အကြောင်းတရားပေတည်း။

မိတ်ကောင်း ဆွေကောင်းရှိသည့် အရပ်ဒေသ၌ နေထိုင်ရခြင်းကို သင့်တင့်လျောက်ပတ်သောအရပ်တွင် နေထိုင်ခြင်းဟုဆိုနိုင်ပါသည်။ အဆွေခင်ပွန်းကောင်းရှိသည့် ဝန်းကျင်၌ နေထိုင်မှသာလျှင် မိတ်ကောင်းဆွေကောင်းနှင့် တွေ့နိုင်ပါသည်။ လူဆိုးလူညစ်တို့၏ဝန်းကျင်တွင် နေထိုင်ခြင်းဖြင့် မိတ်ကောင်းဆွေကောင်း မရနိုင်ပါ။

ထို့ကြောင့် မိတ်ကောင်းဆွေကောင်း အဆွေခင်ပွန်းကောင်း ပေါများလိုလျှင် သူ့အကျိုးကို ဆောင်တတ်ရပါမည်။ လူချစ်လူခင် ပေါများအောင်လည်း လုပ်သင့်ပေသည်။ မိတ်ကောင်းဆွေကောင်း သူငယ်ချင်းကောင်းများရှိသည့် ဝန်းကျင်၌သာ ဘဝကျင်လည်ရမည်ဖြစ်ပါသည်။ အဆွေခင်ပွန်းကောင်းများ ပေါများလာခြင်းဖြင့် မိမိအခက်အခဲများ ဖြေရှင်းပေးနိုင်ကာ ကြီးပွားတိုးတက်မှုဖြစ်စေပြီး ချမ်းသာခြင်းအကြောင်းတရားကိုလည်း ဖြစ်စေနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်မည့် လျာထားမြေနေရာနှင့် ကော့ကရိတ်-အစွန်း-ကျိုတ်၊ ကျိုက်ဒုံ-အဇင်းလမ်း စစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၉ နာရီက ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် လမ်း/တံတားလုပ်ငန်းများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ဘဏ္ဍာငွေများ သုံးစွဲရာတွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲကြရန်လိုကြောင်း၊ လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရန်နှင့် သတ်မှတ်အရည်အသွေးများ ပြည့်မီစွာဆောင်ရွက်ရေး အထူးအလေးထားဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဘားအံ-ကော့ကရိတ်-သဃ်န်းညီနောင်- မြဝတီလမ်းသစ် မြေကြီးတာပေါင်တင်ခြင်း လုပ်ငန်းများ၊ ဖြတ်မြေလုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ဖေဖော်ဝါရီ ၂၂ ရက်တွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးတံတားအမှတ်(၂) တည်ဆောက်မည့် လျာထားမြေနေရာနှင့် alignment လျာထားမြေနေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြဝတီဝေါလေလမ်း မြေသားတာပေါင်တင်ခြင်း လုပ်ငန်းများ၊ လမ်းသားကြိတ်ခြင်း လုပ်ငန်းများ၊ ကော့ကရိတ်မြို့ရှိ ကော့ကရိတ်-အစွန်း-ကျိုတ်-ကျိုက်ဒုံ-အဇင်းလမ်း မြေသားတာပေါင်တင်ခြင်းလုပ်ငန်း၊ ဖြတ်မြေလုပ်ငန်း၊ လမ်းတစ်လျှောက် Box Culvert နှင့် Pile Culvert များနှင့် လမ်းသားကြိတ်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျပ် ၂၀၀ တန် ထီဖွင့်ပွဲ မတ် ၁ ရက် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

(၁၀၂)ကြိမ် ကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ မတ် ၁ ရက် (စနေနေ့) နံနက် ၈ နာရီမှစတင်၍ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ် သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ သုံးဆု၊ ငွေကျပ်သိန်း ၂၀၀ ခုနစ်ဆု၊ ငွေကျပ် သိန်း ၁၀၀ ၁၆ ဆု၊ ငွေကျပ် ၁၀ သိန်းဆု ၅၆၀၊ ငွေကျပ် ငါးသိန်းတစ်ဆု၊ ငွေကျပ် သုံးသိန်း ၁၄၈ ဆု၊ ငွေကျပ် နှစ်သိန်း ၁၄၄၅ ဆု၊ ငွေကျပ် တစ်သိန်း ၁၄၅၀၆ ဆု၊ ငွေကျပ် ငါးသောင်း ၉၉၉၉ ဆု အပါအဝင် ဆုမဲပေါင်း ၂၆၆၈၈ ဆုခွဲဝေပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရန်မီးသတ်ပညာပေး သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အရန်မီးသတ် တပ်ဖွဲ့ဝင်များ ပညာပေးသင်တန်း (၁/၂၀၁၄)ဆင်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်စံပြကျေးရွာ ကျေးလက်အားကစားခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်ညီတို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ထူးချွန်ဆု၊ ဇွဲဆုသင်တန်းဆင်းလက်မှတ်နှင့် နိုင်ငံတော်မှ ပေးအပ်သော မီးသတ်ဝတ်စုံများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းထွန်းနှင့် တာဝန်ရှိသူများက သင်တန်းသားသို့ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းမှာ ၁၀ ရက်ကြာသင်ကြားပို့ချပြီး သင်တန်းသား ၅၀ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း နယ်စပ်ဝင်ရောက်ရာလမ်းကြောင်းဝဲယာ ကော့ကရိတ်မှ ဂျိုင်းတံတားအထိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး စည်းဝေး

ကော့ကရိတ် ဖေဖော်ဝါရီ ၂၆

ကရင်ပြည်နယ် ကော့ကရိတ်မြို့မှ ဘားအံသို့ ဆက်လက်ထွက်ခွာသောမြန်မာ-ထိုင်း နယ်စပ်ဝင်ထွက်ရာ လမ်းကြောင်းဝဲယာတို့တွင် နိုင်ငံခြားသားများ ကားဖြင့်လည်းကောင်း၊ လိုင်းကား၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားလာနေကြရာ အမြင်တင့်တယ်စေရေးနှင့် ဂုဏ်သိက္ခာမကျဆင်းစေရေးအတွက် လမ်းဘေးဝဲယာအမှိုက်များ ကင်းစင်စေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အစည်းအဝေးကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက မြို့ရွာလှပတင့်တယ်စေရေးအတွက် ဌာနဆိုင်ရာများနှင့် မြို့နယ်/ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များကို တင်ပြဆွေးနွေးခဲ့သည်။

(၁၀၉)

မြန်မာ့သစ်လုပ်ငန်း

www.myanmatimber.com.mm

မြန်မာ့ပုဂံနဂါး Travel & Tour Co., Ltd.
MPD

ပြည်တွင်းသတင်း

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆ ။)
၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်
(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ တွင်ပါရှိသော "အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ" ဆိုသည့် စကားရပ်အစား "အနည်းဆုံး ငါးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၄ တွင်ပါရှိသော "ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ်ကျပ်သိန်းငါးဆယ်မှ ကျပ်သိန်းတစ်ရာအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၅ တွင်ပါရှိသော "ထောင်ဒဏ် ၃ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့်စကားရပ်အစား "ငွေဒဏ်ကျပ်တစ်ဆယ်သိန်းမှ ကျပ်သိန်းငါးဆယ်အထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၆ တွင်ပါရှိသော "ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၇ တွင်ပါရှိသော"ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။" ဆိုသည့် စကားရပ်အစား "ငွေဒဏ်ကျပ်တစ်သိန်းမှ ကျပ်သုံးသိန်းအထိ ချမှတ်ရမည်။ ငွေဒဏ်မဆောင်ပါက ထောင်ဒဏ်သုံးလအထိ ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

■ *ကျောဖုံးမှ*

အကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား နှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် ဤကန်ကြီးအား အမှီပြုနေရပါကြောင်း၊ သို့သော် ကန်ကြီးတိမ်ကောလာသည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာမရရှိတော့ကြောင်း ကြားသိရဖြင့် ယခုကဲ့သို့များ လူမှုစီးပွားဘဝမြင့်မားရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ရာသီဥတုက ဖောက်ပြန်လျက်ရှိရာ ရာသီဥတုကို အမှီသဟဲပြု၍ စိုက်ပျိုးနေရသည့်အခြေအနေမှာ ရေရာသေချာမှုမရှိနိုင်ကြောင်း၊ ရေသည် စိုက်ပျိုးရေးအတွက် အဓိက လိုအပ်ချက်ဖြစ်နေသဖြင့် မိမိတို့အစိုးရအနေဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးရေရရှိစေရေး၊ အထူးသဖြင့် ရေအခက်အခဲရှိရာ ဒေသများကို ဦးစားပေး လုပ်ဆောင်ပေးနေပါကြောင်း။

ရေကိုလုံလောက်စွာရရှိအောင် ဆောင်ရွက်ပေးနိုင်သည်နှင့် အမျှ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် ယခင်တစ်သီးသာ စိုက်ပျိုးနိုင်ရာမှ

နိုင်ငံတော်သမ္မတဦးသိန်းစိန် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာများမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းတွင်းမြို့နယ် ထီးလှိုင်ကျေးရွာမှ ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

(သတင်းစဉ်)

နှစ်သီး၊ သုံးသီးစိုက်ပျိုးနိုင်တော့မည်ဖြစ်ပါကြောင်း၊ ထို့အတူ မွေးမြူရေးလုပ်ငန်းကိုလည်း တိုးချဲ့လုပ်ကိုင်နိုင်တော့မည်ဖြစ်၍ ဝင်ငွေနှစ်ဆမှ သုံးဆထိ တိုးတက်ရရှိတော့မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ဤဒေသ၏ ရေရရှိရေး အဓိကအားထားရသည့် ဤထီးလှိုင်ကန်ကြီးကို ပုဂံခေတ်ကတည်းက တည်ဆောက်ခဲ့ပြီး ခေတ်အဆက်ဆက် အသုံးပြုထိန်းသိမ်းလာခဲ့သည့်နည်းတူ ကန်ကြီးပြုပြင်ပြီးစီးပါကလည်း သားစဉ်မြေးဆက် ဆက်လက် ထိန်းသိမ်းသွားကြစေလိုကြောင်း၊ ထို့အတူ မိမိတို့ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဆောင်ရွက်ကြရန်နှင့် တစ်ဦးချင်းအနေဖြင့်လည်း တိုးတက်ကြီးပွားအောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်နှင့် ဒေသခံပြည်သူနှစ်ဦးတို့က ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက ထီးလှိုင်ကန်ပြန်လည်ပြုပြင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများအား စားသောက်ဖွယ်ရာများ၊ ဒေသခံပြည်သူများအား ဗုဒ္ဓဆင်းတုတော်များ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် ဆိုလာမီးအိမ်များ စသည့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ထီးလှိုင်အနောက်ကျေးရွာနှင့် ထီးလှိုင်အရှေ့ကျေးရွာအတွင်း လှည့်လည်ကြည့်ရှုပြီး ချည်ဆိုးဆေးလုပ်ငန်းမှ စွန့်ပစ်ရေများ စနစ်တကျသိုလှောင်ထားမှု၊ ထီးလှိုင်ချောင်းအတွင်း ရေသန့်ရှင်းမှုနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်အစီအမံများနှင့် ထီးလှိုင်ချောင်းကူးတံတား တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထီးလှိုင်ကန်သည် ပုဂံခေတ်အနော်ရထာမင်းလက်ထက်က စိုက်ပျိုးရေနှင့် သောက်သုံးရေရရှိရန်အတွက် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ကန်ကြီးအနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသည် ကန်မှပိုလျှံရေများကို အသုံးပြုနိုင်ရန်အတွက် ကန်ငယ်များကိုလည်း တူးဖော်ခဲ့ကြသည်။

သို့သော် ထိုကန်များမှာ နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ တိမ်ကောလာပြီး ရေသိုလှောင်နိုင်မှုမှာလည်း လျော့နည်းလာခဲ့သည်။ ရေသောက် ဧရိယာ ၁၄၀၇ ဧကအနက် နှစ်စဉ်ပျမ်းမျှဧက ၂၇၀ ခန့်သာရေပေးဝေနိုင်ခဲ့သည်။ ကန်အတွင်း သဲနုန်းပို့ချမှုများပြားလာခြင်း၊ ကန်ပေါင်နိမ့်ကျခြင်းတို့ကြောင့် မိုးရာသီအတွင်း ရေဝေရေလဲဧရိယာမှ စီးဝင်လာသောရေကို သိုလှောင်ထိန်းသိမ်းထားနိုင်ခြင်းမရှိသည့်အတွက် ၂၀၀၁ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ကျိုးပေါက်ပျက်စီးခဲ့သဖြင့် ဆည်မြောင်းဦးစီးဌာနက ပြန်လည်ပြုပြင်ပေးခဲ့ရသည်။

ဇန်နဝါရီ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြပါရှိသော ထီးလှိုင်ကျေးရွာ ထီးလှိုင်ဆည်ကြီးအား ပြန်လည်ပြုပြင်ပေးစေချင်ဟူသော သတင်းအား နိုင်ငံတော်သမ္မတက ဖတ်ရှုသိရှိရာမှ ကန်ကြီးအား အမြန်ပြုပြင်ပေးရန်စီမံခဲ့ခြင်းဖြစ်သည်။ အဆိုပါထီးလှိုင်ကန်ကြီးနှင့် ကွက်ဆင့်သောက်ကန်ငယ်များအား ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရား ၁၂၃ စီးဖြင့် ဇန်နဝါရီလမှ စတင်ပြုပြင်လျက်ရှိရာ မတ်လအတွင်း ပြုပြင်ပြီးစီးမည်ဖြစ်သည်။ ပြုပြင်ပြီးစီးပါက အိမ်ထောင်စု ၁၅၀၀ ခန့်၊ လူဦးရေ ၈၅၀၀ ခန့်နှင့် စိုက်ပျိုးမြေဧက ၁၃၉၀ တို့အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

အခွန်ကင်းလွတ်ခွင့်ရရှိသည့် ပစ္စည်းများလည်းဖြစ်သည်။ သို့သော်လည်း ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်သွင်းကုန်များအနက် ပို့ကုန်များမှာ ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအခြေအနေကိုကြည့်လျှင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကာလတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံခန့် ရှိခဲ့ရာ ၂၀၁၃-၂၀၁၄ ခုနှစ်ကုန်တွင် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်အထိ ရှိလာနိုင်မည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သော မူဆယ်၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ် စသည်တို့အနက် မူဆယ် ၁၀၅ မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းသည် ကုန်သွယ်မှု အများဆုံးဖြစ်သည့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သော စပါး၊ ဆန်၊ ဆန်ကွဲ၊ မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ရော်ဘာ၊ ကြက်သွန်၊ သရက်သီး၊ နန္ဒင်း စသည်တို့ ပါဝင်သည်။

ထို့အပြင် ရေထွက်ပစ္စည်း၊ သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ စက်မှုကုန်ချောပစ္စည်းများလည်း တင်ပို့လျက်ရှိသည်။ မူဆယ် ၁၀၅ မိုင် နယ်စပ် ကုန်သွယ်ရေးစခန်းသည် နယ်စပ်ကုန်သွယ်မှုအနေဖြင့် နှစ်ချင်းအလိုက် တိုးတက်လျက်ရှိရာ လာမည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင်လည်း ကုန်သွယ်မှု ဆက်လက်တိုးမြင့်နေမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာသတင်း

အမေရိကန်တပ်များ အာဖဂန်မှဆုတ်ခွာရန်စီစဉ် အိုဘားမားက သမ္မတကာဇိုင်းကို သတိပေး

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံမှ ၎င်း၏တပ်များ ယခုနှစ်ကုန်ပိုင်းတွင် ရုပ်သိမ်းဖွယ်အနေအထားအပေါ် သမ္မတဘားရက်အိုဘားမားက အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းအား သတိပေးပြောကြားလိုက်သည်။

မစ္စတာအိုဘားမားက လုံခြုံရေးသဘောတူညီချက် လက်မှတ်ရေးထိုးရန် ငြင်းဆန်နေသော မစ္စတာကာဇိုင်းထံသို့ ဖုန်းဖြင့်အသိပေးပြောကြားလိုက်သည်။ အဆိုပါ လုံခြုံရေးသဘောတူညီချက်ကို အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်မှ မထွက်ခွာမီ သဘောတူညီမှုရယူသင့်ကြောင်း အမေရိကန်တို့က အခိုင်အမာပြောကြားသည်။ အမေရိကန်က ၎င်း၏တပ်များကို တာလီဘန်အစိုးရဖြုတ်ချပြီး ၂၀၀၁ ခုနှစ်ကတည်းက အာဖဂန်နစ္စတန်၌ တပ်ဖြန့်ချထားခဲ့သည်။

၉/၁၁ တိုက်ခိုက်မှုအပြီး အမေရိကန်နှင့် အနောက်မဟာမိတ်များသည် တာလီဘန်အစိုးရကို ဖြုတ်ချရန်ဝင်ရောက်လာခြင်းဖြစ်သည်။ သို့သော်လည်း ယင်းသို့ဝင်ရောက်ပြီးကတည်းက အကြမ်းဖက်တိုက်ခိုက်မှု များနှင့် ရင်ဆိုင်နေရသည်။

နှစ်နိုင်ငံ လုံခြုံရေးသဘောတူညီချက်အပေါ် သဘောတူညီမှုမရရှိခြင်းသည် အမေရိကန်နှင့် တစ်ချိန်က အဓိကမဟာမိတ်ဖြစ်ခဲ့သော မစ္စတာကာဇိုင်းတို့အကြား ဆက်ဆံရေးမှာ ယိုယွင်းလာနိုင်ကြောင်း သတင်းထောက်များက ပြောသည်။

အဆိုပါလုံခြုံရေးစာချုပ်မှာ ၂၀၁၄ ခုနှစ်အလွန် အမေရိကန်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးနှင့်အကြမ်းဖက်မှုတိုက်ဖျက်ရေးမစ်ရှင်အဖြစ် ဆက်လက်ထားရှိရန်ဖြစ်သည်။ ယင်းစာချုပ်ကို နှစ်နိုင်ငံကာလအတန်ကြာ ဆွေးနွေးပြီး လွန်ခဲ့သည့်နှစ်က သဘောတူထားသော်လည်း မစ္စတာကာဇိုင်းက လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသည်။ မစ္စတာကာဇိုင်းက တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လက်မှတ်ရေးထိုးရန် ငြင်းဆိုထားသည်။ **(ဘီဘီစီ)**

ဗင်နီဇွဲလားသံတမန်သုံးဦးအား အမေရိကန်က နှင်ထုတ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

အမေရိကန်နှင့် ဗင်နီဇွဲလားနိုင်ငံတို့အကြား ဆက်ဆံရေးသည် ယိုယွင်းလာသည့်အလျောက် ဝါရှင်တန်က ဗင်နီဇွဲလားသံတမန်သုံးဦးကို နှင်ထုတ်လိုက်သည်။ ဗင်နီဇွဲလားနိုင်ငံက အမေရိကန်သံတမန်များကို ဖေဖော်ဝါရီ ၁၇ ရက်က နှင်ထုတ်ရန်ဆုံးဖြတ်ခဲ့ခြင်းအပေါ် တုံ့ပြန်သည့်အနေဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနကလည်း ဗင်နီဇွဲလားသံတမန်သုံးဦးအား အင်္ဂါနေ့က နှင်ထုတ်ခဲ့သည်။ အမေရိကန် သံတမန်များသည် ၎င်းအား ဖြုတ်ချရန် အကွက်ဆင်ထောက်ပံ့ပေးနေကြောင်း ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုက ပြောသည်။

ဗင်နီဇွဲလားသံတမန်များအနေဖြင့် ၄၈ နာရီအတွင်း အမေရိကန်မှ ထွက်ခွာမည်ဖြစ်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျင်းပါစကီက ပြောသည်။ ကာရာကာ့စ်နှင့် ဝါရှင်တန်တို့သည် ကွယ်လွန်သွားပြီဖြစ်သော သမ္မတ ဟူဂိုချာဗက်ဇ်က အမေရိကန်သံအမတ်ကြီး အသစ်ခန့်အပ်ထားရန် ငြင်းဆိုခဲ့ပြီးနောက် ၂၀၁၀ ခုနှစ်ကတည်းက သံအမတ်ကြီးအဆင့် ဆက်ဆံမှုမရှိခဲ့ပေ။ လွန်ခဲ့သည့်နှစ်က အမေရိကန် သံအမတ်ရှစ်ဦးကိုလည်း ကာရာကာ့စ်က နှင်ထုတ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

တရုတ်နှင့်ထိုင်ဝမ် ပိုမိုပူးပေါင်းဆောင်ရွက်မှုသဘောတူလက်မှတ်ထိုးမည်

ပေကျင်း ဖေဖော်ဝါရီ ၂၆

တရုတ်ပြည်မကြီးနှင့် ထိုင်ဝမ်အကြား စေ့စပ်ဆွေးနွေးပေးသူများက လာမည့် ကြာသပတေးတွင်ပြုလုပ်မည့် (၁၀) ကြိမ်မြောက် ဆွေးနွေးပွဲတွင် မိုးလေဝသနှင့် မြေငလျင်ဆိုင်ရာ ပူးပေါင်းမှုသဘောတူ စာချွန်လွှာကို လက်မှတ်ရေးထိုးကြရန် မျှော်လင့်ထားကြသည်ဟု တရုတ်ပြည်မဘက်မှ ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ယနေ့ပြောကြားလိုက်သည်။

ဆွေးနွေးမှုကို ကြာသပတေးနေ့၌ ထိုင်ဝမ်မြို့တော် တိုင်ပေ၌ ကျင်းပမည်ဟု ထိုင်ဝမ်ရေလက်ကြား ဖြတ်သန်းဆက်ဆံရေးအဖွဲ့ (ARATS) က ပြောကြားခဲ့သည်။ ထိုင်ဝမ်ရေလက်ကြား ဖြတ်သန်းဆက်ဆံရေးအဖွဲ့ (ARATS)နှင့် ထိုင်ဝမ်အခြေစိုက် ရေလက်ကြားများ အပြန်အလှန် ကူးသန်းမှုအဖွဲ့ (SEF)တို့၏ ယခုဆွေးနွေးမှုသည် ကိုးနှစ်ကြာရပ်ဆိုင်းထားပြီး ၂၀၀၈ ဇွန်လက ပြန်လည်စတင်သည့် ဆွေးနွေးပွဲ၏ (၁၀) ကြိမ်မြောက် ဆွေးနွေးမှုဖြစ်သည်။

မြေငလျင်တားဆီးမှုနှင့် ပြန်လည်နေရာချထားမှုတို့ကဲ့သို့သော မိုးလေဝသဆိုင်ရာ သဘာဝဘေးအန္တရာယ် သတိပေးမှုများ နှစ်ဦးနှစ်ဖက် စွမ်းရည်မြှင့်တင်ရေးကို သဘောတူညီရန် ရည်ရွယ်ထားကြသည်။

အဆိုပါ (၁၀)ကြိမ်မြောက် ဆွေးနွေးမှုသည် နှစ်ဖက်အကြား အပြန်အလှန်ယုံကြည်မှုနှင့် ရေလက်ကြားဒေသပေါင်းသင်း ဆက်ဆံရေးနွေးထွေးစေမှုတို့ကို နက်ရှိုင်းစေမည်ဖြစ်သည်။ လာမည့် (၁၁) ကြိမ်မြောက် ဆွေးနွေးမှုတွင်မူ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုများကို ဆွေးနွေးဖွယ်ရှိသည်ဟု သိရသည်။

၁၉၉၁ ခုနှစ် ၁၉၉၀ ပြည့်နှစ်တွင် တည်ထောင်ထားသော ARATSနှင့် SEF အဖွဲ့တို့သည် ရေလက်ကြားဒေသရေးရာများကို ကိုင်တွယ်ဖြေရှင်းရန် အခွင့်ရထားသည်။ **(ဆင်ဟွာ)**

ဗင်နီဇွဲလားနိုင်ငံရေး အရေးအခင်းဆွေးနွေးရန် ပနားမားနိုင်ငံမှ အဆိုပြု

ပနားမားစီးတီး ဖေဖော်ဝါရီ ၂၆

ဗင်နီဇွဲလားနိုင်ငံရေး အရေးအခင်းကို တွေ့ဆုံဆွေးနွေးရန်အတွက် အမေရိကန်နိုင်ငံများအဖွဲ့ (OAS)မှ နိုင်ငံခြားရေးဝန်ကြီးများအား ပနားမားနိုင်ငံက အင်္ဂါနေ့တွင် အဆိုပြုလိုက်သည်ဟု သိရသည်။

ပနားမားနိုင်ငံခြားရေးဝန်ကြီးဌာနက OAS အသင်းဝင်များအနေဖြင့် သဘောထားများပြောင်းလဲစေလိုကြောင်း၊ ရက်သတ္တပတ် နှစ်ပတ်ကြာ ပဋိပက္ခအား အဆုံးသတ်ကာ အစိုးရနှင့် အတိုက်အခံပါတီများအား မတူညီမှုများ ဆွေးနွေးဖြေရှင်းနိုင်ရန် အကူအညီပေးစေလိုကြောင်း ရည်ရွယ်ကာ အထက်ပါကဲ့သို့ အဆိုပြုခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

OAS ပဋိညာဉ်စာချုပ်အရ အဖွဲ့ဝင်နိုင်ငံများက လတ်တလောအရေးပေါ် အခြေအနေဖြစ်ပျက်နေသော အခြေအနေများအား တွေ့ဆုံဆွေးနွေးကာ ဖြေရှင်းရမည်ဖြစ်သည်။ ယမန်နေ့က ဥရုဂွေးသမ္မတကလည်း ဗင်နီဇွဲလားနိုင်ငံ၌ လူပေါင်းများစွာသေကျေပျက်စီးပြီး များစွာဒဏ်ရာရရှိခဲ့သည့် ပဋိပက္ခကို အဆုံးသတ်စေရန် အရေးပေါ်လှုပ်ရှားမှုအဖြစ် ဆွေးနွေးရန် ကမ်းလှမ်းမှုပြုခဲ့သည်။ **(ဘီဘီစီ)**

ဂျော်ဒန်သို့ပို့သည့် ဓာတ်ငွေ့ပိုက်လိုင်း စစ်သွေးကြွများဖောက်ခွဲ

ဆိုင်းနိုင်း ဖေဖော်ဝါရီ ၂၆

အီဂျစ်မြောက်ပိုင်း ဆိုင်းနိုင်းကျွန်းဆွယ်၌ စစ်သွေးကြွများက ဂျော်ဒန်သို့ ပို့လွှတ်သည့်ဓာတ်ငွေ့ပိုက်လိုင်းကို ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများက ပြောသည်။

အင်္ဂါနေ့နှောင်းပိုင်းက ဖြစ်ပွားခဲ့သော အဆိုပါတိုက်ခိုက်မှုသည် ယခုနှစ်အတွင်း ဆိုင်းနိုင်းကျွန်းဆွယ်၌ ဖြစ်ပွားခဲ့သော လေးခုမြောက်တိုက်ခိုက်မှုဖြစ်သည်။

အဆိုပါစစ်သွေးကြွများသည် လိချ်ဖန်းဒေသ အယ်လ်အရစ်မြို့အောက်၌ ဓာတ်ငွေ့ပိုက်လိုင်းကို ဗုံးထောင်ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။ အခင်းဖြစ်ပွားရာဒေသသို့ မီးသတ်ယာဉ်များနှင့် လူနာတင်ယာဉ်များ ချက်ချင်းစေလွှတ်ပေးပြီး လူနာများအား နီးစပ်ရာဆေးခန်းများသို့ ပို့ပေးခဲ့သည်။ **(ဘီဘီစီ)**

လေယာဉ်ပျက်ကျမှု အကြောင်းကြားရန်ပျက်ကွက်သဖြင့် အေရှာနာလေကြောင်းလိုင်း ဒဏ်ရိုက်ခံရ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၆

ပြီးခဲ့သည့် ဇူလိုင်လက ကိုရီးယားအခြေစိုက် အေရှာနာလေကြောင်းလိုင်းပိုင် လေယာဉ်သည် ဆန်ဖရန်စစ္စကို အပြည်ပြည်ဆိုင်ရာလေဆိပ်အရောက်ပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါရှိသောခရီးသည် မိသားစုဝင်များကို အကြောင်းကြားရန် ပျက်ကွက်ခြင်းသည် ဖက်ဒရယ်ဥပဒေကို ချိုးဖောက်ရာရောက်သဖြင့် အမေရိကန်ဒေါ်လာ ၅၀၀၀၀၀ ကို ဒဏ်ကြေးပေးဆောင်ရမည်ဟု အမေရိကန်သယ်ယူပို့ဆောင်ရေးဌာန (DOT)က အင်္ဂါနေ့က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အဆိုပါလေကြောင်းလိုင်းအနေဖြင့် နောက်နောင်ယခုကဲ့သို့ ဥပဒေချိုးဖောက်မှုများကို ရှောင်ကြဉ်ရန်လည်း သတိပေးခဲ့ပြီး ၎င်းဌာနသည် ယင်းဥပဒေနှင့်ပတ်သက်ပြီး ဒဏ်ရိုက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်။

အေရှာနာလေကြောင်းလိုင်းသည် ပျက်ကျမှုဖြစ်ပွားခဲ့သည့်ရက်အတွင်း ခရီးသည်များ၏ မိသားစုများကို ဆက်သွယ်ရန်ပျက်ကွက်ခဲ့ကြောင်း၊ ယေဘုယျအားဖြင့် ၎င်းလေကြောင်းလိုင်းသည် ခရီးသည်များ၏ မိသားစုဝင်များကို ဆက်သွယ်နိုင်ရန်အတွက် အခမဲ့ပြောဆိုနိုင်သော သီးသန့်ဖုန်းလိုင်းထားရှိသင့်ကြောင်း အဆိုပါဌာနက ပြောသည်။

ယင်းလေကြောင်းလိုင်းသည် ခရီးသည် လေးပုံသုံးပုံ၏ မိသားစုများကို နှစ်ရက်မြောက်နေ့ရောက်မှပင် ဆက်သွယ်မှုပြုလုပ်နိုင်ခဲ့သည်။ ခရီးသည်အများစု၏ မိသားစုဝင်များကိုမူ လေယာဉ်ပျက်ကျပြီး ငါးရက်မြောက်အထိ ဆက်သွယ်မှုမပြုလုပ်ရသေးကြောင်း ၎င်းဌာနကပင် ဆက်လက်ပြောကြားခဲ့သည်။

အေရှာနာ ၂၁၄ လေယာဉ်သည် ၂၀၁၃ ခုနှစ် ဇူလိုင် ၆ ရက်က ဆိုးလ် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဆန်ဖရန်စစ္စကိုလေဆိပ်သို့ ပျံသန်းခဲ့ရာ မြေပြင်သို့ဆင်းသက်စဉ် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ခရီးသည် ၂၉၁ ဦးအနက် တရုတ်နိုင်ငံသား ၁၄၁ ဦးပါကြောင်း သိရသည်။ **(ဆင်ဟွာ)**

၂၀၁၃ ဇူလိုင်လအတွင်းက ပျက်ကျခဲ့သော အေရှာနာလေကြောင်းလိုင်းပိုင် ပျက်ကျလေယာဉ်ကို တွေ့ရစဉ်။

ပြည်တွင်းသတင်း

အငှားယာဉ်မောင်းအား ရိုက်နှက်ထိုးကြိတ်ပြီး အငှားယာဉ်ကို ဖျက်ဆီးခဲ့သည့် ပြစ်မှုကျူးလွန်သူများကို ပြိုင်ကားများနှင့်အတူ မိဘအုပ်ထိန်းသူများက လာရောက်အပ်နှံ

ထက်အောင်လှ၊ ကိုကိုနိုင်၊ ကောင်းစည်သူ၊ ဝေယံလင်း၊ ဇာနည်ထက်ဝေ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ကိုသက်ဇော်ဝင်း မောင်းနှင်သည့် အငှားယာဉ်ကို ပြိုင်ကားများက ကျော်တက် ပိတ်ရပ်ကာ ယာဉ်ပေါ်ပါ ယာဉ်မောင်းနှင့် ခရီးသည် ကိုအင်ထိတ်ကြန့်တို့ကို ရိုက်နှက်ထိုးကြိတ်စဉ် အငှားယာဉ်ကို ထုရိုက်ခဲ့သဖြင့် လှိုင်မြို့မရဲစခန်းက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မအရ အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများနှင့် ပြိုင်ကားများ ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်ခဲ့သည်။

ထိုသို့ စုံစမ်းဆောင်ရွက်နေစဉ် ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသည့် ကိုကိုနိုင် မောင်းနှင်ခဲ့သော ၉ဂ/---- NISSAN FAIRLADY အဖြူရောင် ပြိုင်ကားကို ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၂ နာရီ ၅၀ မိနစ်တွင် မရမ်းကုန်းမြို့နယ် (၆) ရပ်ကွက် တော်ဝင်ချယ်ရီအိမ်ရာ၌ ရပ်ထားသည်ကို တွေ့ရှိခဲ့သဖြင့် သိမ်းဆည်းခဲ့ပြီး ဖေဖော်ဝါရီ ၂၁ ရက် ည ၁၀ နာရီ ၄၅ မိနစ်တွင် ကိုထက်(ခ) ဇာနည် (ခ) ဇာနည်ထက်ဝေ မောင်းနှင်ခဲ့သော YGN 3G/---- (V 300 ARISTO) အဖြူရောင် ပြိုင်ကားကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၆နာရီ၌ တွင် ဝေယံလင်း မောင်းနှင်ခဲ့သော ၅ဃ/---- MAZDA RX-8 ခဲပုပ်ရောင် ပြိုင်ကားကိုလည်းကောင်း ၎င်းတို့၏ မိဘအုပ်ထိန်းသူများက လှိုင်မြို့မ ရဲစခန်းသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူများနှင့် ကျန်ရှိနေသေးသော ပြိုင်ကားများ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅ နာရီ ၁၀ မိနစ်တွင် ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသည့် ထက်အောင်လှ မောင်းနှင်ခဲ့သော YGN 4C/---FRAND CHIEROKEE JEEP အနက်ရောင်ယာဉ်နှင့် ကောင်းစည်သူ မောင်းနှင်ခဲ့သော MDY 7C/---- NISSAN FAIRDALY 350 Z ခဲပုပ်ရောင် ပြိုင်ကားတို့ကို မိဘအုပ်ထိန်းသူများက လှိုင်မြို့မ ရဲစခန်းသို့ ပို့ဆောင်အပ်နှံပေးခဲ့ကြသည်။

ပြစ်မှုကျူးလွန်သူများ ဖြစ်ကြသော ကိုကိုနိုင်(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ကိုထက်(ခ) ဇာနည်(ခ) ဇာနည်ထက်ဝေ(၂)ရပ်ကွက် မရမ်းကုန်းမြို့နယ်၊ ဝေယံလင်း (၂) ရပ်ကွက် လှိုင်မြို့နယ်၊ ထက်အောင်လှ (၇)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်၊ ကောင်းစည်သူ (၅)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် နေသူတို့ကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများက လှိုင်မြို့မ ရဲစခန်းသို့ ပို့ဆောင်ပေးအပ်ခဲ့သဖြင့် ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၆နာရီ ၅ မိနစ်တွင် ၎င်းတို့အား စစ်ဆေးလျက်ရှိသည်။

ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့ကြသည့် ယာဉ်များ။

ယခုအမှုနှင့်ပတ်သက်၍ ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်နှင့်အညီ ပြည်သူများက သတင်းပေးခဲ့၍ လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများ၏ မိဘ အုပ်ထိန်းသူများကလည်း သက်ဆိုင်ရာ ရဲစခန်းသို့ ကြိုတင်ညှိနှိုင်းပြီး လာရောက်အပ်နှံပေးခဲ့၍လည်းကောင်း အမြန်ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၏ ညွှန်ကြားမှုနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က ယခုကဲ့သို့ ပြစ်မှုကျူးလွန်သူများ၏ သတင်းများ အပေါ် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက် ဖော်ထုတ်နိုင်ခဲ့မှုသည် ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် အကောင်အထည် ဖော်ဆောင်နေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုကို မိဘပြည်သူများ အနေဖြင့် ယုံကြည်ကိုးစားမှု ရှိလာခြင်းဖြစ်သောကြောင့် ဥပဒေကို လေးစား လိုက်နာရမည်ဆိုသည့် အသိတရားနှင့်ယှဉ်၍ ယခုကဲ့သို့ ပြိုင်ကားမောင်းနှင်သူများ၏ မိဘများကိုယ်တိုင် လှိုင်မြို့မရဲစခန်းသို့ ပြိုင်ကားများနှင့်အတူ မိမိတို့၏ သားများကို လာရောက်အပ်နှံပေးခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့တို့ကလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ထားရှိပါကြောင်း သိရသည်။

တိုက်တွန်း

နောင်တွင်လည်း မိဘပြည်သူများက မိမိတို့၏ သားသမီးများ၏ ဘဝရှေ့ရေး ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်း၍ ယခုကဲ့သို့ တစ်ဖက်တစ်လမ်းမှ ပူးပေါင်းကူညီမှုပေးကာ ပြည်သူများ အားလုံး စည်းကမ်းရှိစွာ သွားလာနေထိုင်ကြရေး ဥပဒေဘောင်အတွင်းမှ ဝိုင်းဝန်း ဆောင်ရွက်ပေးကြစေလိုပါကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က တိုက်တွန်းထားသည်။

(ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့)

အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ခြင်းဖြင့် တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်လာအောင်ဖော်ဆောင်

လွိုင်ကော် ဖေဖော်ဝါရီ ၂၆

ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး /ပြည်နယ်တရားရေးဦးစီးမှူးများ၊ ခရိုင်တရားသူကြီးများ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီက ကယားပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်လင်းမောင်က ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အထိ ကျင်းပသော ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်က တရားရုံးများ၌ လောကပါလတရား ထွန်းကားနိုင်ရေးအတွက် တရားသူကြီးများက အဂတိမလိုက်စားဘဲ မှန်ကန်မျှတစွာ တရားစီရင်ရန် လိုအပ်ကြောင်း၊ မှန်ကန်မျှတစွာ တရားစီရင်ကြမှသာ ပြည်သူများက တရားစီရင်ရေးစနစ်ကို အားကိုးယုံကြည်လာမည်ဖြစ်ကြောင်း၊ တရားသူကြီးများက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စု တရားစီရင်ရေးဥပဒေပါ တရားစီရင်ရေးဆိုင်ရာမူများကို အလေးထား လိုက်နာ၍ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ကြရန်၊ လာဘ်ပေး လာဘ်ယူမှုများနှင့် စပ်လျဉ်းပြီး စစ်ဆေးခွင့် တောင်းခံလာပါက ပြည်ထောင်စု တရားလွှတ်တော်ချုပ်မှ ခွင့်ပြုပေးသွားမည်ဖြစ်၍ တရားရုံးနှင့် တရားရုံးပတ်ဝန်းကျင်မှာ လာဘ်ပေး လာဘ်ယူမှု၊ အဂတိလိုက်စားမှု ကင်းရှင်းပပျောက်စေရန်အတွက် အထူးဂရုပြု၍ စီမံကွပ်ကဲကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း လမ်းညွှန် မှာကြားချက်နှင့် ပြည်ထောင်စုတရားလွှတ်တော် တရားသူကြီးများ၏ လမ်းညွှန်မှာကြားချက်၊ တရားရုံးအဆင့်ဆင့်မှ လိုက်နာ ဆောင်ရွက်ရမည့် ဆောင်ရွက်ရန် အချက်များကို ထပ်ဆင့်ရှင်းလင်း မှာကြားသည်။

ကယားပြည်နယ် တရားရေးဦးစီးမှူး ဦးကိုကိုဦးက ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် UNDP မြန်မာ၊ အပြည်ပြည်ဆိုင်ရာဥပဒေ ပညာရှင်များအဖွဲ့ ICJ တို့ ပူးပေါင်းကျင်းပသည့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်မှုနှင့် ဂုဏ်သိက္ခာရှိမှုတို့၏ အခန်းကဏ္ဍ ဆွေးနွေးပွဲအတွေ့အကြုံများ ရှင်းလင်းတင်ပြသည်။

ထပ်ဆင့်ရှင်းလင်းပွဲသို့ ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးများနှင့် ကယားပြည်နယ် တရားလွှတ်တော်အတွင်း တာဝန်ထမ်းဆောင်နေကြသော တရားရေး အရာရှိ ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

တင်မောင်သန်း

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း လက်ပံတောင်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်သူဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ရောက်ရှိနေသော လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက် ၈ နာရီတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ(CSD)ဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ဆားလင်းကြီးမြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စု ထန်းတောကြီး/ရုံးပင်ရိုးကျေးရွာအခြေခံပညာမူလတန်းကျောင်း ပညာဗိမာန်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း၊ တောင်ပလူကျေးရွာအခြေခံပညာမူလတန်းကျောင်း ပညာရတနာကျောင်းဆောင်သစ် **(ယာပုံ)** ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း တက်ရောက်ချီးမြှင့်သည်။

ပညာဗိမာန် ကျောင်းဆောင်သစ်သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ ရှိအုတ်ညှပ်တစ်ထပ်အဆောက်အအုံဖြစ်ပြီး ပညာရတနာကျောင်းဆောင်သစ်သည် အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ အုတ်ညှပ်တစ်ထပ် အဆောက်အအုံဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ(CSD)ငွေကျပ်သိန်း ၃၀၀ စီ အကုန်အကျခံ၍ တည်ဆောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆားလင်းကြီးမြို့နယ် တောင်ပလူကျေးရွာ ယာယီတိုက်နယ်ဆေးရုံ တိုးချဲ့ပြုပြင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ညောင်ပင်ကြီး လျှပ်စစ် မြစ်ရေတင်လုပ်ငန်း၏ အကြိုစမ်းသပ် မြစ်ရေတင်ခြင်း လုပ်ငန်းနှင့် ပုသိမ်-မုံရွာ ကားလမ်းဘေးရှိ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ညောင်ပင်ကြီး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းသည် မိုးကြိုးပြင်ကျေးရွာအုပ်စု၊ ဖောင်းကားကျေးရွာအုပ်စုနှင့် ကံကုန်း-ဒုံးတော ကျေးရွာများသို့ စိုက်ပျိုးရေ ဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး ရေသောက်ဧရိယာ လယ်ယာစိုက်ပျိုးမြေဧက ၁၂၀၀ နှင့်အခြားစိုက်ပျိုးမြေဧက ၈၈၀၀ တို့ကို အကျိုးပြုနိုင်မည်ဖြစ်ပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးပါက လက်ပံတောင်းတောင်ပတ်ဝန်းကျင်ဒေသကျေးရွာများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန UNESCO နှင့် Open Society Foundation တို့ ပူးပေါင်း၍ တက္ကသိုလ်များပေါင်းစည်းရေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ပညာရေးဝန်ကြီးဌာန UNESCO နှင့် Open Society Foundation တို့ ပူးပေါင်း၍ တက္ကသိုလ်များပေါင်းစည်းရေးဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ်စိန်ရတုခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ UNESCO-Bangkok, Asia & Pacific Regional Bureau for Education မှ ဒါရိုက်တာ Dr.Gwang-Jo Kim က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာကိုကိုဦး၊ ဖိတ်ကြားထားသော ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရလူမှုရေးဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနအသီးသီးရှိ တက္ကသိုလ်ဒီဂရီကောလိပ်များမှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများနှင့်ဌာနမှူးများ၊ ပညာရေးမြှင့်တင်မှု ကော်မတီအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့မှဖိတ်ကြားထားသူများ၊ UNESCO နှင့် Open Society Foundation တို့မှ တာဝန်ရှိသူများ၊ UNESCO မှ ဖိတ်ကြားထားသည့် အရပ်ဘက်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နိုင်ငံတကာ၌ အဆင့်မြင့်ပညာရေးကို မည်ကဲ့သို့ ကျစ်လျစ်ခိုင်မာ တောင့်တင်းအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတကာမှ ပညာရှင်ခြောက်ဦးက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကိုရီးယား၊ ဗြိတိန်၊ အရှေ့ဥရောပနိုင်ငံများ၊ ဟောင်ကောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မလေးရှားနှင့် ထိုင်းနိုင်ငံများရှိ တက္ကသိုလ်များ ထူထောင်ခြင်းနှင့် ပတ်သက်သော အတွေ့အကြုံများကို အဓိကထားဆွေးနွေးကြသည်။

ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာနိုင်ငံရှိ အဆင့်မြင့်ပညာသင်တက္ကသိုလ်များ တွေ့ကြုံရသည့်အခြေအနေများနှင့်ပတ်သက်၍ စာတမ်းတင်သွင်းသွားမည့်အပြင် မြန်မာနိုင်ငံ၏ တက္ကသိုလ်များ ပေါင်းစည်းရေးဆိုင်ရာ ရှေ့ဆက် ဖော်ဆောင်သွားမည့်လုပ်ငန်းများနှင့်ပတ်သက်၍ အဖွဲ့လိုက်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

တက္ကသိုလ်များ ပေါင်းစည်းရေးဆွေးနွေးပွဲသည် မြန်မာနိုင်ငံ တက္ကသိုလ်များအတွက် အကျိုးများစွာရှိသော ဆွေးနွေးပွဲအဖြစ် တက်ရောက်လာသူများနှင့် ပညာရှင်များက ယူဆထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများကပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

ပဲခူးတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့် မြေများပါဝင်ခြင်း ရှိ/မရှိကို စုံစမ်းနိုင်ကြောင်း၊ ပါဝင်ပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသော အထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	ပဲခူးတိုင်းဒေသကြီး မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၂၁၂၆၈
၂	ပဲခူးခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၂၁၂၃၅
၃	တောင်ငူခရိုင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၄-၂၃၀၁၈
၄	ပြည်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန	၀၅၃-၂၄၂၄၈
၅	သာယာဝတီခရိုင်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၅-၃၀၀၈၈
၆	ပဲခူးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၂၁၂၃၇
၇	ကျောက်တံခါးမြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၆၀၀၁၈
၈	ညောင်လေးပင်မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၅၀၀၀၂
၉	ရွှေကျင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၄၂၀၀၈
၁၀	ဒိုက်ဦးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၄၀၀၀၁
၁၁	ဝေါမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၇၅၀၄၄
၁၂	ကဝမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၂-၈၀၁၅၁
၁၃	သနပ်ပင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၂၈၁၇၉၃၂၉
၁၄	တောင်ငူမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၂၃၀၂၆

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁၅	ရေတာရှည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၈၀၀၃၅
၁၆	ထန်းတပင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၈၂၀၀၃
၁၇	အုတ်တွင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၄၆၀၀၂
၁၈	ဖြူးမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၄၀၀၄၁
၁၉	ကျောက်ကြီးမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၄-၄၉၁၁၅
၂၀	ပြည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၂၄၁၆၇
၂၁	ပေါက်ခေါင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၄၅၀၀၁
၂၂	ပန်းတောင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၄၀၀၁၆
၂၃	ပေါင်းတည်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၃၈၀၀၅
၂၄	သဲကုန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၆၂၀၀၇
၂၅	ရွှေတောင်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၅၅၀၃၉
၂၆	အုတ်ဖိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၈၀၀၁၄
၂၇	ကြို့ပင်ကောက်မြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၅၀၀၀၉
၂၈	ဇီးကုန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၃၄၀၀၄
၂၉	နတ်တလင်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၃၆၀၀၇
၃၀	သာယာဝတီမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၅-၃၀၀၃၆
၃၁	လက်ပံတန်းမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၃၂၀၃၆
၃၂	မင်းလှမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၃၀၀၃၆
၃၃	မိုးညိုမြို့နယ် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၃-၈၃၀၁၅

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်

စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ် Lee Kuan Yew School of Public Policy မှ Master in Public Policy(MPP) ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

ယင်းသို့တွေ့ဆုံရာတွင် အမျိုးသား လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ အမျိုးသား လွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ လွှတ်လပ်ရေးရရှိချိန်မှ ယနေ့ကာလ အချိန်အထိ ဖြစ်ပေါ်ပြောင်းလဲမှုများနှင့် လွှတ်တော်၏ဥပဒေပြုရေးဆိုင်ရာ ဆောင်ရွက်ချက်များအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် စင်ကာပူနိုင်ငံ အမျိုးသားတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့သည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

နိုင်ငံတော်၏သယံဇာတများ တရားမဝင်ခိုးထုတ်ရောင်းချနေမှုများကို ဥပဒေနှင့်အညီအရေးယူရန် ဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **ရွှေလုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများမှ ရွှေအကြွေးကျန်များ ဆက်လက်ရရှိရေးကို နည်းလမ်း (၄) သွယ်ဖြင့် ဆောင်ရွက်ရာတွင် ဖြေရှင်း၍မရနိုင်သော ကုမ္ပဏီများဆိုသည်မှာ မည်သို့သော အကြောင်းကြောင့်ဖြစ်သည်ကို သိလိုသည့်** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က နယ်မြေမငြိမ်းချမ်းရာဒေသများတွင် ရွှေကြွေးကျန် ဖြစ်ပေါ်နေသော ကုမ္ပဏီများအား ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး နယ်မြေမငြိမ်းချမ်းကြောင်း၊ သက်ဆိုင်

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြေကြားစဉ်။ (သတင်းစဉ်)

ရာဒေသအစိုးရအဖွဲ့၏ ထောက်ခံချက်ဖြင့် ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်း၊ ဌာနနှင့်ဆက်သွယ်၍မရရှိသောကုမ္ပဏီများအား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနနှင့် ညှိနှိုင်းအတည်ပြု၍ ယင်းကုမ္ပဏီများ၏ ရွှေကြွေးကျန်များအား စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး ရွှေကြွေးကျန်စာရင်းမှ ပယ်ဖျက်ခွင့်ပြုခြင်း၊ ရွှေပေးသွင်းရန်ကျန်ကုမ္ပဏီအချို့မှ အချို့တစ်ဝက် ပေးသွင်းထားသော ကုမ္ပဏီများမှ ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေး အဖွဲ့များဖြင့် စစ်ဆေး၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အကျေပေးသွင်းရန် တောင်းခံသွားမည်ဖြစ်ပြီး ပေးသွင်းခြင်းမရှိသော ကုမ္ပဏီများအား သက်ဆိုင်ရာတရားရုံးများတွင် အမှုဖွင့် အရေးယူဆောင်ရွက်ခြင်း၊ လုံးဝပေးသွင်းခြင်းမရှိသောကုမ္ပဏီများ၏ ပေးသွင်းရမည့် ရွှေကြွေးကျန်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးပြီး ကုမ္ပဏီများအား သက်ဆိုင်ရာတရားရုံးများတွင် အမှုဖွင့် အရေးယူ ဆောင်ရွက်ခြင်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ထားသည့်

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ မေးမြန်းစဉ်။

(သတင်းစဉ်)

အတွက်ကြောင့် သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရွှေကြွေးကျန်များအတွက် ဖြေရှင်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၂)သတ္တုတွင်းလုပ်ငန်းမှ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသို့ ကုမ္ပဏီသက်တမ်း ရှိ/မရှိ (သို့မဟုတ်) ဖျက်သိမ်းပြီး/မပြီး ပြန်ကြားပေးပါရန် အကြောင်းကြားခဲ့ခြင်းအပေါ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီ ၃၄ ခုမှာ သက်တမ်းကုန်ဆုံး၍ သက်တမ်းတိုးတင်ပြခြင်းမရှိပါကြောင်းနှင့် ကုမ္ပဏီတစ်ခုမှာ ဖျက်သိမ်းပြီးဖြစ်ကြောင်းကို ပြန်ကြားခဲ့ပါကြောင်း၊ အဆိုပါကုမ္ပဏီ ၃၅ ခုအား ရွှေကြွေးကျန်ကိစ္စအတွက် ဌာနနှင့် တစ်ပတ်အတွင်း ဆက်သွယ်ရန်နှင့် ဆက်သွယ်မှုမရှိပါက အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို နိုင်ငံတော်ပိုင်သတင်းစာများတွင် အသိပေးထည့်သွင်းကြေညာခဲ့သော်လည်း လာရောက်ဆက်သွယ်မှု မရှိခဲ့ပါကြောင်း၊ အမှတ် (၂) သတ္တုတွင်းလုပ်ငန်းအနေဖြင့် သက်ဆိုင်ရာကုမ္ပဏီများမှ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၏ ကုမ္ပဏီမှတ်ပုံတင်ပါ နေရပ်လိပ်စာများသို့ လိုက်လံဆက်သွယ်၍တောင်းခံလျက်ရှိပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၏ **မြန်မာနိုင်ငံမှ သယံဇာတများကို တစ်ဖက်နိုင်ငံသို့ တရားမဝင် ထုတ်ယူနေမှုများအပေါ် တာဝန်မဲ့ဆောင်ရွက်နေသည့် ဝန်ထမ်းများအား မည်ကဲ့သို့အရေးယူမည်နှင့် ဆုံးရှုံးခဲ့သည့် နိုင်ငံပိုင်သယံဇာတများအား မည်ကဲ့သို့အရေးယူမည်နှင့် ဆုံးရှုံးခဲ့သည့် နိုင်ငံပိုင်သယံဇာတများနှင့် ပတ်သက်၍ တရားမဝင်ခိုးထုတ်သွားသည့် ကုမ္ပဏီများထံမှ ပြန်လည်ရရှိရေးဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်သယံဇာတပစ္စည်းများကို တစ်ဖက်နိုင်ငံသို့ တရားမဝင်ထုတ်ယူမှု မရှိစေရေးအတွက် နယ်မြေခံတပ်မတော် စစ်ကြောင်းများ၊ ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ပိတ်ဆို့ရှာဖွေစစ်ဆေးအရေးယူလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသတွင် တရားမဝင် လုပ်ကိုင်သယ်ယူပို့ဆောင်မှုများအပေါ် တားဆီးကာကွယ်

စာမျက်နှာ ၁၀ သို့

အမျိုးသားလွှတ်တော်အစည်းအဝေး

လယ်မဲ့မြေကြီးများဥပဒေနှင့် လယ်နှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းများ လွှတ်တော်ကအတည်ပြု

နေပြည်တော် ဖေဖော်ဝါရီ ၂၆

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးမြန်းချက်များနှင့် စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက ရှင်းလင်းဖြေကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးသက်နိုင်ဦး၏ **"ဖြူးမြို့နယ် ဇေယျဝတီမြို့ မြောက်ဘက်နှင့် တောင်ဘက်ရှိ လယ်ယာမြေများပေါ်တွင် သာသနာရေးအဆောက်အအုံနှင့် အိမ်ရာခြံမြေများ သတ်မှတ်ပြီး အဆောက်အအုံများ ဆောက်လုပ်နေခြင်းသည် မည်သည့်ဥပဒေ၊ မည်သည့်နည်းဖြင့် သတ်မှတ်ဆောက်လုပ်ခွင့်ပေးထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်မြောက်ဘက် (ဇေယျဝတီ) ကစ္စနား ဘုရားရှိခိုးကျောင်းအဖြစ် အသုံးပြုထားသောမြေသည် လင်းယောခင်ကျေးရွာ တိုးချဲ့ရွာမြေအဖြစ် အသုံးပြုရန် ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ခွင့်ပြုမိန့်ချထားသည့် ရွာမြေအတွင်းဖြစ်ပါကြောင်း။

ဖြူးမြို့နယ်တောင်ဘက်(ဇေယျဝတီ)ခေတ်ဆီဆိုင်အနီး ခြံခတ်အဆောက်အအုံငယ် အပါအဝင် အခြားလူနေအိမ်အဆောက်အအုံများ ဆောက်လုပ်ထားသော မြေနေရာသည် ဇေယျဝတီကျေးရွာ တိုးချဲ့ရွာမြေအတွင်းဖြစ်ပါကြောင်း၊ အဆိုပါ ဇေယျဝတီကျေးရွာ တိုးချဲ့ရွာမြေ ၇ ဒသမ ၃၁ ဧကအား ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ခွင့်ပြုမိန့်ချထားပေးခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးကျွန်ခဲန်း၏ **"ဖလမ်းမြို့နယ် ခေါ်ပွာလ်ကျေးရွာဘေးမှ မဏိပူရမြစ်သို့စီးဆင်းသော လုံးလွေချောင်းမှ ရေအားလျှပ်စစ်ထုတ်လုပ်ကာ အနီးအနားရှိ ကျေးရွာပေါင်း ၁၈ ရွာခန့်အား လျှပ်စစ်မီးဖြန့်ဝေပေးရန် အစီအစဉ်ရှိ/ မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်တွင် ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသော ကျေးလက်မီးလင်းရေး လုပ်ငန်း

သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြေကြားစဉ်။ (သတင်းစဉ်)

မှာ ရွာတစ်ရွာ၊ ချောင်းတစ်ချောင်း အနေအထားဖြင့် တစ်ပိုင်တစ်နိုင် အသေးစားကျေးလက်ရေအားလျှပ်စစ်လုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ရွာ ၁၈ ရွာ၊ အိမ်ခြေပေါင်း ၁၀၀၀ ခန့်အား လျှပ်စစ်မီး ဖြန့်ဝေပေးမည့်ကိစ္စမှာ လုပ်ငန်းပမာဏကြီးမားပြီး ကုန်ကျစရိတ်များပြားနိုင်ပါကြောင်း၊ လုပ်ငန်းပမာဏကြီးမားသည့်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန (ရုံးချုပ်)မှ ပထမဦးစွာ အသေးစိတ်အချက်အလက်များကို ကွင်းဆင်းတိုင်းတာရမည် ဖြစ်ပါကြောင်း၊ ၎င်းတိုင်းတာရရှိသည့် အချက်အလက်များအပေါ်မူတည်၍ စက်ရုံတည်ဆောက်ခြင်း၊ ဓာတ်အားပေးလိုင်းများတည်ဆောက်ခြင်း အစရှိသည့်ကုန်ကျစရိတ်များကို အသေးစိတ်တွက်ချက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ခန့်မှန်းခြေကုန်ကျစရိတ်စာရင်းရရှိမှသာ ပြည်ထောင်စုအစိုးရ၏ဘတ်ဂျက်ရန်ပုံငွေ ခွဲဝေခွင့်ပြုပေးနိုင်မှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

အတည်ပြု

အစည်းအဝေးတွင် **လယ်မဲ့မြေကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **လယ်နှင့် တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့် ပတ်သက်၍ ပြင်ဆင်ချက်များကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုဆောင်ရွက်ပြီး ယင်းဥပဒေကြမ်းနှစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ အစီရင်ခံစာ(၁/၂၀၁၄)ကို ကော်မတီ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးသက်နိုင်ဦး မေးမြန်းစဉ်။ (သတင်းစဉ်)

ဥက္ကဋ္ဌ ဦးအောင်ငြိမ်းနှင့် အတွင်းရေးမှူး ဦးမှတ်ကြီးတို့က လွှတ်တော်သို့ ဖတ်ကြားတင်သွင်းခဲ့သည်။

အဆိုပါ အစီရင်ခံစာတွင် ပါရှိသည့် ကော်မတီ၏အကြံပြုချက်၌ ကော်မတီက ပေးပို့သောအမှုတွဲများကို တိကျမှန်ကန်စွာဖြင့် ဆောလျင်စွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုက အားကိုးသော ကောင်းမွန်သည့်အုပ်ချုပ်မှု ဖြစ်ပေါ်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကူးပြောင်း အကောင်အထည်ဖော်နေသည့် အချိန်ကာလတွင် ကော်မတီသို့ တိုင်ကြားလာသော တိုင်ကြားစာများတွင် လာဘ်ပေးလာဘ်ယူမှုကိစ္စရပ်များ တိုင်ကြားထားသည်ကို တွေ့ရှိရသည့်အတွက် လာဘ်ပေးလာဘ်ယူမှုပပျောက်စေရန် စီမံဆောင်ရွက်နိုင်မှသာ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်မည်ဖြစ်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုက်တွန်းအပ်ပါကြောင်း။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၇) ကော်လံ ၅-၆ တွင် ဖော်ပြထားသော ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(အစား) ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ပါတီမှ ပအိုဝ်းတိုင်းရင်းသား ၆၃ ဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

✻ ရှေ့ဖုံးမှ

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက လေယာဉ်ကြီးများဆင်းသက်နိုင်ရန်အတွက် ညောင်ဦးလေယာဉ်ကွင်းကို တိုးချဲ့ပါက လေယာဉ်ကြီးများ ဆင်းတက်သဖြင့် ဖြစ်ပေါ်လာမည့်တုန်ခါမှုက ရှေးဟောင်းအမွေအနှစ်များအား ထိခိုက်နိုင်မှု ရှိ/ မရှိကို ပညာရှင်များဖြင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ရန်၊ ဟိုတယ်များတိုးချဲ့ဆောက်လုပ်ရာတွင် ယဉ်ကျေးမှုဒေသကို ထိခိုက်ခြင်းမရှိအောင် မြို့ပြစီမံကိန်းစနစ်တကျရေးဆွဲဆောင်ရွက်ရန်၊ ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ယူနက်စကိုသို့တင်ပြရာတွင် စည်းမျဉ်း၊စည်းကမ်းများနှင့်ကိုက်ညီမှု ရှိ/ မရှိ စိစစ်ဆောင်ရွက်ရန်နှင့် ကမ္ဘာလှည့်ခရီးသည်များအား ဘုရားပုထိုးများပေါ်သို့ တက်ရောက်ခွင့်ပြုရာ၌ စနစ်တကျ စည်းကမ်းသတ်မှတ်၍ ခွင့်ပြုရန် ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အာနန္ဒာစေတီတော်သို့ ရောက်ရှိပြီး စေတီတော်ရှိ ကဿပဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုကာ အလှူငွေများ လှူဒါန်းသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံမှ ပညာရှင်များဖြင့် အာနန္ဒာစေတီတော်အတွင်းရှိ နံရံဆေးရေးပန်းချီများ ပြန်လည်ဖော်ထုတ်နေမှုနှင့် စေတီတော်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ပုဂံမြို့အဝင် သရပါတံခါးနှင့် အနော်ရထာမင်းကြီးနှင့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၌ ဂေါပကအဖွဲ့ဝင်များအား အလှူငွေပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းအား Jardine Matheson Group ဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်း အား ယမန်နေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ် တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ Jardine Matheson Group ဥက္ကဋ္ဌ Sir Henry Keswick နှင့်အဖွဲ့ လာရောက်တွေ့ဆုံသည်။ **(အောက်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်သည့် ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်၊ ကော်မတီအဖွဲ့ဝင် ဒေါက်တာဝင်းမြင့်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပါကစ္စတန်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် ပါကစ္စတန်သံအမတ်ကြီး H.E. Mr. Ehsan Ullah Batth အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့်ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာသံအမတ်ကြီး ဦးဟန်သူ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၂၇

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် ပါရီမြို့၌ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဖရန်စွာ ဟိုလွန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

ခြေစွမ်းပြကာ သုံးဂိုးပြတ်အထိ သွင်းယူကာ ဦးဆောင်နိုင်ခဲ့သည်။

ခင်မောင်လွင်၊ ရာဇာဝင်းသိန်း၊ ဆီဇာ၊ ကျော်ကိုကို၊ အီမာဆင်တို့ဖြင့် လူစုံပါဝင်လာသည့် ရန်ကုန်အသင်းမှာပွဲစကတည်းက တောက်လျှောက်ဖိကစားခဲ့ပြီး ခုနစ်မိနစ်တွင် အီမာဆင်က အဖွင့်ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဆက်တိုက်ဆိုသလိုပင် ရန်ကုန်အသင်းက ဖိကစားသွားပြီး ၂၄ မိနစ်တွင် ကျော်ကိုကိုနှင့် ၄၄ မိနစ်တွင် အီမာဆင်တို့က ဂိုးများထပ်မံသွင်းယူခဲ့ကာ ၁၅ မိနစ်တွင်ရရှိသောပယ်နယ်တီကို ဆီဇာ ဝင်အောင်မသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာခဲ့ပြီး ၄၇ မိနစ်တွင် ဇာဟာရူလ်၊ ၆၃ မိနစ်နှင့် မိနစ် ၉၀ တွင် ဘာခါရီတို့က ကီလန်တန်အတွက် ချေပဂိုးများ ပြန်လည်သွင်းယူခဲ့သည်။ ရန်ကုန်အတွက် အနိုင်ဂိုးများကို ကျော်ကိုကိုက ၅၁ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ထပ်မံသွင်းယူခဲ့ပြီး ကျော်ကိုကိုမှာ ယခုပွဲတွင် ဟက်ထရစ်သွင်းယူနိုင်ခဲ့သည်။

ဂျာအင်ယန်မှ ဖမ်းဆီးသစ်များ လုံခြုံရေး အစောင့်အရှောက်ဖြင့် သယ်ယူရေးဆောင်ရွက်မည်

မိုးကောက် ဖေဖော်ဝါရီ ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးကောက်မြို့နယ် ဂျာအင်ယန်ကျေးရွာအနီးတစ်ဝိုက်မှ တပ်မတော်စစ်ကြောင်းများမှ ဖမ်းဆီးရမိသည့် တရားမဝင်သစ်များအား လုံခြုံစိတ်ချရာသို့ သယ်ယူနိုင်ရေးအတွက် ဖေဖော်ဝါရီ ၂၄ ရက်က နယ်မြေခံတပ်ရင်းမှူးဦးစီးသော တပ်ရင်းတပ်ဖွဲ့ဝင်များနှင့်အတူ မြန်မာ့သစ်လုပ်ငန်း ဗန်းမော်သစ်ထုတ်ရေးဒေသ ခရိုင်မန်နေဂျာ ဦးဌေးလွင်၊ ခရိုင်သစ်တောဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်တို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **(ယာပုံ)**

သယ်ယူ

အဆိုပါ တရားမဝင်သစ်များအား ဖမ်းဆီးရမိနေရာမှ မိုင် ၂၀ ခန့်ကွာဝေးသော ဗန်းမော်-မြစ်ကြီးနား လမ်းဘေး ခါယာကျေးရွာ၌ ကဲ့ထောက်ချ ဆောင်ရွက်ကာ မြစ်ကြီးနားမြို့သို့သယ်ယူပြီး ပြည်ပရောင်းတန်းဝင်သစ်နှင့် ပြည်တွင်းရောင်းတန်းဝင်သစ် အတန်းအစားခွဲလပ်ပုံထိုင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကားတိုက်သယ်ယူရေး ဆောင်ရွက်ရာတွင် တပ်မတော်စစ်ကြောင်းက နယ်မြေလုံခြုံရေး ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး သစ်တောဦးစီးဌာနမှ တိုင်းတာစာရင်းပြုစုဆောင်ရွက်ပြီးစီးပါက မြစ်ကြီးနားဒေသနှင့် ဗန်းမော်ဒေသသစ်ထုတ်လုပ်ရေးဌာနမှ ဝန်ထမ်းအင်အား ၃၂ ဦးဖြင့် ဌာနပိုင်ဂရေဒါ တစ်စီး၊ လိုဒါနှစ်စီး၊ သစ်တိုက်ယာဉ် ငါးစီး၊ ဆီသယ်ယာဉ်တစ်စီးတို့ဖြင့် ကားတိုက်သယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးခြိမ့်ညံဟိန်း

ပြည်တွင်းသတင်း

ကြည့်ရှုလေ့လာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အာနန္ဒာဘုရား၌ ယဉ်ကျေးမှုလက်ရာများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကျန်စစ်သားမင်းတို့၏ နန်းတော်ရာများ ပြန်လည်တူးဖော်နေမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။

ပြန်လည်ဖော်ထုတ်

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေသည် စတုရန်းမိုင် ၁၉ မိုင် ကျယ်ဝန်းပြီး ရှေးဟောင်းအဆောက်အအုံပေါင်း ၃၁၂၂ ခု ရှိသည်။ အဆိုပါနယ်မြေအား ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နှင့် ကာကွယ်ထိန်းသိမ်းထားသောဇုန်ဟူ၍ ဇုန်သုံးခုခွဲခြားသတ်မှတ်ကာ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းလျက်ရှိသည်။ ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း ဘုရားပုထိုးစေတီများရှိ ရှေးဟောင်းလက်ရာ နံရံဆေးရေးပန်းချီအများစုမှာ မြန်မာတို့၏ စေတနာသဒ္ဓါတရားထက်သန်မှုကြောင့် ထုံးသင်္ကန်းများ ကပ်လျှုထားသဖြင့် ကွယ်ပျောက်နေမှုကိုလည်း ပညာရှင်များဖြင့် အဆင့်မြင့် နည်းပညာများအသုံးပြု၍ ပြန်လည်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

❀ ***ကျောဖုံးမှ***

အတွင်းမှဆင်အော်သံကို ကန်အောက်မှ မကြားနိုင်လောက်အောင် နက်ခဲ့ကြောင်း၊ ယခုအခါ သဲနုန်းများကြောင့် တိမ်ကောသွားပြီး ရေအခက်အခဲများ ဖြစ်ပေါ်လာခဲ့ကြောင်း သိရသည်။

ကန်ကြီးရေပြည့်လျှင် ကန်၏ မြောက်ဘက်ကန်အောက်ရှိ ပေ ၃၀ ကျော်ခန့်နက်သော အုတ်ရေတွင်းများမှ စိမ့်ရေများကို သောက်သုံးရေအဖြစ် အသုံးပြုခဲ့ပြီး ကန်ရေကုန်လျှင် ရေတွင်းများမှ ရေယိုထွက်မှုမရှိတော့သည့်အတွက် ရေကန်အတွင်းသို့ ၁၅ ပေခန့်အနက်၊ သုံးပေအကျယ် ရေတွင်းငယ်များကို နှစ်အိမ်ထောင်၊ သုံးအိမ်ထောင်တစ်တွင်းတူးဖော်၍ သော့ခတ်အဖုံးအုပ်ကာ ညအိပ်စောင့်ပြီးရေခပ်ခဲ့ရကြောင်း၊ ရေထွက်အားနှင့် လူဦးရေ မမျှတသည့်အတွက် ရွာအရှေ့ဘက်လေးမိုင်ခန့်ဝေးသော ဆင်တဲဝချောင်းသို့ သွားရောက်ရေသယ်ခဲ့ရကြောင်း၊ ရေချိုးသည့်အခါ နွားစာကျင်းထဲဆင်း၍ နှစ်မြှုသုံးမြှုအိုးလောက်သာ ချိုးကြပြီး နွားစာကျင်းထဲမှရေကို နွားတိုက်ရေအဖြစ် အသုံးပြုခဲ့ကြောင်း သိရသည်။ ယခင်က ကျန်းမာရေးနှင့်ညီညွတ်မှုမရှိသည့် သောက်သုံးရေကို အသုံးပြုခဲ့ရသဖြင့် ကိုယ်ရေပြားရောဂါသည်များ ပင်ရှိခဲ့ကြောင်း၊ အချို့က "ကန်ရေသောက်၊ မြက်ခြောက်စား" သည့်ဒေသဟု နှိမ့်ချပြောဆိုမှုများရှိခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောပြသည်။

ပိုမိုသိုလှောင်နိုင်

လုပ်ငန်းများ ဆောင်ရွက်မှုကို မတ်လကုန်ပိုင်းတွင် ပြီးစီးမည်ဖြစ်ရာ မူလရေသိုလှောင်ပမာဏ ၅၄ ဧကအပြင် ဧက ၁၂၀ ပိုမိုသိုလှောင်နိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်ကျေးရွာ ၁၅ ရွာရှိ အိမ်ခြေပေါင်း ၃၇၅၈ အိမ်၊ အိမ်ထောင်စုပေါင်း ၃၄၄၂ စု၊ လူဦးရေပေါင်း ၂၀၀၀၂ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သောက်သုံးရေဖူလုံစေမည်ဖြစ်ပြီး ဒေသတွင်း စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူဖြစ်လာမည်ဖြစ်သည်။

ယခုကဲ့သို့ ဒေသခံပြည်သူများ၏ လတ်တလောလိုအပ်နေသည့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး အခက်အခဲများအဆင်ပြေရန် နိုင်ငံတော်၏ဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများက ဝမ်းမြောက်ဝမ်းသာ အထူးပင် ကျေးဇူးတင်ရှိနေကြကြောင်း သိရသည်။

ဘုရား၊ သိမ်နှင့်ကျောင်းတိုက်များကို ဘဏ္ဍာစားအဖြစ် ရွှေ့ပြောင်းခဲ့သည့် သာဓကများရှိ ရွှေ့ပြောင်းမည့်အစီအစဉ်များအား သာသနာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများအတိုင်း ရွှေ့ပြောင်းနိုင်ရန်မိန့်ကြား

နေပြည်တော် ဖေဖော်ဝါရီ ၂၆

လက်ပံတောင်းတောင်ကြားရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများ ရွှေ့ပြောင်းတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကဆရာတော်ကြီးများနှင့် လက်ပံတောင်းတောင်ဒေသရှိ ဂေါစရဂါမ်ဆရာတော်သံဃာတော်များထံမှ ဩဝါဒခံယူခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ဆားလင်းကြီးမြို့နယ် သံဃနာယကအဖွဲ့ရုံး တည်ရှိသည့် ကံစွယ်ကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာ ဘိဝံသ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး လက်ပံတောင်းတောင်ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများနှင့် ပြည်တွင်းပြည်ပသတင်းမီဒီယာများ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**

အစီအစဉ်အရ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ရပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့်ပတ်သက်၍ အငြင်းပွားဖွယ်များဖြစ်ပြီးနောက်ပိုင်းတွင် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ဖွဲ့စည်း စုံစမ်းစစ်ဆေးအကြံပြုတင်ပြစေခဲ့ပါကြောင်း၊ တောင်ကြားစေတီနှင့်ပတ်သက်၍ သက်သေအထောက်အထားခိုင်လုံစွာ မရှိသည့်အတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအပိုဒ် ၈၅ တွင် လက်ပံတောင်းတောင်ကြား တောရစကြံ့ကျောင်းဟုခေါ်ဆိုသောနေရာနှင့် ၎င်းအပေါ်ရှိ စေတီ၊ သိမ်၊ ကျောင်းစသည့် ဗုဒ္ဓသာသနိက အဆောက်အအုံများသည် သတ္တုသိုက်တည်ရှိရာ အဓိကနေရာဖြစ်နေခြင်း၊ သာသနိကအဆောက်အအုံများကို ကွင်းရှောင်ပြီးကြေးနီသတ္တုတူးဖော်ထုတ်လုပ်မည်ဆိုလျှင်လည်း ယင်းအဆောက်အအုံများ၏ ကြံ့ခိုင်တည်မြဲမှုကို ဧကန်မုချထိခိုက်နိုင်မည်ဖြစ်ခြင်းတို့ကြောင့် အဆိုပါ လက်ပံတောင်းတောင်ကြား တောရစကြံ့ကျောင်းမြေနေရာနှင့် ၎င်းအပေါ်ရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများကို လုံးဝထိခိုက်ပျက်စီးစေမှုမရှိဘဲ လက်ရှိ အနေအထားများအတိုင်း အခြားသင့်လျော်မည့် နေရာတစ်ခုခုသို့ ပြောင်းရွှေ့ပေးသင့်သည်ဟု အကြံပြုထားပါကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီအနေဖြင့် ဒေသခံပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရန် ဒေသခံများနှင့် ညှိနှိုင်းတိုင်ပင်၍ ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကြီးသည် နိုင်ငံတော်အဆင့်စီမံကိန်းဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့်ပြည်သူ စိတ်နှလုံးချမ်းမြေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဆရာတော်သံဃာတော်ကြီးများ၏ဩဝါဒများကို ခံယူရခြင်းဖြစ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ဗုဒ္ဓသာသနိကအဆောက်အအုံများ ရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းအဖွဲ့ခေါင်းဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းက လျှောက်ထားရာတွင် လက်ပံတောင်းတောင်ကြားရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများရွှေ့ပြောင်းခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ အမှူးပြု၍ တိုင်းဒေသကြီးနှင့်ဒေသခံဂေါစရဂါမ်ဆရာတော်များ၏ ဩဝါဒကိုပါ ခံယူဆောင်ရွက်မှသာ စာပေကျမ်းဂန်ဓလေ့ထုံးတမ်းစဉ်လာများနှင့် ညီညွတ်မည်ဖြစ်ခြင်း၊ သူတစ်ပါးကဲ့ရဲ့ပြစ်တင်မည့် ပရူပဝါဒဘေးမှ ကင်းဝေးခြင်း၊ လုပ်ငန်းဆောင်ရွက်ရသူ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် မိမိဆောင်ရွက်ရမည့်လုပ်ငန်းအပေါ် ယုံမှားသံသယကင်းရှင်းစွာ ဆောင်ရွက်နိုင်ခြင်းစသည့် အကျိုးတရားများရရှိမည်ဟု ယုံကြည်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာအရ ရွှေ့ပြောင်းပေးရမည့် ဗုဒ္ဓသာသနိက အဆောက်အအုံများမှာ စေတီတော်တစ်ဆူ၊ သိမ်ကျောင်းဆောင်တစ်ဆောင်၊ ဂန္ဓကုဋိကျောင်းဆောင်တစ်ဆောင်၊ ၇၂ ပေပတ်လည်ရှိ မဟာရံအုတ်တံတိုင်းနှင့် အဝင်မုခ်ဦးတို့ဖြစ်ပါကြောင်း၊ လက်ပံတောင်းတောင်ကြားရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများကို သင့်လျော်သည့်နေရာသို့ ရွှေ့ပြောင်းတည်ဆောက်ရမည်ဖြစ်ရာ ရဟန်းပရိသတ်၊ လူပရိသတ်များ စောင့်ရှောက်ဖူးမြော်နိုင်မှုနှင့် သွားလာရန်လွယ်ကူသည့် ကျော်ရွာ၏ တောင်ဘက် ပေ ၃၀၀ ခန့်အကွာ ညောင်ပင်ကြီး-ယင်းမာပင်ကားလမ်း အနီး အကျယ်အဝန်း အလျားပေ ၄၀၀၊ အနံပေ ၂၀၀ ရှိ မြေနေရာသို့ ရွှေပြောင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ အဆိုပါ မြေဧရိယာ ၁ ဒသမ ၈၄ ဧကအား ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အခွန်လွတ်သာသနာ့မြေဂရန်နှင့် အခွန်လွတ်သာသနာမြေအတွင်း သိမ်ဆောက်လုပ်မည့် မြေဧရိယာ ၀ ဒသမ ၀၅ ဧကအား ပြည်ထဲရေးဝန်ကြီးဌာနမှ ဝိသုံဂါမသိမ်ဂရန် ခွင့်ပြုမိန့်ရရှိပြီးဖြစ်ကြောင်း၊ သာသနိက အဆောက်အအုံများ ရွှေ့ပြောင်းတည်ဆောက်ရာ၌ သာသနာတော်ဆိုင်ရာ စာပေကျမ်းဂန်၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီဖြစ်စေရေး၊ မလိုလားအပ်သောပြဿနာများ မပေါ်ပေါက်စေရေးတို့အတွက် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့် ဆရာတော်ကြီးများနှင့် ဒေသခံ ဆရာတော်အရှင်သူမြတ်များ၏ ဩဝါဒများကို ခံယူအပ်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဩဝါဒကထာမြွက်ကြားရာတွင် ရွှေ့ပြောင်းမည့် စေတီဘုရား၊ သိမ်၊ ဂန္ဓကုဋိတိုက်၊ မဟာရံတံတိုင်းတို့ကို ကိုယ်တိုင်သွားရောက် ကြည့်ရှုခဲ့ပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းကောင်းခြင်း၊ မကောင်းခြင်းနှင့်ပတ်သက်၍ ပါဠိတော်အဋ္ဌကထာ၊ ဋီကာများတွင် အဖိုးတန်အနေအထားနှင့် အကျိုးကျေးဇူးတရား များ/မများကို

နှိုင်းယှဉ်ကြည့်ရှုရမည်ဖြစ်ကြောင်း၊ လက်ရှိတောင်ကြားစေတီသည် ၂၇ ပေမြင့်ပြီး ရွှေ့ပြောင်းသည့်အခါ လက်ရှိပမာဏထက် နှစ်ဆ၊ ဉာဏ်တော် ၅၄ ပေရှိ စေတီအဖြစ် ပြောင်းရွှေ့မည်ဆိုလျှင် စေတီသည် ဉာဏ်တော်အမြင့်အပြင် ပိုမိုအဖိုးတန်အနေအထားအဖြစ် ရွှေ့ကောင်းကြောင်း၊ ကျော်ရွာအနီးပြောင်းရွှေ့မည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့ရာတွင်လည်း ပြောင်းရွှေ့မည့်နေရာသည် မြေပြန့်ဖြစ်ပြီး သွားလာမှုလွယ်ကူသည့် နေရာဖြစ်သည့်အတွက် အကျိုးကျေးဇူး ပိုမိုများပြားသဖြင့် ရွှေ့ပြောင်း ကောင်းပါကြောင်း၊ သာသနာ့မြေအမိန့်၊ ဝိသုံဂါမသိမ် အမိန့်များ ရရှိပြီးဖြစ်သည့်အတွက် မူလသိမ်ကိုလည်း ရွှေ့ပြောင်းကောင်းကြောင်း၊ ရွှေ့ပြောင်းသည့်အခါ ဝိသုံဂါမသိမ်ကို သမုတ်ပြီးပါက မူလသိမ်ကို နုတ်ရန်ဖြစ်ကြောင်း၊ ကျောင်းကို မူလကျောင်းထက်ကောင်းအောင် ဆောက်လုပ်ပေးသွားရန်ဖြစ်ကြောင်း၊ မူလမြေနေရာမှာ တောင်ကြားတွင်ဖြစ်၍ အကျယ်အဝန်းမှာ ၇၂ ပေ ပတ်လည်ရှိပြီး ယခုနေရာသစ်တွင်အလျားပေ ၄၀၀၊ အနံပေ ၂၀၀ ဖြစ်၍ အလွန်တရာကောင်းပါကြောင်း၊ အုတ်တံတိုင်းကိုလည်း မူလထက်ကောင်းအောင် ဆောက်လုပ်ပေးသွားရန်ဖြစ်ကြောင်း၊ ရွှေ့ပြောင်းသည့် ထုံးတမ်းအစဉ်အလာများနှင့်ပတ်သက်၍ သီရိဓမ္မာသောကမင်းကြီး လက်ထက်က စေတီပေါင်း ၈၄၀၀၀ ရွှေ့ပြောင်းတည်ဆောက်ခဲ့သည့် သာဓကနှင့် မင်းတုန်းမင်းကြီး လက်ထက်က ဘုရား၊ သိမ်နှင့်ကျောင်းတိုက်များကို ဘဏ္ဍာစားအဖြစ် ရွှေ့ပြောင်းခဲ့သည့် သာဓကများရှိခဲ့ကြောင်း၊ ယခုရွှေ့ပြောင်းမည့် အစီအစဉ်များအား သာသနာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများအတိုင်း ရွှေ့ပြောင်းစေလိုကြောင်း၊ သာသနာရေးဆိုင်ရာ မရှင်းလင်းသည်များ ရှိသည့်အခါ လျှောက်ထား မေးမြန်းနိုင်ကြောင်း မိန့်ကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) ဒုတိယဥက္ကဋ္ဌ ဆားလင်းကြီးမြို့တောင်ပေါ်ကျောင်းဆရာတော် ဘဒ္ဒန္တအာဒိစ္စဝံသ၊ မြန်မာနိုင်ငံလုံးဆိုင်ရာလယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ၊ လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက်ပဓာနနာယက ဘဒ္ဒန္တဇာဂရာဘိဝံသဆရာတော်နှင့် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ အကျိုးတော်ဆောင် မုံရွာမြို့ မဟာလယ်တီကျောင်းတိုက်ဆရာတော်ကြီးတို့မှ သာသနိကအဆောက်အအုံများအား အဋ္ဌကထာ၊ ဋီကာများနှင့်အညီ အဖိုးတန်ခြင်း အကျိုးကျေးဇူးများခြင်းကြောင့်လည်းကောင်း၊ ပိုမိုကြီးမားကောင်းမွန် ခိုင်ခံ့အောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ရွှေ့ပြောင်းရမည်ဖြစ်ကြောင်း ဩဝါဒကထာများ အသီးသီး ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မုံရွာမြို့ ဓမ္မပါရဂူကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တအရိယာ လင်္ကာရထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားများ နာကြား၍ ရေစက်သွန်းချအမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်မှ

အရေးယူမှုများ ဆောင်ရွက်ခဲ့ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနအနေဖြင့် ၂၀၀၄-၂၀၀၅ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်(စက်တင်ဘာလထိ) တရားခံနိုင်ငံသား ၁၁၉၈ ဦး၊ နိုင်ငံခြားသား ၄၁၄ ဦး စုစုပေါင်း ၁၆၁၂ ဦးတို့ကို ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ကျွန်းသစ်နှင့်အခြားသစ်မာ ၁၄၅၂၈၀ ဒသမ ၂၃၁၆ တန်၊ ယာဉ်/ဆိုင်ကယ် အမျိုးမျိုး၃၁၁၄ စီး၊ တိရစ္ဆာန် (ဆင်/လား) ၁၁၈ ကောင် သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် တရားမဝင် သစ်ခိုးယူမှုများနှင့် ပတ်သက်၍ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ် ကာလအတွင်း ကချင်ပြည်နယ်တွင် အရာထမ်းငါးဦး၊ အမှုထမ်း ၁၅ ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် အမှုထမ်းလေးဦးတို့ကို ထိရောက်စွာအပြစ်ပေးဆောင်ရွက်ခဲ့ပြီး ယင်းတို့တွင် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်အပြစ်ပေးခံရသူ ခြောက်ဦးရှိခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရမှ သစ်တော၊ သတ္တုနှင့်သယံဇာတပစ္စည်းများ ပြည်ပသို့တရားမဝင်ထုတ်ယူမှုများမရှိအောင် တားဆီးကာကွယ် ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရမိ ဖြစ်စဉ်များတွင်လည်း တရားဥပဒေအရ တရားစွဲဆိုခြင်း၊ အရေးယူဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း။

သိမ်းဆည်းရမိ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် မတ်လမှ ဧပြီလအတွင်း နယ်စပ်ဒေသတွင် တရားမဝင်ရွှေတူးဖော်ခြင်း၊ သစ်မှောင်ခိုနှင့် မြန်မာ့ရေပြင်ပိုင်နက်တွင် ငါးခိုးဖမ်းမှုလုပ်ကိုင်နေသူ နိုင်ငံခြားသား ၃၃ ဦးအား ဖမ်းဆီးအရေးယူနိုင်ခဲ့ပါကြောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီမှ စက်တင်ဘာလထိ ကျောက်မှောင်ခို တရားခံနိုင်ငံသား ၂၃ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ကျောက်စိမ်း (အရိုင်း)၊ ဆာပင်တင်း (အရိုင်း)၊ မီးသင့်ကျောက်ရိုင်းနှင့် အသွင်ပြောင်းကျောက်ရိုင်း စုစုပေါင်း ၂၂၇၅၇ ဒသမ ၅၆ ကီလို၊ တန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၅၆၂ သိန်း သိမ်းဆည်းရမိခဲ့ပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တရုတ်နိုင်ငံနှင့် ကချင်ပြည်နယ်နယ်စပ် လွယ်ဂျယ်နှင့် ကန်ပိုက်တီး နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ထားရှိပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းတို့ကို တရားဝင်ကုန်သွယ်မှုပြုနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ပြောင်း၊ ရော်ဘာ၊ ဖရဲသီး၊ ပဲပုပ်၊ သစ်တောထွက်ပစ္စည်းဖြစ်သည့် ကြိမ်၊ သတ္တုတွင်းထွက်ပစ္စည်းများ ဖြစ်သည့် ခဲ၊ သွပ် သတ္တုရိုင်းတို့ကို တရားဝင်လိုင်စင်ဖြင့် ခွင့်ပြုတင်ပို့လျက်ရှိပါကြောင်း၊ ကျွန်းခဲ့သား၊ တမလန်းခွဲသားများအား ပို့ကုန်လိုင်စင် ထုတ်ပေးထားမှု မရှိပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သည့် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီအနေဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုပမာဏ တစ်ရပ်လုံး၏ ၂၀ ရာခိုင်နှုန်းရှိသည့် နယ်စပ်ကုန်သွယ်မှုလမ်းကြောင်း ၁၅ ခုအနက် အဓိကကျသည့် မူဆယ်-မန္တလေးလမ်းကြောင်းနှင့် မြဝတီ-ရန်ကုန်လမ်းကြောင်းတို့တွင် Mobile Team နှစ်ခုဖြင့် လည်းကောင်း၊ မူဆယ်၊ တာချီလိတ်၊ တမူးနှင့် ကန်ပိုက်တီးစခန်း (၄)ခုတို့၏ ဝန်းကျင်များတွင် စခန်းထုတ်နုတ်အင်အားများဖြင့် တရားမဝင် ကုန်သွယ်မှုတားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ခုနစ်လတာကာလအတွင်း ကျပ်(၆)ဘီလီယံခန့်ကို နိုင်ငံတော်ဘဏ္ဍာသို့ အပ်နှံနိုင်ခဲ့ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ပထမခြောက်လတာကာလအတွင်း နယ်စပ်ကုန်သွယ်မှုပမာဏ ကျဆင်းသည့်အခြေအနေများ ဖြစ်ပေါ်နေရာမှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အကုန်တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ထက် နယ်စပ်ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၃၈၆ ဒသမ ၄၉ သန်း ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီအနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် မိမိတို့၏နယ်မြေဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်မှု အခြေအနေပေါ်မူတည်ပြီး Mobile Team များဖွဲ့စည်းပြီး ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တားဆီးနှိမ်နင်းအရေးယူဆောင်ရွက်ခဲ့ရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း သစ်တောဥပဒေဖြင့် တရားခံနိုင်ငံသား ၄၀၄ ဦး၊ နိုင်ငံခြားသားလေးဦး စုစုပေါင်း ၄၀၈ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ကျွန်းသစ်နှင့် အခြားသစ် ၃၂၀၉ ဒသမ ၉၉၆ တန် တန်ဖိုးငွေကျပ်သိန်း ၁၀၀၄၇ ဒသမ ၀၉ သိမ်းဆည်းရမိခဲ့ပါကြောင်း၊ ကျောက်မျက်ဥပဒေဖြင့် တရားခံ နိုင်ငံသား၂၁၄ ဦးဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး ကျောက်စိမ်း ၄၇၀၈၉၂ ဒသမ ၆၅၇ ကီလို တန်ဖိုး ငွေကျပ်သိန်း ၃၃၉၀၉ ဒသမ ၀၉ နှင့် ယူရိုငွေ ၄၀၉၄၈ တို့ကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ သတ္တုတွင်း အက်ဥပဒေဖြင့် တရားခံနိုင်ငံသား၂၃၁ ဦး၊ နိုင်ငံခြားသား ၂၉ ဦး စုစုပေါင်း ၂၆၀ ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး အင်ကြင်းကျောက် ၁၁၉ လုံး တန်ဖိုးငွေကျပ်သိန်း ၆၄၅၉ ဒသမ ၆၄၄ နှင့် ယူရိုငွေ ၁၁၄၇ သိမ်းဆည်းရမိခဲ့ပါကြောင်း၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေဖြင့် တရားခံနိုင်ငံသား ၈၉ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး တိရစ္ဆာန် (ကျွဲ/နွား/မြင်း/လား)၁၅၀၁ ကောင်၊ တန်ဖိုးငွေကျပ်သိန်း ၅၆၁၀ ဒသမ ၂၀ သိမ်းဆည်းရမိခဲ့ပါကြောင်း၊ သဘာဝတောရိုင်း တိရစ္ဆာန် ကာကွယ်ရေးဥပဒေဖြင့် တရားခံနိုင်ငံသား ၃၆ ဦး ဖမ်းဆီးအရေးယူနိုင်ခဲ့ပြီး တိရစ္ဆာန် (ငှက်/လိပ်/ သင်းခွေချပ် /မြွေ) အကောင် ၂၅၀ တန်ဖိုးငွေကျပ်သိန်း ၄၄ ဒသမ ၄၄၅ သိမ်းဆည်းရမိခဲ့ပါကြောင်း။

ဆောင်ရွက်လျက်ရှိ

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နယ်စပ် ကချင်ပြည်နယ်အတွင်း မြို့နယ်များရှိ ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများတွင် တရားမဝင် သစ်နှင့်သတ္တုများ ထုတ်ယူနေမှုနှင့် ပတ်သက်၍ သံတမန်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်ခြင်း၊ ကန့်ကွက်ပြောကြားခြင်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောနေရာဒေသများနှင့် ငြိမ်းချမ်းရေးရယူရန် ဆောင်ရွက်နေဆဲနေရာဒေသများတွင် နိုင်ငံတော်၏ သယံဇာတများကို တရားမဝင်ခိုးထုတ်ရောင်းချနေမှုများရှိ၍ ဥပဒေနှင့်အညီ အရေးယူရန် ဆောင်ရွက်နေဆဲဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်၊ လက်နက်မဲ့ဝန်ထမ်းများ နယ်စပ်တစ်လျှောက် စစ်ဆေးခြင်း၊ တားဆီးခြင်း၊ ပိတ်ပင်ခြင်း၊ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ ဟောပြောရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဝန်ထမ်းများ၏ စည်းကမ်းဖောက်ဖျက်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ တရားမဝင်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ၏စည်းကမ်း ဥပဒေချိုးဖောက်မှုများကို လွှတ်တော်ကိုယ်စားလှယ်ကြီးအနေဖြင့် မေးခွန်းထုတ်နေရုံနှင့် မလုံလောက်ပါ၊ မေးခွန်း၏နောက်တွင် တာဝန်များ ကျန်ရှိနေပါကြောင်း၊ ထိုအရာမှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံရေးအမြင်၊ စီးပွားရေးအသိ၊ လုံခြုံရေးသတိဖြင့် နိုင်ငံတော်၏သယံဇာတများ လုံခြုံရေးအတွက် ပြည်သူတစ်ရပ်လုံးက တက်တက်ကြွကြွဖြင့် သတင်းပေးခြင်း၊ ဖမ်းဆီးခြင်း၊ တိုင်ကြားခြင်း၊ တရားလိုလုပ်၍ တရားစွဲဆိုခြင်း၊ သက်သေခံခြင်းတို့ဖြင့် ပါဝင်ဆောင်ရွက်လာအောင် လွှတ်တော်ကိုယ်စားလှယ်ကြီးများမှ စည်းရုံးခြင်း၊ ပူးပေါင်းတားဆီးခြင်းနှင့် တင်ပြကာကွယ်ကြမှသာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် ပြည်သူတစ်ရပ်လုံးကအားမလိုအားမရဖြစ်နေမှုများ ချုပ်ငြိမ်းသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း (ကိုယ်စား) ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးမောင်ဦး မေးမြန်းသည့် **လွှတ်တော်ဖွဲ့စည်းပေးအပ်သော ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းခြင်းအပေါ် ပြန်ကြားချက်မရရှိသောကိစ္စရပ်များအား အသိပေးပြန်ကြားပေးရန် အစီအစဉ် ရှိ/မရှိ** ဆိုသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က နိုင်ငံတော်အစိုးရအနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ပေါက်လာရေးအတွက် အဘက်ဘက်မှ တိုးတက်အောင်ဆောင်ရွက်နေသလို ဒီမိုကရေစီစနစ် ဖော်ဆောင်ရေးအတွက် Good Governance and Clean Government ဖြစ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူတို့၏ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာ၊ အကြံပြုစာများကို တာဝန်ပေးချက်အရ သမ္မတရုံးဝန်ကြီးဌာန (၂)အနေဖြင့် အဓိကထား စိစစ်ဆောင်ရွက်ပေးနေပါကြောင်း၊ ရုံးလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအရ လွှတ်တော်ကိုယ် စားလှယ်ကြီးများမှတင်ပြသော ၎င်းတို့၏ဒေသဆိုင်ရာ လိုအပ်ချက်ကိစ္စရပ်များအား သက်ဆိုင်ရာလွှတ်တော် ကော်မတီအသီးသီးမှ လွှတ်တော်ရုံးသို့ပေးပို့ပြီး လွှတ်တော်ရုံးမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ဆက်လက်ပေးပို့မှသာ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့်စိစစ်မှု၊ သုံးသပ်မှုများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထိုကဲ့သို့ စိစစ်ဆောင်ရွက်ရာတွင် နိုင်ငံတော်သမ္မတထံနှင့် နိုင်ငံတော်သမ္မတရုံးသို့ပေးပို့လာသော တင်ပြစာများ၊ နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်ပြည်သူ့အသံကဏ္ဍ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့နှင့် လွှတ်တော်ရုံးမှ ပေးပို့လာသောစာများကို စိစစ်ဆောင်ရွက် ပြန်ကြားပေးလျက်ရှိကြောင်း၊ ဆောင်ရွက်ပြီးစီးသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ၃၁-၁-၂၀၁၄ ရက်အထိ လွှတ်တော်ရုံးသို့ ပြန်ကြားပြီး အမှုပေါင်း ၁၃၂၈ မှု၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ထံသို့ ပြန်ကြားပြီး အမှုပေါင်း ၃၃၇ မှုနှင့် နိုင်ငံတော်သမ္မတရုံး ဝက်ဘ်ဆိုက်ကဏ္ဍသို့ပြန်ကြားပြီး အမှုပေါင်း ၂၂၉ မှုရှိခဲ့ပါကြောင်း၊ ယခုလို စိစစ်ရာတွင် အချို့သော အမှုကိစ္စရပ်များမှာ ကျေးလက်တောရွာအထိ သွားရောက်စိစစ်ရသည်ဖြစ်ရာ နှောင့်နှေးကြန့်ကြာမှုကို အထူးဂရုပြုစေလိုပါကြောင်း၊ အကြောင်းပြန်ကြားချက်တစ်စုံတစ်ရာမရရှိသော ကိစ္စရပ်များနှင့် ပတ်သက်၍ ပေးပို့သည့် စာအမှတ်၊ ရက်စွဲ၊ အကြောင်းအရာ၊ ပေးပို့သည့် ဌာန၊ ဖြစ်နိုင်ပါက ဖုန်းနံပါတ်များကို လွှတ်တော်ရုံးမှ တိကျစွာဖော်ပြပေးပါက ယင်းကိစ္စအပေါ် ဆောင်ရွက်ထားရှိမှုအား မှန်ကန်စွာ အကြောင်း ပြန်ကြားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပေးပို့လာသော **“အမျိုးသားဆေးဝါးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”**ကို အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို ရပ်နားခဲ့ သည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများ မိမိနိုင်ငံသို့ ခေတ္တပြန်လာနိုင်ရေးအတွက် မဲဆောက်-မော်လမြိုင်-မဲဆောက် လေယာဉ်ခရီးစဉ်ပျံသန်းပြေးဆွဲမှုအစီအစဉ်

၁။ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများ မိမိနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် မဲဆောက်မြို့မှ မော်လမြိုင်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် သွားလာခွင့်ရရှိရေး စီစဉ်ပေးပါရန် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့မှ ဒေသခံပြည်သူများက ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီသို့ပေးပို့လာသည့်အတွက် မဲဆောက်-မော်လမြိုင်-မဲဆောက် ခရီးစဉ်လေယာဉ်ပျံသန်းပြေးဆွဲနေမှုနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်ထားရှိမှုအား မိဘပြည်သူများသိရှိနိုင်ရန် တင်ပြအပ်ပါသည်။

၂။ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နေသူများ မိမိနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် မဲဆောက်-မော်လမြိုင်-မဲဆောက်လေယာဉ်ခရီးစဉ် ပျံသန်းပြေးဆွဲမှုမှာ လက်ရှိအခြေအနေတွင် ထိုင်းနိုင်ငံမှ Nok Mini လေကြောင်းက ၁-၉-၂၀၁၃ ရက်နေ့မှစ၍ ခရီးသည် ၃၄ ဦးဆံ့သည့် လေယာဉ်အမျိုးအစား SAAB-340B၊ လေယာဉ်ခနှုန်းထား USD 60/ မြန်မာကျပ် ၅၉၁၆၀ ဖြင့် စင်းလုံးငှား(Charter) လေယာဉ်ခရီးစဉ်များကို နေ့စဉ်ပျံသန်း ပြေးဆွဲပေးလျက်ရှိပါသည်။ Nok Mini လေကြောင်း၏ ခရီးစဉ်အစီအစဉ်နှင့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ခရီးသည်သယ်ဆောင်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခရီးစဉ်အစီအစဉ်

စဉ်	ခရီးစဉ်	ထွက်ခွာချိန်	ဆိုက်ရောက်ချိန်
(၁)	မဲဆောက်-မော်လမြိုင်	၀၉း၁၅	၀၉း၄၀
(၂)	မော်လမြိုင်-မဲဆောက်	၁၀း၁၅	၁၀း၃၅

(က) ခရီးသည်ရရှိမှုအခြေအနေ

စဉ်	အကြောင်းအရာ	နိုင်ငံခြားသား	မြန်မာနိုင်ငံသား	စုစုပေါင်း
(၁)	အဝင်ခရီးသည်	၂၆၀ ဦး	၁၀ ဦး	၂၇၀ ဦး
(၂)	အထွက်ခရီးသည်	၂၆၆ ဦး	၉ ဦး	၂၇၅ ဦး

၃။ မော်လမြိုင်လေဆိပ်သည် နိုင်ငံတကာပုံမှန် (Schedule) လေယာဉ်ခရီးစဉ်များကို လက်ခံဝန်ဆောင်မှုပေးနိုင်သည့်အထောက်အကူပြုပစ္စည်းကိရိယာများ စုံလင်စွာတပ်ဆင်ထားရှိမှုမရှိသဖြင့် လေကြောင်းပျံသန်းမှု ဘေးအန္တရာယ်ကင်းရှင်းရေးကို ရှေးရှု၍ယခုကဲ့သို့ စင်းလုံးငှားခရီးစဉ်များ ပျံသန်းခွင့်ပြုထားခြင်းဖြစ်ပါသည်။ စင်းလုံးငှားခရီးစဉ်များသည် ပုံမှန်အားဖြင့် ခရီးသွားလုပ်ငန်းအဖွဲ့အစည်း(သို့) အခြားအဖွဲ့အစည်းတစ်ခုခုက ၎င်းတို့ခရီးသည်များအတွက် လေကြောင်းလိုင်းထံမှ လေယာဉ်ငှားရမ်းပို့ဆောင်ခြင်းဖြစ်သည်ဟု ယူဆနိုင်သော်လည်း Public Charter ကဲ့သို့သော စင်းလုံးငှားခရီးစဉ်အမျိုးအစားတွင် လေယာဉ်လက်မှတ်အရောင်းကဲ့သို့သော ကြားခံအဖွဲ့အစည်းတစ်ခုက အများပြည်သူတစ်ဦးချင်းအား လက်မှတ်ရောင်းချပေးနိုင်မှုရှိပါသည်။ လေကြောင်းလိုင်းအနေဖြင့်မူ လုံလောက်သောခရီးသည်ရရှိမှုသည် အဓိကကျသဖြင့် အဆိုပါခရီးစဉ်တွင် လုပ်သားများ ခရီးသွားလိုအားများပြားပါက Public Charter ကဲ့သို့သော နည်းလမ်းများဖြင့် စီစဉ်ပျံသန်းမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာနက မဲဆောက်-မော်လမြိုင်-မဲဆောက် ခရီးစဉ်တွင် လေယာဉ်ပျံသန်းမှုရှိစေရေးအတွက် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး အဖြစ်နိုင်ဆုံးခွင့်ပြုပေးထားပြီးဖြစ်ပါကြောင်းနှင့် လုပ်သားများ ခရီးသွားလာခွင့်ရရှိရေးသည် ခရီးသွားလိုအားနှင့် လေကြောင်းလိုင်း၏ စိတ်ဝင်စားစီစဉ်ဆောင်ရွက်မှုအပေါ်တွင် မူတည်ပါကြောင်း သိရှိရပါသည်။

ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီ

နောက်ဆုံးရနိုင်ငံတကာသတင်း

အိန္ဒိယရေငုပ်သင်္ဘောပေါ် မီးလောင်မှုဖြစ်ပွားရာမှ တပ်သားခုနစ်ဦး ဒဏ်ရာရပြီး အရာရှိနှစ်ဦးပျောက်ဆုံး

နယူးဒေလီ ဖေဖော်ဝါရီ ၂၆

အိန္ဒိယရေငုပ်သင်္ဘော INS ဆင်ဒူရတ်နာပေါ်၌ ယနေ့မွန်းလွဲပိုင်းက မီးလောင်မှုတစ်ခုဖြစ်ပွားခဲ့ရာ အိန္ဒိယရေတပ်မှတပ်သားခုနစ်ဦး ဒဏ်ရာရရှိပြီး အရာရှိနှစ်ဦး ပျောက်ဆုံးနေကြောင်း ကာကွယ်ရေးအရာရှိကြီးတစ်ဦးက ပြောကြားသည်။

ယင်းရုရှားနိုင်ငံထုတ် ရေငုပ်သင်္ဘောသည် ပြင်ဆင်မွမ်းမံမှုအပြီး ပင်လယ်ပြင်၌ စမ်းသပ်မောင်းနှင်စဉ် မွမ်ဘိုင်းမြို့မှ ကီလို ၅၀ မီတာကွာဝေးသည့် ကမ်းလွန်ပင်လယ်ပြင်အရောက်၌ မီးခိုးထွက်လာသဖြင့် ရေပေါ် မောင်းတင်ခဲ့ရကြောင်း၊ ပဏာမစစ်ဆေးချက်အရ ယင်းမီးခိုးများသည် ရေငုပ်သင်္ဘောပေါ် မီးလောင်မှုမှလာသော မီးခိုးများဖြစ်ကြောင်း၊ သို့သော်လည်း ရေငုပ်သင်္ဘောပေါ်တွင် လက်နက်ခဲယမ်းများ တင်ဆောင်ခြင်းမရှိသဖြင့် သက်သာရာရကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဆင်ဟွာသတင်းထောက်များကို ပြောကြားသည်။

ဒဏ်ရာရတပ်သားခုနစ်ဦးကို လေယာဉ်ဖြင့်တင်ဆောင်ကာ နယူးဒေလီရှိ ရေတပ်ဆေးရုံတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ပျောက်ဆုံးသွားသော အရာရှိနှစ်ဦးကို ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လက အိန္ဒိယရေငုပ်သင်္ဘော INS ဆင်ဒူရတ်ရှတ်သည် သင်္ဘောပေါ်မှ မီးကြောင့် ပေါက်ကွဲမှုဖြစ်ပေါ်ပြီး မွမ်ဘိုင်းသင်္ဘောဆိပ်ကမ်း၌ နစ်မြုပ်သွားခဲ့ရာ ရေတပ်သား ၁၇ ဦး သေဆုံးသွားခဲ့ကြောင်း၊ ယခု ဖြစ်ရပ်သည် တတိယမြောက် အိန္ဒိယရေငုပ်သင်္ဘောမတော်တဆမှုဖြစ်သည်။

(အမ်အင်န်အေ/ဆင်ဟွာ)

ဘာသာပြန်-ဂျေတီ

ဘာသာရပ်ဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

စင်ကာပူနိုင်ငံရှိ Myanmar Transitional Platform(MTP) အဖွဲ့မှ မြန်မာပညာရှင်များဖြစ်ကြသည့် ဒေါက်တာသိန်းသန်းဝင်း၊ ဒေါ်စိမ့်ရည်ထက်၊ ဦးစိုးမင်းဆက်၊ ဦးအေးငြိမ်းတို့က “မြန်မာ့အပြောင်းအလဲနှင့်နိုင်ငံသားတို့၏ သိပိုင်ခွင့်ဆိုင်ရာဥပဒေ”၊ ပြည်တွင်းစားသုံးရန်၊ ပြည်ပတင်ပို့ရန်အတွက် ဘေးန္တရာယ်ကင်းသည့် အစားအသောက်များ၊ နိုင်ငံခြားသားများအား အလုပ်ခန့်ထားခြင်းဆိုင်ရာဥပဒေ၊ Implementation of Construction Project with Detailed Contract ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/ စက်မှုအသင်းချုပ်ပထမထပ်၌ ကျင်းပမည်သည်။

မြတ်စန္ဒီသင်းဇော်

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အားကစားနှင့် ပညာရေးဘာသာရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်မည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၊ သိပ္ပံဘွဲ့(အားကစား) B.Sc (Sports) ဒုတိယနှစ်အတွက် ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့၌ သင်ကြားပို့ချမည့် အားကစားနှင့်ပညာရေးဘာသာရပ်ဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အမှာစကားပြောကြားရာတွင် B.Sc (Sports) ဒုတိယနှစ်အတွက် အားကစားနှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို နည်းလမ်းမှန်ကန်ပြီး စနစ်တကျဖြစ်စေရန် ရည်ရွယ်ပါကြောင်း၊ သိပ္ပံဘွဲ့ (အားကစား) B.Sc မှာ အားကစားနှင့် ဆက်စပ်သောဌာနများတွင် တာဝန်ထမ်းဆောင် စေလိုခြင်းထက် အနာဂတ်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် နိုင်ငံချစ်စိတ်ရှိ၍ ထူးချွန်ထက်မြက်ပြီး အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်သည့် မျိုးဆက်သစ်များ မွေးထုတ်နိုင်စေလိုခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် လူငယ်/လူရွယ်တိုင်း ဗလငါးတန်ဖွံ့ဖြိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက် ပြိုင်ပွဲ ၂၀၁၄ စတင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

မြန်မာဂေါက်သီး အားကစား ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ ဂေါက်သီးသမားများ ပေါ်ထွက်လာရေး၊ မျိုးဆက်သစ်လူငယ် ဂေါက်သီးအားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာရေးနှင့် ထူးချွန်သောနိုင်ငံ့ဂုဏ်ဆောင်လူငယ်ဂေါက်သီး အားကစားသမားများ ပေါ်ထွက်လာရေးကို အဓိကထား၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့်ဂေါက်သီး ပညာရှင်များအသင်း (Myanmar PGA) တို့က ကြီးမှူး၍ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ မြဝတီဘဏ်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်နှင့်အင်းဝဘဏ်တို့က အဓိကကူညီပံ့ပိုးသော ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲများကို ၂၀၁၄ ခုနှစ် မတ်လမှစတင်ပြီး နိုဝင်ဘာလအထိ ရန်ကုန်၊ ပြင်ဦးလွင်၊ မန္တလေး၊ ပုဂံ၊ နေပြည်တော်မြို့များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဧရာဝတီဘဏ်မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်း

ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ်ကို ၂၀၁၄ ခုနှစ် မတ် ၁၃ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ ရွှေရှင်ရယ်မြန်မာ ဂေါက်ကလပ်၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီးပြိုင်ပွဲများ ပါဝင်ပြီး စိန့်အင်ဒရူးဥပဒေသနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ဆုများအား ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးအားကစားမောင်မယ်များသည် ၂၀၁၄ ခုနှစ် မတ် ၁၀ ရက် ညနေ ၃ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ငွေကျပ် နှစ်သောင်းနှင့်အတူ ရွှေရှင်ရယ်မြန်မာဂေါက်ကွင်း နေပြည်တော်တွင်လည်းကောင်း၊ မြန်မာဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ ကျောက်ရေတွင်း ရန်ကုန်တွင်လည်းကောင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ပြိုင်ပွဲဝင်များ သွားလာရေး အဆင်ပြေစေရန် ရန်ကုန်မြို့မှ နေပြည်တော်သို့ အသွားအပြန် ကားစီစဉ်ထားရှိပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များအား တယ်လီဖုန်းအမှတ် ၀၉-၅၁၇၇၉၅၆၊ ၀၉-၇၃၀၈၀၁၁၂၊ ၀၉-၄၂၀၀၁၇၈၃၅၊ ၀၉-၂၀၃၇၆၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **ဖိုးသော်ဇင်**

မလေးရှားတွင် လေကြောင်းအရာရှိအိမ်ကို ဖောက်ထွင်းသော နိုင်ငံခြားသားဓားပြအား အဝေးပြေးလမ်းအနီး အသေပစ်ခတ်ဖမ်းဆီး

ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၆

မလေးရှားနိုင်ငံ ဆီလန်ဂေါပြည်နယ် Shah Alam မြို့နယ် North Klang Valley Expressway(NKVE) အဝေးပြေးလမ်းမ KM7.8 အနီးရှိ လေကြောင်းအရာရှိတစ်ဦး နေထိုင်ရာအိမ်သို့ ဖောက်ထွင်းသော အသက် ၃၄ နှစ်အရွယ် ဓားပြတစ်ဦးကို ဖောက်ထွင်းခံရသည့်အိမ်နှင့် မီတာ ၅၀၀ ဝေးသောနေရာတွင် ပစ်သတ်ဖမ်းဆီးလိုက်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက်က မလေးရှားနိုင်ငံ၏ နေ့စဉ်ထုတ် The Star သတင်းဌာနမှ ဖော်ပြသည်။

အဆိုပါဓားပြမှာ နိုင်ငံခြားသားဖြစ်ပြီး ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၄ နာရီက လက်နက်နှင့် မီးခြစ်ကိုင်ဆောင်ကာ ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရန်ကြိုးပမ်းသည့်အချိန်တွင် ပြန်လည်ခုခံနေသဖြင့် သေနတ်ဖြင့်သုံးချက်ပစ်ခတ်ခြင်း ခံရကာ လက်မောင်းတွင် ဒဏ်ရာပြင်းထန်စွာ ရရှိသွားခဲ့ကြောင်းနှင့် အဆိုပါဓားပြနှင့်ပူးပေါင်းပါဝင်သည်ဟု ယူဆရသူ သုံးဦးမှာ အနီးရှိ ဆီအုန်းတောတွင် ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ဆီလန်ဂေါပြည်နယ် ဒုတိယရဲမှူးကြီး Datuk Mohd Shukri Dahlan က ပြောကြားရာတွင် "ကျွန်တော်တို့ အဲဒီအခင်းဖြစ်တဲ့အချိန် ချက်ချင်း အဲဒီနေရာအနီး တစ်ဝိုက်ကို စစ်ဆေးတော့ အဲဒီဓားပြပူးပေါင်းပါဝင်ပြီး စောင့်နေတယ်လို့ထင်ရတဲ့ ကားတစ်စီးကို မသင်္ကာလို့ စစ်ဆေးမယ်လုပ်တော့ ထွက်ပြေးသွားကြပါတယ်။ ဒါနဲ့ပဲ လိုက်လံဖမ်းဆီးတော့ Batu Tiga အရောက်မှာ ဖမ်းမိခဲ့တာပါ။ မလေးရှားနိုင်ငံသား အသက် ၂၄ နှစ်အရွယ် တစ်ဦးနဲ့ ၂၅ နှစ်အရွယ် တစ်ဦး ပေါင်းနှစ်ဦးကို ဖမ်းဆီးရမိပါတယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ လေကြောင်းအရာရှိအိမ်မှ လုယက်ယူငင်သွားသော ပစ္စည်းအချို့ကို ပြန်လည်သိမ်းဆည်းရမိကြောင်း ဆီလန်ဂေါပြည်နယ် ဒုတိယရဲမှူးကြီး Datuk Mohd Shukri Dahlan က ပြောကြားခဲ့ကြောင်းလည်း သိရသည်။

စိုးဝင်း(SP)

ကန် ၁၀၀ နွေအမီ တူးဖော်နေ

နွားထိုးကြီး ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် မိုးအမီ ဖွံ့ဖြိုးရေးကန် ၇၅ ကန် တူးဖော်နေရာ ၃၂ ကန်တူးနိုင်ပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောကြားသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အပြီး ယင်းကန် ၇၅ ကန်တူးဖော်မည်ဖြစ်ရာ သတ်မှတ်ချိန်အမီ တူးဖော်ပြီးစီးမည်ဟု ယင်းက ဆက်လက်ပြောကြားသည်။

နွားထိုးကြီးမြို့နယ် ဆည်မြောင်းဦးစီးဌာန အစီအစဉ်နှင့် တူးဖော်နေသော ကန် ၂၆ ကန်မှာမူ အားလုံးတူးဖော်နိုင်ပြီဖြစ်ကြောင်း ဦးစီးအရာရှိ ဦးအောင်မြင့်သိန်းက ပြောကြားသည်။

မိုးရာသီအမီ နောက်ထပ် ကန် ၁၀၀ တူးဖော်နိုင်မည်ဖြစ်၍ နွားထိုးကြီးနယ်တွင် နွေရာသီ၌ ရေအတွက်မပူပင်ရဟု ဆိုသည်။ **ခင်ဇာမွန်မြင့်(ဥပဒေ)**

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

မိဘအမည်မှန်

တောင်ကြီးမြို့၊ အထက၊ အေးသာယာ၊ နဝမတန်း(F)မှ မောင်ရန်နိုင်ဦး၏ မိဘအမည်မှန်မှာ ဦးဆန်းဝင်း-ဒေါ်ရန်ဝေ ဖြစ်ပါကြောင်း။

ဦးဆန်းဝင်း-ဒေါ်ရန်ဝေ

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ပပခိုင် ၁၂/ဒပန(နိုင်)၀၅၁၆၄၀ ကိုင်ဆောင်သူ တင်သွင်းထားသော မော်တော်ယာဉ်၏ သွင်းကုန်ကြော်ငြာမှုရင်း No.806810 မှာ လုပ်ငန်းလုပ်ကိုင်နေစဉ် အတွင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဒေါ်ပပခိုင်

ဖုန်း-၀၉-၄၂၀၁၅၉၄၁

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးလက်ဒေသ အသေးစားထုတ်ကုန်ပစ္စည်းများနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်ပစ္စည်းများပြပွဲကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသအသေးစား ထုတ်ကုန်ပစ္စည်းများနှင့် ပြည်ပပို့ကုန်အလားအလာရှိသော ထုတ်ကုန်ပစ္စည်းများ ပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၂ ရက်အထိ အမျိုးသားကဇာတ်ရုံ၌ နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ပြပွဲတွင် ကျေးလက်ဒေသမှ ထုတ်လုပ်သော ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ဆန်ကော၊ ဆန်ခါ၊ ဖျာလုပ်ငန်းများ၊ အင်ကြင်းကျောက်ဖြင့် ထုဆစ်ပုံဖော်ထားသော ပန်းပုရုပ်ပစ္စည်းများကို ပြခန်းပေါင်း ၂၀ နှင့် အသင်းအဖွဲ့များ၏ ပြည်ပပို့ကုန် အလားအလာရှိသော ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၈၀ ဖြင့် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးသူကပြောသည်။**(အောက်ပုံ)**

ကျေးလက်ဒေသမှထွက်ရှိသော ဒေသထွက်ကုန် ပစ္စည်းများနှင့် အသင်းအဖွဲ့များ၏ ပြည်ပပို့ကုန်အလားအလာရှိသော ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့၍ ကုန်သွယ်မှုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားသည်။

"ပြပွဲမှာ ကုန်စည်ပြပွဲ၊ ဈေးရောင်းပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲတွေ ပါဝင်ပါတယ်။ ကုန်သွယ်မှုနဲ့ ပတ်သက်တဲ့လုပ်ထုံးလုပ်နည်းတွေနဲ့ သိသင့်သိထိုက်တာတွေကို အပြန်အလှန်ဆွေးနွေးမယ့် အလုပ်ရုံဆွေးနွေးပွဲတွေထည့်သွင်းထားပါတယ်" ဟု ၎င်းကဆိုသည်။ **တင်မောင်(မန္တလေး)**

ဖျာပုံမြို့နယ် ကျေးလက်လမ်းတံတား ဆောင်ရွက်မှု ကွင်းဆင်းကြီးကြပ်

ဖျာပုံ ဖေဖော်ဝါရီ ၂၆

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်းတံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ ဖျာပုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူးဦးကြည်စော၊ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ဇော်လင်းနှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၇ ရက်က ကွင်းဆင်းကြီးကြပ်ခဲ့သည်။

အဆိုပါ ကံ့ကူဒွန်း-ဘုန်းကြီးသောင်လမ်းမှာ အရှည် (၂/၁) မိုင်နှင့် အရှည် ၂၅ ပေရှိ သစ်သားတံတားတစ်စင်းတို့ကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၄ ဒသမ ၈၇၀ ဖြင့် နေလဝင်းနှင့် လင်းခနဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး အဆိုပါ လမ်း၊ တံတားပြီးစီးသွားပါက ထိုဒေသအတွင်းရှိ အိမ်ထောင်စု ၂၆၇၇ စုနှင့် လူဦးရေ ၁၃၁၆၅ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **ဇော်မင်း(iprd)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၇၀၀၀
ရန်ကုန်ရွှေဈေး	၁၅ ပဲရည်	တစ်ကျပ်သား	၆၄၆၆၀၀
မန္တလေးရွှေဈေး	၁၆ ပဲရည်	တစ်ကျပ်သား	၆၈၆၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၂-၉၉၀	ကျပ်
ဥရောပ	တစ်ယူရို	၁၃၂၀-၁၃၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၅-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၁၆-၂	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၂	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၅-၃၀၄	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၂၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဧယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၈၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၂၀၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၅
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၃၅၀-၆၆၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၇၀၀
၁၂။ သကြား	တစ်ပိဿာ	၈၄၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့၄တင်ပြသည်။

နွေစပါး နွေနှမ်း စိုက်ပျိုး

နွားထိုးကြီး ဖေဖော်ဝါရီ ၂၆

နွားထိုးကြီးမြို့နယ် နွေစပါးဧက ၈၅၀ နှင့် နွေနှမ်းဧက ၁၅၀ အတွက် စိုက်ပျိုးရေကို ဖေဖော်ဝါရီ စတုတ္ထပတ်မှစ၍ ဆည်ရေပေးဝေနေပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ သိရသည်။

ခက်လန်းဆည်မှ ဧက ၄၀၀၊ ကန်နားကန်မှ ဧက ၂၅၀၊ မြိုင်သာကန်မှ ဧက ၁၀၀ နှင့် ဇီးတောဆည်မှ ဧက ၁၀၀ ယခုနွေရာသီတွင်စိုက်ပျိုးနေသည်။

အလားတူ ပြောင်းပြာဆည်ရေဖြင့် နွေနှမ်းဧက ၁၅၀ ကိုလည်း ယခုနှစ် စိုက်ပျိုးနေသည်။ နွားထိုးကြီးနယ်တွင် ယမန်နှစ်က နောက်ပိုင်း မိုးကောင်းခဲ့၍ ဆည်ရေကန်ရေဖြင့် နွေသီးနှံအပြည့်အဝစီမံကိန်းအကောင်အထည်ဖော်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **ငွေးမြင့်မောင်**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အနော်ရထာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ တိုးချဲ့၊ မြေကွက်အမှတ် ၂၃၅ဟုခေါ်တွင်သော အလျား×အနံ (၆၂×၇၅) ပေ၊ ဧရိယာစတုရန်းပေ ၄၆၅၀၊ ၀ ဒသမ ၁၀၇ဧကရှိသည့် နှစ် ၆၀မြေငှားစာချုပ်အမည်ပေါက် ပိုင်ဆိုင်သူ ဦးမောင်ကျော် ၁၂/မဂတ(နိုင်)၀၆၉၄၇၂၊ ဒေါ်ခင်အေးမြင့် ၁၂/မဂတ(နိုင်)၀၆၉၄၈၅ ထံမှ ဦးရဲထွဋ် ၁၂/ဒဂမ(နိုင်)၀၀၁၀၈၀သည် အထူးကိုယ်စားလှယ်လွှဲစာ ၁၃၁/၂-၁-၂၀၁၄ နှင့် ဝယ်ယူပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု၍ ကျွန်ုပ်၏မိတ်ဆွေမှ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေပေးအပ်ပြီးဖြစ်ရာ ကန့်ကွက်ရန်ရှိသည့် မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးဇော်ဝင်း LL.B
အထက်တန်းရှေ့နေ(၁၅၆၉၇)
အမှတ် ၆/ခ၊ သစ္စာလမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၅၀၅၇၀၉၂

သားအဖြစ်မှစွန့်လွှတ်ခြင်း

မောင်သက်လှိုင်ဝင်း ၁၁/တကန(နိုင်)၀၆၉၂၉၄ သည် မိဘများ၏ ဆုံးမမှုကို နားမထောင်ဘဲ မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။) **ဖခင် - ဦးဝင်းတင် ၁၁/တကန(နိုင်)၀၀၆၁၅၉**
မိခင် - ဒေါ်ခင်သက်ဝေ ၁၁/တကန(နိုင်)၀၀၉၂၉၉

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျောက်ပန်းတောင်းမြို့၊ ဈေးကွက်သစ်ရပ်ကွက်၊ ကံကော်မြိုင်လမ်း၊ အိမ်အမှတ် ၃၃၃ နေ ဦးလှသန်း ၉/ကပတ(နိုင်) ၀၃၁၇၆၉-ဒေါ်သိန်းငွေ ၉/ကပတ(နိုင်) ၀၃၁၇၆၈ တို့၏သား မောင်သိန်းမြင့်ဦး ၉/ကပတ(နိုင်)၀၃၁၅၅၄ သည် မိဘနှင့် ညီအစ်ကိုမောင်နှမများအား အမျိုးမျိုးစိတ်ဆင်းရဲအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သောမည်သည့်ကိစ္စမဆို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)**
ဦးလှသန်း-ဒေါ်သိန်းငွေ

အာစရိယပူဇော်ပွဲအတွက် အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်ခြင်း

ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်-မန္တလေး) ကျောင်းဆင်းကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ဖော်ပြပါအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဦးတင်ဦး	ဖုန်း-၀၉-၄၃၀၉၃၄၆၈
ဒေါက်တာသောင်းအေး	ဖုန်း-၀၉-၄၂၅၀၀၈၇၀၀
ဦးနေရှာန်သန်း	ဖုန်း-၀၉-၄၂၁၀၈၆၈၉၈
ဦးခွန်အောင်ခမ်း	ဖုန်း-၀၉-၄၉၃၆၄၅၁၃

KBZ Bank Acount No: 1101220006487 (DawBon)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၈၃၈၊ အကျယ်အဝန်း အလျားပေ၄၀×အနံပေ ၆၀ရှိ နှစ်၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ယခုအခေါ် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ သီရိဇေယျာ ၂၀လမ်း၊ အမှတ် ၈၃၈ ဟုခေါ်တွင်သည့် မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက် ပိုင်ဆိုင်ထားသူ ဦးစောလှထွန်းသိန်း ၉/မနမ(နိုင်)၀၂၄၅၂၆၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၈၂၁၄/၂၀၁၁ ရရှိသူ ဒေါ်ခင်စန္ဒာဝင်း ၁၂/လသန(နိုင်)၀၀၃၆၈၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲဝင်း LL.B, D.B.L အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
Fax&Ph-၀၁-၉၆၆၉၀၀၄၊ ၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃

ကွာရှင်းပြတ်စဲခြင်း

ကျွန်မ ကြည်သာဝင်း ၁၂/ကမရ(နိုင်)၀၅၅၄၅၃နှင့်ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ ကိုချစ်ကို ၁၂/ဥကမ(ဧည့်)၀၀၀၂၆၂တို့သည် ၂၄-၂-၂၀၁၄ ရက်တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **ကြည်သာဝင်း ၁၂/ကမရ(နိုင်)၀၅၅၄၅၃**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

အမေရိကန် လေယာဉ်ပျက်ရှာဖွေရေးအဖွဲ့ တောင်ငူသို့ရောက်ရှိ

တောင်ငူ ဖေဖော်ဝါရီ ၂၆

ဒုတိယကမ္ဘာစစ်အတွင်းက တောင်ငူမြို့တွင် ပျက်ကျခဲ့သော အမေရိကန်စစ်လေယာဉ်များနှင့် ပတ်သက်သည့် သတင်းများ စုံစမ်းမေးမြန်းရန်အတွက် JPAC (Joint Personal Accountant Command) မှ အမေရိကန်နိုင်ငံသား Mr.Hansen Wayne Trae ဦးဆောင်သော အဖွဲ့ဝင်ကိုးဦး၊ စကားပြန်တစ်ဦးပါ အဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက်က တောင်ငူမြို့ အမှတ် (၁၈)ရပ်ကွက်နေသူများထံမှ စစ်လေယာဉ်ပျက်နှင့် ပတ်သက်သည့် သတင်းများ လိုက်လံ စုံစမ်းခဲ့ကြောင်း သိရသည်။

စုံစမ်းမေးမြန်းရာတွင် လေယာဉ် ပျက်ကျသည်ကို သိခဲ့သူများဖြစ်ကြသော ဦးတင်အောင်(၆၇ နှစ်)၊ ဒေါ်စန်း (၇၀ နှစ်)၊ ဒေါ်မာမာ(၈၅ နှစ်)၊ ဒေါ်ခင်ညွန့်(၈၅ နှစ်)၊ ဦးစိမ်း (၈၉ နှစ်)တို့ကို လိုက်လံတွေ့ဆုံ မေးမြန်းခဲ့ပြီး ၎င်းတို့ထံ မေးမြန်းချက်များအရ ဦးတင်အောင်၏ ကန်စွန်းခင်းအတွင်း ဒုတိယကမ္ဘာစစ်ကာလက အမေရိကန် စစ်လေယာဉ်တစ်စင်း ပျက်ကျခဲ့ဖူးကြောင်း၊ လေယာဉ်ပျက်ကျချိန်မှာ ဆောင်းရာသီကာလဖြစ်၍ လေယာဉ်ပျက်ကျသည့်နေရာတွင် ယနေ့အချိန်အထိ ချိုင့်ခွက်ကျန်ရှိနေဆဲဖြစ်ကြောင်း၊ လေယာဉ်ပျက်အပိုင်းအစများ ယခင်က ကျန်ရှိခဲ့သော်လည်း နှစ်ကာလကြာလာသည်နှင့်အမျှ ပျောက်ဆုံးသွားခဲ့ကြောင်း ပြောကြားသည်။

လေယာဉ်ပျက်ကျစဉ် ပါရှိသော အမေရိကန်အလောင်းများကို ဂျပန်များက သယ်ဆောင်သွားခဲ့ပြီး အသက်ရှင်ကျန်သူ အမေရိကန်များကိုလည်း ဂျပန်တပ်စခန်းများသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။ ဂျပန်များနှင့်အတူတွဲပြီး အလုပ်လုပ်ကိုင်ဖူးသည့် တောင်ငူမြို့တွင် ကြီးပြင်းသူ ဦးစိမ်းက ကန်စွန်းခင်းအတွင်း ပျက်ကျသည့် လေယာဉ်အပြင် အမေရိကန်လေယာဉ်နောက်ထပ်နှစ်စင်း ပျက်ကျသည်ကို ၎င်းကိုယ်တိုင်မြင်ဖူးခဲ့ကြောင်း၊ တစ်စင်းမှာ တောင်ငူမြို့ (၁၄)ရပ်ကွက် ဗလီပေါ်သို့လည်းကောင်း၊ တစ်စင်းမှာ (၁၈)ရပ်ကွက်အနီး ကုန်းမြင့်ပေါ်သို့လည်းကောင်း ပျက်ကျသွားခဲ့ပြီး လေယာဉ်များမှာ အင်ဂျင်တစ်လုံးတည်းဖြစ်ကြောင်း သိရသည်။

လေယာဉ်ပေါ်တွင် ပါရှိသည့် အမေရိကန်နိုင်ငံသားအချို့ သေဆုံးပြီး အသက်ရှင်ကျန်ခဲ့သူ အမေရိကန်နိုင်ငံသားများကို တောင်ငူမြို့နယ် မြွေတော်ကျေးရွာရှိ ဂျပန်တပ်စခန်းသို့ ဂျပန်များက ခေါ်ဆောင်သွားကြောင်း ပြောကြားခဲ့သည်။

JPAC မှ အဆိုပါအဖွဲ့သည် အမေရိကန်စစ်လေယာဉ်ပျက်သတင်းများစုံစမ်းရန် ယမန်နှစ်ကလည်း တောင်ငူသို့ တစ်ကြိမ်ရောက်ရှိခဲ့ပြီး ယခုစုံစမ်းမှုမှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။

ဖြိုးလွင်အောင်(ဆွာ)

လူနှင့်ဆင် ပဋိပက္ခလျှော့ချရေးဆောင်ရွက်

သပိတ်ကျင်း ဖေဖော်ဝါရီ ၂၆

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၏ အစီအစဉ်ဖြင့် လူနှင့်ဆင် ပဋိပက္ခဖြစ်ပွားနေမှုလျှော့ချရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ တောဆင်ရိုင်းများကို ဖမ်းဆီးနိုင်ရန် ၂၀၁၁-၂၀၁၂ ဆင်ဖမ်းရာသီကာလတွင် ခွင့်ပြုပေးခဲ့သည်။ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်တွင် ၂၀၁၁-၂၀၁၂ ဆင်ဖမ်းရာသီကာလအတွင်း တောဆင်သုံးကောင်သာ ဖမ်းဆီးရမိသဖြင့် ၂၀၁၂-၂၀၁၃ ဆင်ဖမ်းရာသီကာလတွင် ဒုတိယအကြိမ် ဆင်ဖမ်းခွင့်တောင်းခံရာ ယခင်နှစ်မှ ခွင့်ပြုထားသည့် လက်ကျန်ခုနစ်ကောင်ကို ထပ်မံဖမ်းဆီးခွင့် ပြုခဲ့သည်။

ထိုသို့ ပုဂ္ဂလိကကျုံးစနစ်ဖြင့် ဖမ်းဆီးရမိသောဆင်များကို လိမ္မာယဉ်ပါးသည်အထိ လေ့ကျင့်ထားပြီး ဖမ်းဆီးထားသော ဆင်သုံးကောင်ကို မြန်မာ့သစ်လုပ်ငန်းမှ တစ်ကောင်နှင့် ဆင်ဖမ်းအဖွဲ့မှ နှစ်ကောင်နှုန်းဖြင့် ခွဲဝေယူရကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ သပိတ်ကျင်းမြို့နယ် အုံးတကူးကျေးရွာ၌ ယခင်နှစ်က ဖမ်းဆီးရမိသော ဆင်သုံးကောင်ကို ခွဲဝေ၍ မြန်မာ့သစ်လုပ်ငန်းကရရှိသော အသက် ၃၅ နှစ်ရှိ ဆင်မကြီး မယ်(၅)ကို ဌာနပိုင်ဟီးနိုးကားဖြင့် တင်ဆောင်၍ တောင်ငူသစ်ထုတ်လုပ်ရေးဌာနသို့ ပြောင်းရွှေ့ပို့ဆောင်ပေးခဲ့ရသည်။

မြန်မာနိုင်ငံ၏ လူဦးရေတိုးပွားလာမှုနှင့် တောဆင်ရိုင်းများ ကျက်စားရာဒေသအတွင်းသို့ လူများရောက်ရှိလာပြီး သယံဇာတပစ္စည်းများရှာဖွေခြင်း၊ တောင်ယာများ ချဲ့ထွင်ခုတ်ယူခြင်းတို့ကြောင့် သစ်တောများပြုန်းတီးကာ စာကျက်မြေနေရာများ ကျဉ်းမြောင်းလာပြီး တောရိုင်းတိရစ္ဆာန်များ အစာရေစာရှားပါးလာမှုမှ အစပြု၍ လူနှင့်ဆင်ပဋိပက္ခများ ပိုမိုဖြစ်ပွားလာကြောင်း ဒေသခံကျွမ်းကျင်သူများ၏ ပြောပြချက်များအရ သိရသည်။

စိုးနိုင်ဝင်း

အရှိန်လွန်ကား စည်ပင်ဝန်ထမ်းကို တိုက်မိ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကမာရွတ်မြို့နယ် အင်းစိန်လမ်းမကြီး ဆင်ရေတွင်း ကားမှတ်တိုင်အနီး အမှိုက်ပစ်ရာနေရာတွင် ဖေဖော်ဝါရီ ၂၄ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ အင်းစိန်လမ်းမကြီးအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း ဦးညွန့်စိန် မောင်းနှင်လာသော SPACIO အမျိုးအစားယာဉ်အမှတ် YGN 7C/. . . . သည် အရှိန်လွန်ရာမှ အမှိုက်စွန့်ပစ်ရန် ရောက်ရှိနေသော စည်ပင်ဝန်ထမ်း အမျိုးသမီးတစ်ဦး၊ အခြားအမျိုးသားနှစ်ဦးနှင့် ကိုယ်ပိုင်ယာဉ်ငယ်တစ်စီးတို့ကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်သည်။ ထိုသို့ ယာဉ်တိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦးကို ဆေးရုံကြီးသို့ တင်ပို့ထားပြီး အမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၆၃)

ကျီးမနိုးကျေးရွာတွင် လူတစ်ဦးဓာတ်လိုက်သေဆုံး

ဖြူး ဖေဖော်ဝါရီ ၂၆

ဖေဖော်ဝါရီ ၂၃ ရက် ည ၇ နာရီခွဲခန့်က ဖြူးမြို့နယ် ကျီးမနိုးကျေးရွာတွင် လူတစ်ဦး ဓာတ်လိုက်သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျီးမနိုးကျေးရွာနေ မောင်နေမျိုး (၂၁ နှစ်)သည် ၎င်းနေထိုင်သောတဲအတွင်း သွယ်တန်းထားသည့် ဝိုင်ယာနှစ်ပင်လိမ်ကြိုးကို မပြီးရွှေ့လိုက်စဉ် ဓာတ်လိုက်၍ သေဆုံးခဲ့ကြောင်းသိရပြီး ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြိုးလွင်အောင်

ဖခင်အမည်မှန်

ဆိပ်ဖြူမြို့ အထက၊ နဝမတန်း(A) မှ မပြည့်ဖြိုးဝေ၏ ဖခင်အမည်အမှန်မှာ ဦးဇော်ဇော်အောင် ၁၄/ဘကလ(နိုင်) ၂၃၆၂၁၁ ဖြစ်ပါသည်။

ဦးဇော်ဇော်အောင်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လှိုင်သာယာမြို့နယ် ၃/၃/၈၄ ဗိုလ်ချုပ်လမ်းနေ ဒေါ်ဌေးဌေးမြင့် ၁၂/လသယ(နိုင်) ၀၀၄၂၉၈ ၏သား မောင်ဖြိုးကိုကို ၁၂/လသယ(နိုင်)၀၃၄၇၉၆ သည် မိဘ၏စကားကို နားမထောင်ဘဲ ၎င်းဆန္ဒအတိုင်း နေထိုင်ပါသဖြင့် ၎င်းအားယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(မေးမြန်းစုံစမ်းခြင်းသည်းခံပါ။)
မိခင် ဒေါ်ဌေးဌေးမြင့် (ခ) ဒေါ်ချို
လှိုင်သာယာ (၃)ထိပ်

စာအုပ် စာပေ
လူ့မိတ်ဆွေ

စစ်တက္ကသိုလ်အမှတ်စဉ်(၃၅)
အာစရိယပူဇော်ပွဲ

ဆရာ ဆရာမများအား အာစရိယပူဇော်ပွဲကို ၂၀၁၄ခုနှစ် မတ် ၂၉ရက် ရန်ကုန်တွင်ကျင်းပမည် ဖြစ်ပါသောကြောင့် မပျက်မကွက်တက်ရောက်ကြပါရန်နှင့် လျှုဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ နေရာနှင့် အချိန်အား ထပ်မံကြေညာပေးပါမည်။

ဦးထွန်းလှမြင့်	ဖုန်း-၀၉-၂၀၀၉၃၈၈
ဦးအောင်ကျော်ကျော်	ဖုန်း-၀၉-၅၁၃၇၂၄၇
ဦးဇော်ဝင်းဌေး	ဖုန်း-၀၉-၈၆၃၆၉၆၉
ဦးတင်မိုးအောင်	ဖုန်း-၀၉-၇၃၁၆၂၁၉၈
ဦးသန့်ဇော်ဦး	ဖုန်း-၀၉-၈၆၃၅၃၁၅



SKILL DEVELOPING EDUCATION CENTER

Speak English Take it Easy!

SUMMER SCHOOL

နွေရာသီ အထူးအင်္ဂလိပ်စာသင်တန်းများကို ၃-၃-၂၀၁၄ ရက်မှစတင် သင်ကြားပို့ချပေးပြီဖြစ်ပါသည်။ Cambridge စာစစ်အဖွဲ့၏ သင်ရိုးညွှန်းတမ်းများဖြစ်သော-

- * Starters
- * Movers
- * Flyers
- * KET
- * PET
- * FCE

အားကစားသင်တန်းများ

၁။ တင်းနစ်လေ့ကျင့်မှု (မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် သိမ်ဖြူကွင်းတွင် လေ့ကျင့်သင်ကြားပေးခြင်း)
၂။ ပန်းချီသင်တန်း
၃။ ရေကူးသင်တန်း
၄။ ကွန်ပျူတာသင်တန်း

(Main Compus) No.3, Phoe Sein Road, Bahan Township Yangon.
Ph-01-430026, 01-545681, 09-5011117, 09-73206650, 09-5144987

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးဖုန်းမြင့်-ဒေါ်ဝင်းမြင့်သန်း တို့၏သား

မောင်ဇော်ဝင်းမြင့်

Senior Expert (Retail) Telenor Myanmar

နှင့်

ရန်ကုန်မြို့နေ ဦးခင်မောင်လင်း-ဒေါ်ရီရီဝင်း တို့၏သမီးငယ်

မသဥ္ဇာလင်း

(Director - Saw Mahar Travels)

တို့၏ ၁၀-၁-၂၀၁၄ရက် (သောကြာနေ့)တွင် Sedona Hotel (Grand Ballroom)၌ ကျင်းပခဲ့သည့် စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်လက်ထပ်ပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်ခင်ဌေးမြင့်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော အငြိမ်းစားကုန်သွယ်ရေးဝန်ကြီး ဦးခင်မောင်ကြီးနှင့် ဒေါ်ခင်ခင်ထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းအစိုးရအဖွဲ့ စက်မှုနှင့်လျှပ်စစ်ဝန်ကြီး ဦးဉာဏ်ထွန်းဦးနှင့်ဇနီး ဒေါ်ခင်စောဥမ္မာတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော အငြိမ်းစားနိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော်နှင့်ဇနီး၊ အငြိမ်းစားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဦးခင်မောင်ဝင်း၊ အငြိမ်းစားဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဦးညွန့်ဆွေနှင့်ဇနီး၊ အငြိမ်းစား သံအမတ်ကြီးများနှင့် ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များနှင့်ဇနီးများ၊ ဂုဏ်သရေရှိ ဆရာသမားများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၁-၁-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော (ရန်ကုန်တိုင်းတရားလွှတ်တော်) ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာငြိမ်းအားလည်းကောင်း၊ Sedona Hotel မင်္ဂလာအခမ်းအနားတွင် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးပါသော တေးသံရှင်မဟေမာနေဝင်းနှင့် The First Music Agency တေးဂီတအဖွဲ့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံဖြစ်သော ကိုကျော်တင်စိုး၊ ကိုပြည့်ဖြိုးသောင်းဝေ၊ မင်္ဂလာသတို့သမီးအရံအဖြစ် ဆောင်ရွက်ပေးပါသော မယမုံညွန့်နှင့် မဝါဝါဝေလွင်၊ မင်္ဂလာပန်းကြဲပေးပါသော မစုမွန်ဝေ၊ မင်္ဂလာစံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မစုလဲ့ဝေနှင့် မဖူးမဥ္ဇူညွန့်၊ မင်္ဂလာဝတ်စုံမိတ်ကပ်နှင့် ဆံပင်အလှဆင်မြန်းပေးပါသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့သားများ၊ မင်္ဂလာပန်းအလှဆင်ပေးပါသော အန်တီနီလာ၊ Eternal Flowers မှတ်တမ်းတင်ဓာတ်ပုံနှင့် Video ရိုက်ကူးပေးပါသော ကိုဝဏ္ဏခွာနီးနှင့် အဖွဲ့သားများ၊ မင်္ဂလာဖိတ်စာများဆောင်ရွက်ပေးပါသော ဒဂုံပုံနှိပ်တိုက်တို့အားလည်းကောင်း၊ Sedona Hotel မှ မလီလီနှင့်ဝန်ထမ်းများ၊ ၃-၁-၂၀၁၄ရက် (သောကြာနေ့)တွင် မဟာစည်သာသနာ့ရိပ်သာ၌ မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်သော ဆွေမျိုးနှင့်ဧည့်သည်တော်များအားလည်းကောင်း၊ ဝိုင်းဝန်းကူညီသူများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား မှတ်တမ်းတင်ဓာတ်ပုံများရိုက်ကူးပေးပါသော ကိုရဲဝင့်နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော Marvelous မိတ်ကပ်နှင့်ဆံပင် စိုးစိုးနှင့်အဖွဲ့၊ Pre Wedding ဓာတ်ပုံရိုက်ကူးပေးပါသော 7 Picture ၊ မင်္ဂလာအခမ်းအနားသို့ လူကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နှစ်ဖက်သောဂုဏ်သရေရှိ လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာပွဲများကို အဘက်ဘက်မှဝိုင်းဝန်းကူညီဆောင်ရွက်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟ၊ သူငယ်ချင်းများနှင့် အခြားကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်းမြင့်-မသဥ္ဇာလင်း

နိုင်ငံတကာအားကစား

အာဆင်နယ်တို့မလွယ်ပေမယ့်ချယ်လ်ဆီးတို့အမှတ်ပြည့်ယူမယ့်ပွဲပါ

ပရီမီယာလိဂ်ပွဲစဉ်(၂၈)ကို လာမယ့် မတ် ၁ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာမို့ ဥရောပပွဲတွေနဲ့ ရင်ဆိုင်ကျော်ဖြတ်နေရတဲ့ အသင်းကြီးတွေအနေနဲ့ အခု ပရီမီယာလိဂ်ပွဲစဉ်မှာလည်း အားတင်းကစားကြရဦးမှာ ဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ဒီနှစ်ဘောလုံးရာသီပွဲစဉ်တွေပြီးဆုံးဖို့ နီးကပ်လာတာနဲ့အမျှ ရပ်တည်မှု ကောင်းကောင်းရရှိဖို့အတွက် အင်တိုက်အားတိုက်ဆင်နွှဲကြရဦးမှာမို့ ရင်ခုန်စွာ အားပေးနိုင်ရေး တစ်ပွဲချင်းစီကို သုံးသပ်ရဦးမှာဖြစ်ပါတယ်။

ဖူလ်ဟမ်နှင့် ချယ်လ်ဆီး

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု သုံးပွဲမှာ ချယ်လ်ဆီးတို့ တစ်ပွဲမှ မရှုံးခဲ့ပေမယ့် အင်အားပြည့်ယှဉ်ပြိုင်ခဲ့ရတာချည်းပါပဲ။ ချယ်လ်ဆီးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ စိတ်ပန်း၊ လူပန်းဖြစ်ခဲ့ရပေမယ့် ဒီပွဲကိုလည်း အလေးအနက်ထား ကစားပါလိမ့်မယ်။ တန်းစီဇယားအောက်ဆုံးကို ရောက်ရှိနေတဲ့ ဖူလ်ဟမ်ဟာ အိမ်ကွင်းမှာ ပြင်းထန်တဲ့ တုံ့ပြန်မှုတွေနဲ့ ဩဇာသည်ကို ခက်ခဲအောင် ကြိုးစားဖို့ရှိပေမယ့် အမှတ်လိုအပ်နေတဲ့ ချယ်လ်ဆီးဟာ ဒီပွဲကို သာသာယာယာပဲ ဖြတ်သန်းပါလိမ့်မယ်။

စတုတ်နှင့် အာဆင်နယ်

စတုတ်ကွင်းမှာ အာဆင်နယ်တို့ ခက်ခဲခဲ့တာချည်း ဖြစ်ပါတယ်။ စတုတ်ဟာ တန်းဆင်းဇုန်နားရစ်ဝဲနေတာမို့ ဒီပွဲမှာ အာဆယ်နယ်ကို တွန်းလှန်နိုင်ဖို့ ပြင်ဆင်မှာ သေချာပါတယ်။ စတုတ်တို့ဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောတဲ့အပြင် ပြိုင်ဘက်ကို အခက်တွေ့အောင်ကစားနိုင်တဲ့ အသင်းဖြစ်တာမို့ အာဆယ်နယ်ဟာ ပေါ့ဆလို့မရပါဘူး၊ အာဆင်နယ်ဟာ အခုနောက်ပိုင်းမှာ ရလဒ်တွေ ဆိုးရွားနေတာမို့ ဒီပွဲမှာ အနိုင်ရရင်တောင် ရလဒ်ပြတ်သားမှုရှိမှာ မဟုတ်ပါဘူး။

ဆောက်သမ်တန်နှင့် လီဗာပူး

ဆောက်သမ်တန်ဟာ လီဗာပူးအတွက် အကျပ်အတည်းတွေ့စေတဲ့ ပြိုင်ဘက်တစ်ဦးပါပဲ။ ဆောက်သမ်တန်ကွင်းမှာ လီဗာပူးတို့ ရှုံးနိမ့်မှုတွေကြုံတွေ့ခဲ့ရတာများတာမို့ အခုပွဲမှာတော့ အဲဒီမှတ်တမ်းကိုချေဖျက်နိုင်မလား ကြည့်ရမှာပါ။ တန်းစီဇယားမှာ လက်ရှိနေရာ တည်မြဲဖို့ ကြိုးစားနေတဲ့ လီဗာပူးဟာ ဒီပွဲမှာတော့ တိုက်စစ်မျိုးတွေ အစုံအလင်နဲ့ ပွဲထွက်လာပါလိမ့်မယ်။ ယခုအချိန်မှာ လီဗာပူးရဲ့ ခြေစွမ်းက ကောင်းနေတာမို့ ကြိုးကြာနီ ပရိသတ်တွေ ပျော်ရွှင်ရမယ့် အနေအထားရှိပါတယ်။

အဲဗာတန်နှင့် ဝက်စ်ဟမ်း

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ မှတ်တမ်းမှာတော့ အဲဗာတန်တို့ နိုင်ပွဲတွေချည်း ရခဲ့တာများပါတယ်။ အဲဗာတန်တို့ အိမ်ကွင်းမှာတော့ ရလဒ်ကောင်းအောင်ကစားနိုင်တာမို့ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တဲ့ ဝက်စ်ဟမ်းတို့ မျှော်လင့်ချက်ကြီးကြီးထားလို့ မရနိုင်ပါဘူး။ ဒါပေမယ့် အခုနောက်ပိုင်းပွဲတွေမှာ နိုင်ပွဲဆက်နေတဲ့ ဝက်စ်ဟမ်းကို သတိထားကစားဖို့တော့ လိုပါမယ်။ ဒီပွဲမှာတော့ အဲဗာတန်တို့ အားထုတ်မှုကောင်းရင်တော့ အမှတ်ခွဲဝေပေးစရာတောင် မလိုတဲ့ အခြေအနေပါပဲ။

မိုးမြင့်လင်းလက်

ယူရိုပါလိဂ်ပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

ယူရိုပါလိဂ် ၃၂သင်းအဆင့် (ဒုတိယကျော့) ဖေဖော်ဝါရီ ၂၇/၂၈

ရှုဘင်ကာဇန်	-	ဘက်တစ်	ည	၁၁း၃၀	(ပကျော့ ၁-၁)
နာပိုလီ	-	ဆွမ်ဆီး	နံနက်	၀၀း၃၀	(ပကျော့ ၀-၀)
ဆီဗီလာ	-	မာရီဘော	နံနက်	၀၀း၃၀	(ပကျော့ ၂-၂)
ရက်တာဒိုးနက်	-	ပါလ်ဇန်	နံနက်	၀၀း၃၀	(ပကျော့ ၁-၁)
လူဒိုဂိုရက်စ်	-	လာဇီယို	နံနက်	၀၀း၃၀	(ပကျော့ ၁-၀)
ဆဲလ်ဘတ်	-	အိုင်ယက်	နံနက်	၀၀း၃၀	(ပကျော့ ၃-၀)
ဘေဆယ်	-	မက္ကာဘီတဲလ်အဗစ်	နံနက်	၀၀း၃၀	(ပကျော့ ၀-၀)
ဖရန့်ဖတ်	-	ပေါ်တို	နံနက်	၀၀း၃၀	(ပကျော့ ၂-၂)
စပါး	-	ဒီနီပရို	နံနက်	၂း၃၅	(ပကျော့ ၀-၁)
ထရက်ဇွန်စပေါ	-	ဂျူဗင်တပ်စ်	နံနက်	၂း၃၅	(ပကျော့ ၀-၂)
လိုင်ယွန်	-	ချာနိုမိုရက်စ်	နံနက်	၂း၃၅	(ပကျော့ ၀-၀)
ဖီအိုရင်တီးနား	-	အက်စ်ဘတ်	နံနက်	၂း၃၅	(ပကျော့ ၃-၁)
ဂျန့်ခ်	-	အန်ဇီ	နံနက်	၂း၃၅	(ပကျော့ ၀-၀)
ဗလင်စီယာ	-	ဒိုင်နမိုကိဗ်	နံနက်	၂း၃၅	(ပကျော့ ၂-၀)
ဘင်ဖီကာ	-	PAOK	နံနက်	၂း၃၅	(ပကျော့ ၁-၀)
အယ်လ်ခမာ	-	လစ်ဗာရေ့စ်	နံနက်	၂း၃၅	(ပကျော့ ၁-၀)

ဖေဖော်ဝါရီ ၂၆ ရက် ဂိုးရလဒ်များ

ဘော်ဒိုး	၃-၂	လော်ရီယန့်
ဇင်းနစ်	၂-၄	ဒေါ့မွန်
အိုလံပီယာကော့စ်	၂-၀	မန်ယူ

ချန်ပီယံလိဂ်တွင် မန်ယူ ရှုံးပွဲကြုံ

ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့အဖြစ် အိုလံပီယာကို့စ်နှင့် မန်ယူတို့ ယှဉ်ပြိုင်ကစားရာ ဂရိကလပ် အိုလံပီယာကို့စ်က နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားခဲ့သည်။ အိုလံပီယာကို့စ်အသင်းအတွက် ဂိုးများကို ဒိုမင်ကွက်ဇ်နှင့် အာဆင်နယ်မှ အငှားခေါ်ယူထားသော ဂျိုးလ်ကင်းဘဲလ်တို့က သွင်းယူခဲ့သည်။ မန်ယူက ဂိုးပေါက်တည့် ကန်သွင်းမှု တစ်ကြိမ်သာရခဲ့သည်။ အိုလံပီယာကို့စ်အသင်းသည် ဂရိစူပါလိဂ်တွင် ရမှတ် ၂၀ အသာဖြင့် ဦးဆောင်နေသည့် အသင်းဖြစ်သည်။ ၂၆ ပွဲတွင် ၂၄ ပွဲအနိုင်ရထားသည့် အသင်းဖြစ်သည်။

ဒေါ့မွန် ချန်ပီယံလိဂ်ကွာတားတက်နိုင်

ဒေါ့မွန်နှင့် ဇင်းနစ်စိန့်ပီတာစဘတ်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်းပြိုင်ပွဲတွင် ဒေါ့မွန်က လေးဂိုး-နှစ်ဂိုးဖြင့် အဝေးကွင်းအနိုင်ရလိုက်၍ ကွာတားတက်ရန်သေချာသွားပြီဖြစ်သည်။

ဒေါ့မွန်အသင်းအတွက် လီဝမ်ဒေါ်စကီးက ခြေစွမ်းပြကစားပြီး နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ၎င်းမတိုင်မီ စီတာရန်းနှင့် မာကိုရူးစ်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ ဒေါ့မွန်အသင်းသည် ပြီးခဲ့သည့်နှစ်က ဘိုင်ယန်မြူးနစ်ကိုရှုံးကာ ချန်ပီယံလိဂ်ဖလားလက်လွတ်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဌာနဆိုင်ရာ

စွမ်းအင်သယံဇာတနှင့်ဓာတ်သတ္တုဆိုင်ရာဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာန၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

စွမ်းအင်ဝန်ကြီးဌာနနှင့်ပတ်သက်၍မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေ

၁။ **အင်းရွာ-ပြည် ၂၀ လက်မ ပိုက်လိုင်း ၆၅ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းများကြောင့် ပျက်စီးခဲ့သော စိုက်ပျိုးသီးနှံများအတွက် လျော်ကြေးငွေရရှိလိုကြောင်း ဒေသခံတောင်သူများမှ တင်ပြလာမှုနှင့်ပတ်သက်၍** စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် အင်းရွာ-ပြည် ၂၀ လက်မ ပိုက်လိုင်း ၆၅ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပိုက်လိုင်းအူလမ်းကြောင်းဖောက်လုပ်ခြင်း၊ ပိုက်လိုင်းဆက်သွယ်ခြင်းနှင့်မြေတူး/မြေဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ပံတန်းမြို့နယ်၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့နယ်နှင့် သာယာဝတီမြို့နယ်များအတွင်း ကျေးရွာများရှိ စိုက်ပျိုးသီးနှံစိုက်ခင်းများမှ သီးနှံစိုက်ခင်းအချို့ ပျက်စီးဆုံးရှုံးခဲ့ရပါသည်။

ထိုကဲ့သို့ ပျက်စီးဆုံးရှုံးခဲ့ရသော သီးနှံပင်များအတွက် လျော်ကြေးပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများပါဝင်သော သီးနှံလျော်ကြေးပေးရေးကော်မတီကို ဖွဲ့စည်း၍ပျက်စီးဆုံးရှုံးမှုအတွက် အထွက်နှုန်းနှင့်တန်ဖိုးနှုန်းထားများသတ်မှတ်၍ နစ်နာကြေးငွေများတွက်ချက်ပြုစုခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ ဖွဲ့စည်းထားသော သီးနှံလျော်ကြေးပေးရေးကော်မတီ၏ရှေ့မှောက်တွင် သီးနှံစိုက်ခင်းအချို့ပျက်စီးဆုံးရှုံးခဲ့သော တောင်သူ ၆၁၇ ဦးအတွက် လျော်ကြေးငွေကျပ် ၁၅၃၅၃၉၃၂၅ (ကျပ် တစ်ရာငါးဆယ့်သုံးသန်းငါးသိန်းသုံးသောင်းကိုးထောင်သုံးရာနှစ်ဆယ့်ငါးတိတိ)ကို ၁-၂-၂၀၁၄ ရက်နေ့မှ ၄-၂-၂၀၁၄ ရက်နေ့အထိ သက်ဆိုင်ရာကျေးရွာများမှ တောင်သူတစ်ဦးချင်းထံသို့လျော်ကြေးငွေများ ပေးလျော်ခဲ့ပြီးဖြစ်ပါသည်။

၂။ **ဘယ်လင်း-ကျောက်ဆည် ၈ လက်မ ပိုက်လိုင်း ၁၁ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းကြောင့် သိမ်းဆည်းခံရသောမြေယာများနှင့်ပတ်သက်၍မြေယာလျော်ကြေးရရှိလိုကြောင်း ဒေသခံတောင်သူများမှ တင်ပြလာမှုအပေါ်** စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ဘယ်လင်း-ကျောက်ဆည် ၈ လက်မ ပိုက်လိုင်း ၁၁ မိုင် ဆက်သွယ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စဉ့်ကိုင်မြို့နယ်၊ တောမကျေးရွာအဝင်လမ်းအနီးတွင် လေးလက်မ ဓာတ်ငွေ့ဟာထုတ်တိုင် (4" Flare) နေရာတည်ဆောက်ရန် တောင်သူများ၏ မြေယာများကို မလွှဲမရှောင်သာ သိမ်းဆည်းခဲ့ရပါသည်။

ထိုကဲ့သို့ သိမ်းဆည်းခဲ့သောမြေယာများအတွက် လျော်ကြေးပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စိုက်ပျိုးရေး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများပါဝင်သော သီးနှံလျော်ကြေးပေးရေးကော်မတီကို ဖွဲ့စည်း၍ မြေယာလျော်ကြေးနှုန်းထားများသတ်မှတ်၍ နစ်နာကြေးငွေများတွက်ချက်ပြုစုခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ ဖွဲ့စည်းထားသော သီးနှံလျော်ကြေးပေးရေးကော်မတီ၏ ရှေ့မှောက်တွင် မြေယာသိမ်းဆည်းခံရသော တောင်သူနှစ်ဦးအတွက် လျော်ကြေးငွေကျပ် ၆၀၀၀၀၀ (ကျပ်ခြောက်သိန်းတိတိ)အား ၅-၂-၂၀၁၄ ရက်နေ့တွင် သက်ဆိုင်ရာကျေးရွာများမှ တောင်သူတစ်ဦးချင်းထံသို့ မြေယာလျော်ကြေးငွေများ ပေးလျော်ခဲ့ပြီးဖြစ်ပါသည်။

၃။ **ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်ပြည်သူများမှ ဝေါမြို့နယ် ဝိုင်ချောင်းရိုးကိုဖြတ်၍ သွယ်တန်းထားသော ဓာတ်ငွေ့ပိုက်လိုင်းကို ချောင်းရိုး၏မျက်နှာပြင်အထိ နိမ့်ချ၍ပြုပြင်သွယ်တန်းပေးပါရန် အကြောင်းကြားမှုနှင့်ပတ်သက်၍** တိုးကြောင်ကလေး-စစ်တောင်း ၁၀ လက်မသဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ ဝိုင်ချောင်းရိုးကို ဖြတ်သွားသောသုံးနေရာကို ယခုနှစ်ပွင့်လင်းရာသီ၌ စက်ယန္တရားများ ဝင်ထွက်သွားလာနိုင်သည့် အချိန်တွင် ပိုက်လိုင်းများကို ပြန်လည်ဖြုတ်သိမ်းပေးသွားမည်ဖြစ်ပါကြောင်း ၂၆-၁၂-၂၀၁၃ ရက်နေ့တွင် အသိပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ တာဝန်ရှိသူများအနေဖြင့် အဆိုပါ ဝိုင်ချောင်းဖြတ်သုံးနေရာရှိ ပိုက်လိုင်းအပိုင်းများကို ဖြတ်တောက်ပြီး ပြန်လည်ဖြုတ်သိမ်းခြင်းလုပ်ငန်းများကို ၇-၁-၂၀၁၄ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၁၄-၁-၂၀၁၄ ရက်နေ့တွင် လုပ်ငန်းအားလုံးပြီးစီးခဲ့ပါသည်။ ပိုက်လိုင်းဖြုတ်သိမ်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဝေါမြို့နယ် အရှေ့ဘက်ကမ်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးထံ အသိပေးအကြောင်းကြားပြီးဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်းပါးပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၆

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ၂၀၁၃ ခုနှစ် တီဘီရောဂါအခြေအနေ သတင်းထုတ်ပြန်ချက်တွင် ကမ္ဘာတစ်ဝန်း တီဘီရောဂါဖြစ်ပွားသူဦးရေသည် ကိုးသန်းခန့်ရှိနေကြောင်း၊ တီဘီရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ တစ်သန်းခွဲသေဆုံးနေရပြီး ကျန်းမာရေးစောင့်ရှောက်မှုများမှ ကင်းကွာနေသော တီဘီရောဂါဝေဒနာရှင်ဦးရေသည် တစ်ကမ္ဘာလုံးတွင် တစ်နှစ်လျှင် သုံးသန်းခန့်ရှိခဲ့ကြောင်း၊ ဤအခြေအနေသည် ခြောက်နှစ်တာ ကာလပင်ရှည်ကြာလျက်ရှိနေပြီဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း တီဘီစီမံချက် PPM (Public Private Mix) T.B Project) က ကြီးမှူး၍ ၂၀၁၄ ခုနှစ် မတ် ၂၄ ရက်တွင်ကျရောက်မည့် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ (World TB Day 2014) ကို ဂုဏ်ပြု၍ သတင်းဆောင်းပါးရေးသားပြိုင်ပွဲ ကျင်းပမည်ဖြစ်ရာ တီဘီစီမံချက်တာဝန်ခံ ဒေါက်တာသက်နိုင်မောင်က "ကမ္ဘာတစ်ဝန်းတီဘီရောဂါဝေဒနာရှင်များဖြစ်ပွားမှု မြင့်မားလာသလို မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါဖြစ်ပွားသူဦးရေ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို ပြည်သူတစ်ရပ်လုံးသတိပြုမိလာစေရန် ရည်ရွယ်၍ ဆောင်းပါးပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်ပါကြောင်း၊ တီဘီရောဂါသည် စနစ်တကျကုသပါက ပျောက်ကင်းနိုင်ပြီး ရောဂါကူးစက်ခံရသူအားလုံးကို ရှာဖွေစစ်ဆေး ကုသပေးနိုင်ရန်မှာ များစွာလိုအပ်နေသေးကြောင်း၊ ယင်းအတွက် တီဘီကင်းစင် ကမ္ဘာတစ်ခွင်ဟူသော ဆောင်ပုဒ်ဖြင့် တီဘီဝေဒနာရှင် တစ်ဦးတစ်ယောက်မျှ မကျန်ရစ်လေအောင် လူတိုင်းပူးပေါင်းပါဝင်မှုဖြင့် တီဘီရောဂါကင်းစင်ရေးကို နှိုးဆော်သတိပေးသည့်အနေဖြင့် "တီဘီရောဂါပပျောက်ရေး တစ်ယောက်မကျန် စစ်ဆေးကုသပေး" ခေါင်းစဉ်ဖြင့် ဆောင်းပါးပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း ရှင်းပြသည်။မည်သူမဆို ဝင်ရောက်ရေးသားယှဉ်ပြိုင်နိုင်ပြီး အခြားစာနယ်ဇင်းများသို့ ပေးပို့ထားခြင်းမရှိသော စာမူများကို ကွန်ပျူတာလက်ရေး စာမူဖြင့် စာလုံးရေ ၂၀၀၀ မှ ၃၀၀၀ ကြား ရေးသားရမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် မတ် ၇ ရက် နောက်ဆုံးထား၍ ဒေါက်တာသက်နိုင်မောင် မြန်မာနိုင်ငံ ဆရာဝန်အသင်း တီဘီစီမံချက်တာဝန်ခံ (PPM.TB Project) ဖုန်း- ၃၇၈၈၆၃၊ ၃၉၄၁၄၁၊ လိုင်းခွဲ ၁၁၃၊ ၀၉-၅၀၉၇၄၇၂ သို့ ဆက်သွယ်ပေးပို့နိုင်ပြီး ဆုရရှိသူများအား ထိုက်တန်စွာ ဂုဏ်ပြုဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့် River Basin Organization များအလုပ်ရုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၆

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်သည် ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ Micasa Hotel ၌ ကျင်းပသော "How to Implement Integrated Water Resources Management (IW-RM)and Roles of River Basin Organizations" အလုပ်ရုံဆွေးနွေးပွဲ၌ အမှာစကားပြောကြားရာတွင် ယခုအခါ မြန်မာနိုင်ငံအနေဖြင့် ရေဆိုင်ရာအခန်းကဏ္ဍတွင် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လူဦးရေနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများကြောင့် ရေလိုအပ်မှု ပမာဏတိုးတက်လျက်ရှိပါကြောင်း၊မိမိတို့တွင် မြစ်ချောင်းများပေါများပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရေရှည်အသုံးပြုနိုင်ရန် မြစ်ဝှမ်းများကို အလေးထားထိန်းသိမ်းကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှု (IWRM)အတွက် တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်လျက်ရှိပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဧရာဝတီမြစ်ဝှမ်းဒေသ သုတေသနအဖွဲ့ (ARBRO) ဥက္ကဋ္ဌ ကျွမ်းကျင်ပညာရှင်ဒေါက်တာဆွေဆွေအေးနှင့် Japanese Water Agency & NARBO မှကိုယ်စားလှယ် Mr.Shigeharu JIKAN တို့မှ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် မြစ်ဝှမ်းဒေသများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ကျွမ်းကျင်ပညာရှင်များက မြန်မာနိုင်ငံတွင် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု၊ အရှေ့တောင်အာရှနိုင်ငံများနှင့်ဂျပန်နိုင်ငံတို့၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုအတွေ့အကြုံများ၊ မြန်မာနိုင်ငံရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှု အကောင်အထည်ဖော်ရေးအတွက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁) အထည်စက်ရုံခွဲ (မရမ်းကုန်း)ရှိ အသုံးမလို ပိုလျှံစက်အရန်ပစ္စည်း(အဟောင်း) ၈၂၂ မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
(က)	ရက်ကန်းစက်အရန်ပစ္စည်းများ	၁၆၆ မျိုး
(ခ)	နိုင်လွန်ဇာစက်အရန်ပစ္စည်းများ	၁၇ မျိုး
(ဂ)	အချောကိုင်စက်အရန်ပစ္စည်းများ	၅၇ မျိုး
(ဃ)	အထွေထွေစက်အရန်ပစ္စည်းများ	၅၈၂ မျိုး
	စုစုပေါင်း	**၈၂၂ မျိုး**

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၄ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း (ရုံးခွဲ) အမှတ် (၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
(၂) နေပြည်တော် - ရုံးအမှတ် (၃၇)၊ အထည်အလိပ်လုပ်ငန်း နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၃-၂၀၁၄ ရက် ၁၆:၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၀၈၅၊ ၄၀၈၃၃၈၊ ၄၀၈၀၅၆၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
(ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းအတွက် လိုအပ်သော လျှပ်စစ်ပုံစံ(၇၁)မျိုးကို မြန်မာကျပ်ငွေဖြင့် ပုံနှိပ်အပ်နှံလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၆-၂-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၁၁-၃-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၅၃၉၊ ၀၆၇-၄၁၁၅၃၈၊ Fax-၀၆၇-၄၁၁၅၄၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)တို့မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်ဂျက်လေယာဉ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိက ရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ ရေယာဉ်/ဆီတွဲ လုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီ တစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။
၂။ တင်ဒါစည်းကမ်းချက်များကို ၂၆-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ တင်ဒါအဆိုပြုလွှာများကို ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေယာဉ်/ဆီတွဲ ပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၁၂:၃၀နာရီအတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။
စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
လေလံကြော်ငြာ

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်လုပ်ငန်းများအား အငှားချထားမည်ဖြစ်၍ လေလံတင်အငှားချထားခြင်းကို ၁၄-၃-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။
၂။ လေလံစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို မြို့တော်ခန်းမအနီး ဆယ်ထပ်ရုံးရှိ အင်ဂျင်နီယာဌာန(အဆောက်အအုံ)ပဉ္စမထပ်တွင် ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လေလံလျှောက်လွှာပိတ်ရက်မှာ ၁၃-၃-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီအထိဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ဖြစ်စေ၊ ဖုန်း-၂၄၉၅၂၅၊ ၃၇၄၀၇၇၊ ၃၇၉၆၁၈ တို့သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။
လေလံတင်ရောင်းချရေးအဖွဲ့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ခုတ်သိမ်းပြီးကြံများ သယ်ယူမှုအခက်အခဲကြောင့် ကြံစိုက်တောင်သူများ နောက်နှစ်အတွက် ပြန်စိုက်ရန်အခက်တွေ့

သတင်း-မောင်ကျော်ကြီး၊ ဓာတ်ပုံ-သက်ထက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

ယခုကာလသည် ကြံစိုက်တောင်သူတို့ နောက်နှစ်အတွက် ကြံစိုက်ပျိုးချိန် ရာသီဖြစ်သော်လည်း ခုတ်သိမ်းလျက်ရှိသော ယခင်နှစ်ကြံများ သယ်ယူ ပို့ဆောင်ရေးအခက်အခဲကြောင့် ကြံစိုက်ခင်းများတွင် မကုန်သေး၍ ပြန်လည်စိုက်ပျိုးရန် အခက်တွေ့နေကြရကြောင်း သိရသည်။

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ ကျေးရွာများသည် ကြံသီးနှံကို အဓိကစိုက်ပျိုးကြသည်။ ၄င်းရွာများမှထွက်ရှိသောကြံများကို အမှတ်(၁)ဒဟတ်ကုန်းသကြားစက်မှ နှစ်စဉ်ဝယ်ယူလျက်ရှိသည်။ ယခုနှစ်တွင် အဆိုပါသကြားစက်မှ ကားများဖြင့် နေ့စဉ်ဝယ်ယူသယ်ဆောင်လျက်ရှိသော်လည်း အချို့တောင်သူများမှာ ကြံများကို ခုတ်ထားကြရာတွင် သယ်ယူမည့် ကားမလာခြင်းများနှင့် ကြုံတွေ့ရ၍ အဆိုပါကြံများမှာ အလေးချိန်များ လျော့ခြင်း၊ ပျက်စီးဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်နေကြရသည်ဟု ကြံစိုက်တောင်သူများထံမှ သိရသည်။

ပုဗ္ဗသီရိမြို့နယ်တွင် ခုတ်သိမ်းပြီးကြံများ သယ်ယူမည့်ကားအခက်အခဲကြောင့် စုပုံထားစဉ်။

"ကျွန်တော် အခုစိုက်ထားတဲ့ ကြံက သုံးဧကရှိပါတယ်။ တစ်ဧကကို ၁၀ တန်နှုန်းထွက်ပါတယ်။ သုံးဧကဆိုတော့ တန် ၃၀ ထွက်တာပေါ့။

သယ်ယူမည့် ကားမလာ၍ ဆုံးရှုံးခြင်းများနှင့် ရင်ဆိုင်နေကြရ . . .

ယခုနှစ်ကြံဈေးနှုန်းက တစ်တန်ကို သုံးသောင်းရပါတယ်။ လူငှားပြီး ကြံခုတ်ခတစ်တန် သုံးထောင်ပေးရပါတယ်။ ကားတင်မယ့်နေရာရောက်အောင် နွားလှည်းနဲ့ပို့ဆောင်ခ တစ်တန်ကို ခြောက်ထောင်ပေးရပါတယ်။ ကားတစ်စီးလာသယ်ဖို့ ပွဲပိုးငွေကျပ် ငါးထောင်ပေးရပါတယ်။ ကားမရ၊ လူမရလို့ အခုကျွန်တော် ခုတ်ထားတဲ့ကြံတွေ ၁၀ တန်လောက်ရှိပါတယ်။ အချိန်ရှစ်ရက်တောင်ရှိသွားပါပြီ။ ဒါကြောင့် ကြံတန်ချိန် အများကြီးလျော့နေပါပြီ။ အခုထွက်နေတဲ့ကြံတွေက မတ်လကုန်လောက်မှပြီးမယ်ထင်ပါတယ်။ ကြံတန်ချိန်တွေပိုပြီး လျော့နည်းသွားမှာဖြစ်ပါတယ်။ ဒီပုဗ္ဗသီရိမြို့နယ် ဖြုတ်ခွဲအုပ်စု၊ ဝဲကြီးအုပ်စု၊ ပုစွန်ဆိပ်အုပ်စုစသည့် ကျေးရွာတွေမှာ ကြံဧက ၂၀၀ ခန့်ကျန်ရှိနေပါတယ်။

ကျွန်တော်တို့ကြံစိုက်တောင်သူတွေ အရင်းအနှီး၊ မြေဩဇာ၊ နွားချေး၊ လူငှားစရိတ်စတဲ့ စရိတ်တွေနဲ့ ကြံတွေက အချိန်တွေလျော့တော့ အရှုံးတွေတောင် ပေါ်လာပါတယ်။ အခုဒီကြံတွေမပြတ်သေးတော့ နောက်စိုက်မယ့် ကြံတောင် မစိုက်ပျိုးနိုင်သေးပါဘူး" ဟု ပုဗ္ဗသီရိမြို့နယ် သံပုရာကုန်းရွာမှ ကြံစိုက်တောင်သူတစ်ဦးက ပြောပြသည်။

နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် ကြံစိုက်တောင်သူများသည် သယ်ယူမည့်ကား အခက်အခဲ၊ ကြံတင်မည့်လူအခက်အခဲ၊ ခုတ်လှဲပြီးကြံများ ကားမတင်ဖြစ်ခြင်းနှင့် ကြံတန်ချိန် လျော့မည့် အခက်အခဲတို့ကြောင့် သတ်မှတ်ထားသည်ထက် လျော့နည်းပြီး တွက်ခြေမကိုက်ဘဲ အရှုံးပေါ်လျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အခုလာမည့်နှစ် ကြံစိုက် တောင်သူများ ယခင်နှစ်ကထက် စိုက်ဧကသိသိသာသာ လျော့နည်းသွားမည်ဖြစ်ကြောင်း ကြံစိုက်တောင်သူများထံမှ သိရသည်။

သံဃာတော် ၈၅၁ ပါးကို ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူ

မန္တလေး ဖေဖော်ဝါရီ ၂၆

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၂၅)ကြိမ်မြောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက မဟာမုနိဘုရားကြီးပရဝဏ် အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီးတို့တက်ရောက်၍သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဉာဏ အမှူးပြုသော မဟာမုနိဘုရားကြီး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ မန္တလေးမြို့ လေးပြင်လေးရပ်ရှိ ကျောင်းတိုက်တို့မှ ဆရာတော်ကြီးများနှင့်ပင့်ဖိတ်ထားသော သံဃာတော် စုစုပေါင်း ၈၅၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြသည်။

ထို့နောက် မန္တလေးမြို့ လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော် သံဃာတော် စုစုပေါင်း ၈၅၁ ပါးတို့ကို တက်ရောက်လာကြသော အလှူရှင်မိသားစုများက ဆွမ်းဆန်တော်နှင့်အရန်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူပူဇော်ကြသည်။

ယခု ကျင်းပသည့် မဟာမုနိဘုရားကြီး (၂၅)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲတွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် ပုဂ္ဂလိက အလှူရှင်များ၏ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းတန်ဖိုးစုစုပေါင်း ငွေကျပ် ၁၅၃၈၄၃၅၀၀ တို့ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

တင်မောင်-မန်းကိုယ်ပွား

အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးစစ်တမ်းနှင့် ပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေးစာရင်းကောက်ယူမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံအတွင်း တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ၏ အခြေအနေကိုသိရှိနိုင်ရန်တိမ်မြုပ်နေသော တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ၏ ဝင်ငွေများကိုဖော်ထုတ်နိုင်ရန်၊ ဒေသအသီးသီးတွင်တည်ထောင်ထားပြီးဖြစ်ရာစက်မှုဇုန်များ၏မြင့်မားတိုးတက်မှုကိုစဉ်ဆက်မပြတ်လေ့လာနိုင်ရန် ရည်ရွယ်၍အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အိမ်ထောင်စုတစ်ပိုင်တစ်နိုင်စီးပွားရေးစစ်တမ်းနှင့်မြန်မာနိုင်ငံ ပုဂ္ဂလိကစက်မှုကဏ္ဍတိုးမြှင့်ရေးအတွက် စာရင်းကောက်ယူခြင်းစစ်တမ်းများကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလနောက်ဆုံးပတ်အတွင်း ကောက်ယူမည်ဖြစ်သည်။ စစ်တမ်းကောက်ယူခြင်း စီမံချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများအား ကြိုတင်ဆွေးနွေးရှင်းလင်းသည့် အခမ်းအနားကို ဖေဖော်ဝါရီလ ဒုတိယပတ်အတွင်းကျင်းပခဲ့ပြီး စစ်တမ်းကောက်ယူရေးလုပ်ငန်းများကို ကြည့်မြင်တိုင်၊ သာကေတ၊ အလုံ၊ စမ်းချောင်း၊ ဒဂုံတောင်၊ ဒဂုံမြောက်၊ မင်္ဂလာတောင်ညွန့်၊ ဒေါပုံ၊ သုံးခွ၊ မင်္ဂလာဒုံနှင့်လှည်းကူးမြို့နယ်များ၌ နမူနာအိမ်ထောင်စုနှင့်စက်မှုလုပ်ငန်းများသို့ဗဟိုစာရင်းအဖွဲ့၊ မြို့နယ်နှင့်စက်မှုဇုန်တာဝန်ခံများက ဦးဆောင်၍ ယာယီစာရင်းကောက်များနှင့်ကွင်းဆင်း ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

စွယ်တော်ရိပ်ဖောင်ဒေးရှင်းမှ ဒုတိယအကြိမ်အလှူရှင်များဂုဏ်ပြုပွဲ

နေ့ရက် - ၁-၃-၂၀၁၄ ရက် (စနေနေ့)
နေရာ - စုဝေးခန်းမ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ Y.T.U
အချိန် - မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီ

စွယ်တော်ရိပ်အနုပညာရှင်ကျောင်းသား ကျောင်းသူများ၏ ညနေဆည်းဆာ၊ အကပဒေသာ၊ တေးကဗျာများဖြင့် ဂုဏ်ပြုဧည့်ခံပါမည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အလှူရှင်များနှင့် စက်မှုတက္ကသိုလ်ကျောင်းသား ကျောင်းသူဟောင်းများ၊ နည်းပညာတက္ကသိုလ်/ကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများအားလုံးကို ဖိတ်ကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
စွယ်တော်ရိပ်ဖောင်ဒေးရှင်း

ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်း(၁)ဦး အလိုရှိသည်

(B.Med, Tech)

နယ်တွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
လစာညှိနှိုင်းနိုင်သည်။ (နေ/စား စရိတ်ငြိမ်း)
ဆက်သွယ်ရန်- ဖုန်း-၀၉-၈၆၂၁၇၂၅၊ ၀၉-၅၀၅၀၉၇၃၊ ၀၉-၅၄၁၉၃၉၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့် ၅)
မိတ္ထီလာမြို့နယ်တရားမရုံး၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂

ဒေါ်လှလှဝင်း **နှင့်** ဦးနေအောင် ပါ(၁၂)
တရားလို **တရားပြိုင်များ**

တောင်တွင်းကြီးမြို့၊ ဈေးအနီးရပ်နေ (၁) ဒေါ်သင်းသင်းခိုင် (ဘ) ဦးဝင်းမောင်၊ (၂) ဒေါ်ဝင်းဝင်းခိုင် (ဘ) ဦးဝင်းမောင် သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်လှလှဝင်းက အမွေပုံစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၉ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးကျော်ဇင်(တ/၂၅၇၃)
ဒုတိယမြို့နယ်တရားသူကြီး
မိတ္ထီလာမြို့နယ်တရားရုံး

ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ဖိတ်ကြားလွှာ

ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ရွှေဥမင်သဘာဝလိုဏ်ဂူဘုရား ဗုဒ္ဓပူဇနိယတပေါင်းပွဲတော်ကို (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၁ ရက်မှ တပေါင်းလပြည့်ကျော် ၁ ရက်အထိ) ၂၀၁၄ ခုနှစ် မတ် ၁၁ ရက်မှ ၁၆ ရက်အထိ ဘုရားတပေါင်းပွဲတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး (တပေါင်းလဆန်း ၁၄ ရက်) ၂၀၁၄ ခုနှစ် မတ် ၁၄ ရက် ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့တွင် ဆွမ်းဆန်စိမ်းနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ဓနုတိုင်းရင်းသားများ ဓလေ့ထုံးစံအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေသဂ်ဟများ လာရောက်လည်ပတ်နိုင်ပါရန် ဆက်သွယ်လိုပါက ဓနုဒေသဦးစီးအဖွဲ့ရုံး ဖုန်း-၀၈၁-၆၆၀၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

ရွှေဥမင်ဘုရားတပေါင်းပွဲတော်ကျင်းပရေးဦးစီးကော်မတီ
ပင်းတယမြို့

ခင်ပွန်းအဖြစ်မှ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မအေးသန္တာထွန်း ၁၂/ကမရ(နိုင်)၀၁၁၃၄၂ နှင့် ကိုသီရိန်မင်း ၁၂/ကမရ(နိုင်)၀၁၃၈၉၇တို့သည် ၁၀-၁၁-၂၀၀၆ ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပါသည်။ ကိုသီရိန်မင်းသည် ကျွန်မ ခွင့်မလွှတ်နိုင်သော ကိစ္စအဝဝကို အကြိမ်ကြိမ်ပြုလုပ်လာပါသဖြင့် ကျွန်မနှင့် လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ကိုသီရိန်မင်းသည် ကျွန်မနှင့် ကျွန်မ၏မိသားစုဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်လာပါက တည်ဆဲဥပဒေအတိုင်း အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မအေးသန္တာထွန်း ၁၂/ကမရ(နိုင်)၀၁၁၃၄၂

ထိုင်းနိုင်ငံကြက်ခြေနီလူငယ်လေ့လာရေးအဖွဲ့ မိတ္ထီလာမြို့နယ် ကြက်ခြေနီအသင်းဝင်များနှင့်တွေ့ဆုံဆွေးနွေး

မိတ္ထီလာ ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ထိုင်းနိုင်ငံကြက်ခြေနီလူငယ်လေ့လာရေး အဖွဲ့များသည် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက မိတ္ထီလာမြို့နယ် ကြက်ခြေနီအသင်းရုံးခန်းမ၌ ခရိုင်ကြက်ခြေနီဥက္ကဋ္ဌ ဒေါ်ကြည်ကြည်ခိုင်၊ မြို့နယ်ကြက်ခြေနီ ဥက္ကဋ္ဌ ဦးလှထွန်းနှင့်အဖွဲ့ဝင်များကို တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံကြက်ခြေနီလူငယ်လေ့လာရေးအဖွဲ့က မိမိတို့နိုင်ငံတွင် လူငယ်ကြက်ခြေနီအသင်းမှ လုပ်ဆောင်ချက်များ၊ လေ့ကျင့်ပညာပေးလုပ်ငန်းကို ဆွေးနွေးရာ မိတ္ထီလာကြက်ခြေနီအသင်းက မိမိတို့ မြို့နယ်အတွင်း လုပ်ဆောင်ချက်များနှင့်ပညာပေးရေးတွင်လည်း ယခင်က ကျောင်းများကိုအခြေခံသော်လည်း ယခုအခါ ရပ်ကွက်ကိုအခြေခံပြီး ရပ်ကွက်ပေါင်းစုံအခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်း ၁/၂၀၁၄ ဖွင့်လှစ်ထားရှိမှုတို့ကို အပြန်အလှန် ဆွေးနွေးခဲ့သည်။ ဆက်လက်၍ အဆိုပါလေ့လာရေးအဖွဲ့သည် သင်တန်းဖွင့်လှစ်သည့်နေရာသို့ သွားရောက်လေ့လာပြီး သင်တန်းများနှင့်အတူ သင်တန်းမှ ပို့ချပေးမှုများနှင့်လက်တွေ့ဆောင်ရွက်ချက်များကို အဖွဲ့သုံးဖွဲ့ခွဲ၍ အပြန်အလှန်ဆွေးနွေးခဲ့ပြီး မိတ္ထီလာကြက်ခြေနီအသင်းမှ ဆောင်ရွက်ထားရှိမှုများကို သွားရောက်လေ့လာခဲ့သည်။

အဆိုပါ ထိုင်းနိုင်ငံကြက်ခြေနီလူငယ် လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်လေ့လာရခြင်းမှာ နှစ်နိုင်ငံကြက်ခြေနီအသင်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရန်နှင့် လူငယ်များအတွေ့အကြုံများ ရရှိစေရန်ဖြစ်ပြီး မိတ္ထီလာခရီးစဉ်သည် မိမိတို့အတွက် နောက်ဆုံးခရီးစဉ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကို လာရောက်လေ့လာရေးခရီးစဉ်တွင် တစ်လသာဖြစ်သော်လည်း အတွေ့အကြုံများ ရရှိသလို မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ လူငယ်သုံးဦးကို ချစ်ကြည်ရင်းနှီးမှုနှင့်အတွေ့အကြုံများရရှိစေရန် မတ်လအတွင်းတွင် ထိုင်းနိုင်ငံသို့ လာရောက် လေ့လာစေမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

တက္ကသိုလ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပ

သထုံ ဖေဖော်ဝါရီ ၂၆

ကျောင်းသား ကျောင်းသူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်နှင့်ကျန်းမာကြံ့ခိုင်ပြီး ပညာရေးတိုးတက်မြင့်မားလာစေရန်အတွက် သထုံ ကွန်ပျူတာတက္ကသိုလ်နှင့် မော်လမြိုင်နည်းပညာတက္ကသိုလ် လက်ရွေးစင်ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၃ နာရီခွဲက သထုံခရိုင်အားကစားကွင်း၌ကျင်းပသည်။ ပြိုင်ပွဲမစတင်မီ ကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဝင်းဌေးနှင့် နည်းပညာတက္ကသိုလ် အသင်းအုပ်ချုပ်သူများက အားကစားသမားများကို နှုတ်ဆက်အားပေးကြပြီး နှစ်ဖက်အားကစားသမားများ၏ အကြိတ်အနယ်ယှဉ်ပြိုင်မှုကို ကျောင်းသား ကျောင်းသူများက တစ်ခဲနက် အားပေးခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် နည်းပညာတက္ကသိုလ်(မော်လမြိုင်) အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

သက်ဦး(သထုံ)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မျက်ဝါးထင်ထင် မျက်မြင်ကိုယ်တွေ့

ယနေ့ မြို့သစ်မြို့သည် တောင်တွင်းကြီး-နတ်မောက်မြို့ အကြားတစ်နည်း၊ တောင်တွင်း-မြို့သစ်-နတ်မောက် တောင်မြောက်စဉ်တန်း လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ယခင်က တောင်တွင်း-မြို့သစ်-နတ်မောက်ကားလမ်းဆိုကာမူ လမ်းကြမ်းကြီးသာရှိခဲ့ရာမှ ယခုအခါမမျှော်လင့် မယုံကြည်လောက်အောင် ကတ္တရာလမ်းမကြီးအဖြစ် မျက်ဝါးထင်ထင် မျက်မြင်ကိုယ်တွေ့အကျိုးခံစားနေရသည်။ တစ်ဖန် မကွေးမှ-ကံပြား-မြို့သစ်-နေပြည်တော်လမ်းမကြီးကလည်း မြို့သစ်မြို့၏ ဒေသခံပြည်သူများအတွက် မျက်ဝါးထင်ထင်၊ မျက်မြင်ကိုယ်တွေ့ ခံစားနေကြရသည်။

ထို့ထက်ပို၍ အကျိုးခံစားရသော မေ့ပျောက်ထား၍မရသော ကျေးဇူးမှာ ဆည်မြောင်းတာတမံများပင်ဖြစ်သည်။ ဆည်ရေလှောင်တမံများ တည်ရှိရာ မြေအနေအထားအရ မြို့သစ်မြို့နယ်တွင် ဆဒ္ဒန်ဆည်၊ စွန်ဆည်၊ ပုလင်းဆည်ဟု ဆည်ကြီးသုံးခုဖြစ်သော်လည်း အကျိုးခံစားရမှုအရ ဆိုပါမူ ဆည်ကြီး လေးခုဟုဆိုနိုင်သည်။ ဤသည်မှာ နတ်မောက်ဆည်ဖြစ်သည်။ ဆည်ရေလှောင်တမံသည် နေရာအရ နတ်မောက်မြို့နယ်မှ ကျေးရွာအုပ်စုအနည်းငယ်သာ အကျိုးခံစားရပြီး မြို့သစ်မြို့နယ်မှသာ လုံးလုံးလျားလျား အကျိုးခံစားခွင့်ရခြင်းသည်ပင် ကျေးဇူးတင်စရာ အလွန်ကောင်းလှသည်။

ဆည်ကြီး လေးခုအနက် အစဉ်အတိုင်းပြီးစီးကြသည်မှာ နတ်မောက်ဆည်၊ ဆဒ္ဒန်ဆည်၊ စွန်ချောင်းဆည်၊ ပုလင်းဆည်တို့ဖြစ်ပြီး ထပ်တိုးအဖြစ် ဘုတ်ချောင်းဆည်ကိုလည်း ထပ်မံတူးဖော်ပြီး ၁၉၉၁ ခုနှစ်မှာ စတင်ခဲ့ပြီး ၁၉-၃-၁၉၉၂ ခုနှစ်မှာ ဖွင့်လှစ်ပေးခဲ့ရာ မြို့သစ်မြို့နယ်သားကြီးတွေပဲ "ငါး၊ စပါး၊ စား"ဟူသော ခံစားခွင့်သုံးမျိုးကို အကျိုးခံစားရသည်။

နိုင်ငံတော်အစိုးရသည် စပါးသီးနှံထုတ်လုပ်နိုင်ရေးအတွက် ဒေသစိမ်းလန်းစိုပြည်ရေးကို ရှေးရှုလျက် အချိန်တိုအတွင်း ပြီးစီးနိုင်မည့် ဆည်မြောင်းစီမံကိန်းကြီးများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနက ဆက်တိုက်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည့်အနက် အဆိုပါ စီမံကိန်းများတွင် တစ်ခုအပါဝင်ဖြစ်သည့် ဆဒ္ဒန်ဆည် ရေလှောင်တမံစီမံကိန်းကို ၁၉၉၅-၁၉၉၆ ခုနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခဲ့ရာ ၁၉၉၇-၁၉၉၈ ခုနှစ်တွင် တည်ဆောက်ပြီးစီး၍ ၁၈-၄-၁၉၉၈ ခုနှစ်တွင် ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ဆဒ္ဒန်ဆည်ရေလှောင်တမံသည် ရေဆင်းဧရိယာ ၁၃၅ စတုရန်းမိုင်ကျယ်ဝန်းသည်။ တမံအမျိုးအစားမှာ မြေသားဇုန်တမံဖြစ်ပြီး တမံအလျားမှာ ပေ ၁၀၀၀ ဖြစ်သည်။ တမံအမြင့် မှာ ၁၂၂ပေ၊ ၅၉၂ ပေ (R.I) နှင့် ချောင်းကြမ်းပြင်အမှတ် ပေ ၄၇၀(R.I) ဖြစ်ရာ တောင်သူများအတွက် အကျိုးပြု ဧရိယာမှာ ဧက ၁၀၅၀၀ အကျိုးပြုသည်။ ရေဆင်းဧရိယာ ၁၃၅ စတုရန်းမိုင်ဖြစ်ပြီး နှစ်စဉ် ပျမ်း မျှ မိုးရေချိန် ၃၄ ဒသမ ၀၂ လက်မရှိပြီး နှစ်စဉ်ပျမ်းမျှ စီးဝင်ရေမှာလည်းဧကပေ၃၀၇၀၀ ရှိသည်။

ဆဒ္ဒန်ဆည် ရေလှောင်တမံ၏ ရေပိုလွှဲအမျိုးအစားမှာဆိုလျှင် လျှောခွက်ပါ သံကူကွန်ကရစ်ဖြစ်ပြီး ရေပိုလွှဲအကျယ်မှာ ပေ ၁၃၀ရှိသည်။ ယခုဆိုလျှင် နိုင်ငံတော်အစိုးရ၏ စေတနာ ဆည်မြောင်းဦးစီးဌာန ငွေကြေး မြောက်မြားစွာ အကုန်ကျခံ၍တည်ဆောက်ပေးခဲ့သောကြောင့် လယ်သမားများသည် လက်ဝဲတူးမြောင်း၊ လယ်ယာတူးမြောင်းနှင့် လက်တံမြောင်းများမှ ရရှိသော ဆည်ရေများဖြင့် လယ်ဧက ၁၀၅၀၀ ဧကအထိ စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်သည်။

ယခုဆိုလျှင် မြို့သစ်မြို့နယ်၏ တောင်သူဦးကြီးများအတွက် အချိန်က အဓိကဖြစ်သောကြောင့် မိုးစပါးရိတ်သိမ်းပြီး၊ ဆည်ရေအစိုဓာတ်ရရှိနေပြီဖြစ်၍ ပဲမျိုးစုံကိုလည်း စိုက်ပျိုးသွားကြသည်။ ပဲမျိုးစုံကိုလည်း ရိတ်သိမ်းပြီးပါက နွေစပါးကို ဆဒ္ဒန်ဆည်ရေလှောင်တမံမှ ရရှိသော ဆည်ရေအဖြစ် ဆက်လက်စိုက်ပျိုးနေကြရသည်။

သို့ပါသောကြောင့် နိုင်ငံတော်၏ စေတနာကို အရင်းခံ၍ ကျေးဇူးတရားများတုံ့ပြန်သောအားဖြင့် မြို့သစ်မြို့နယ်ရှိ တောင်သူဦးကြီးအနေနှင့် တစ်နှစ်ပတ်လုံး အလုပ်နှင့်လက်နှင့်မပြတ်ကာ သုံးသီးစား စိုက်ပျိုးကြ၍ စိတ်ချမ်းသာစွာဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ကာ လုပ်ကိုင်ဆောင်ရွက်သွားကြပါရန် တင်ပြလိုက်ရပါသည်။ **ဇော်ဇော်(မြို့သစ်)**

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ) ဓာတုဗေဒအထူးပြု

၁၉၈၂-၁၉၈၃ (ပ-နှစ်) ၁၉၈၃-၁၉၈၄ (ဒု-နှစ်)တွင် ပညာသင်ကြားပေးသော ချစ်ဆရာ ဆရာမများနှင့် တက်ရောက်ခဲ့သော ချစ်သူငယ်ချင်းများအားလုံး ဆရာကန်တော့ပွဲကျင်းပရန် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာနှိုးဆော်အပ်ပါသည်။

အေးအေးစန်း(E.C)	ဖုန်း-၀၉-၇၃၁၄၄၂၀၁	ကိုနေလင်း	ဖုန်း-၀၉-၅၀၀၉၃၅၃
ကိုအေးမြင့်	ဖုန်း-၀၉-၇၃၀၆၂၄၃၁	ကိုမင်းနောင်	ဖုန်း-၀၉-၇၃၀၁၈၀၆၅
သိန်းတန်	ဖုန်း-၀၉-၄၉၂၃၉၇၄၈	ကိုလှဝင်း	ဖုန်း-၀၉-၅၁၀၂၉၀၅
ချင်ဟိန်လုံး	ဖုန်း-၀၉-၅၁၁၂၃၈၂	ကိုနိုင်စိုး	ဖုန်း-၀၉-၄၂၀၁၄၀၆၇၇
လှလှ	ဖုန်း-၀၉-၇၃၀၆၀၅၈၇	ကိုလှအောင်	ဖုန်း-၀၉-၂၀၃၂၄၃၂
ကြည်ကြည်လှ	ဖုန်း-၀၉-၂၅၄၁၈၂၉၂၈	စောအမ်ဆင်(ခါးလေး) ဖုန်း-၀၉-၇၃၁၄၇၅၃၉	

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၄၂၈)၊ စွယ်တော်လမ်းနှင့် ကန့်ကော်လမ်းထောင့်၊ ဧရိယာစတုရန်းပေ ၂၄၀၀၊ ၀ဒသမ ၀၅၅ဧက၊ မြေအကျယ်ပေ(၄၀×၆၀)အကျယ်ရှိ ဒေါ်ငွေရအမည်ပေါက် နှစ် ၆၀ ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော သွပ်မိုးပျဉ်ကာ၊ တစ်ထပ်အဆောက်အအုံတစ်လုံးအား မြေအမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးကျော်စိုးဝင်း၊ ဒေါ်မြင့်မြင့်ရီတို့၏ အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်သန်းဦး ၁၂/သဃက(နိုင်)၁၅၈၅၄၉ထံမှ ဒေါ်ရှုဝါမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လွင်မာထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၁၁၈၅)
(၂၇/ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၈၀၀၁၃၁၄

ဝန်ထမ်းအလိုရှိသည်

လက်ဖက်ရည်အဖျော်ဆရာ	(၁) ဦး
မုန့်ဆရာ(ပေါင်မုန့်လိုင်း)	(၁) ဦး
တရုတ်အစားအစာအကြော်	(၁) ဦး

ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၈၃၁၈၊ ၀၉-၃၁၆၅၇၇၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဧဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
(မုံရွာမြို့နယ်တရားမရုံး၌)
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၈၉

ဒေါ်ညွန့်ကြည် **နှင့်** ၁။ ဦးစိန်မောင်လွင်
၂။ ဒေါ်မာရင်
၃။ မနန်းယုလွင်

တရားလို **တရားပြိုင်များ**

မုံရွာမြို့နယ်၊ မုံရွေးကျေးရွာနေ ဒေါ်မာရင်နှင့် မနန်းယုလွင်တို့ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက စုကြေးငွေ ၁၄၃၉၉၀၀ိ/- (ကျပ်တစ်ဆယ့်လေးသိန်းသုံးသောင်း ကိုးထောင့်ကိုးရာ)ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၃ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတံဆိပ်ကိုရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အောင်အောင်)
ဒုတိယမြို့နယ်တရားသူကြီး(၃)
မုံရွာမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
လက်ပံတန်းမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမမူလမှုအမှတ်-၁

ဒေါ်သန်းမြင့် **နှင့်** ၁။ ဦးမြင့်ဟန် (ဘ) ဦးချစ်တီး
၂။ ဒေါ်ကျင်ငွေ (ဘ) ဦးကျော်ရှိန်

တရားလို **တရားပြိုင်များ**

လက်ပံတန်းမြို့နယ်၊ မော်အင်းရွာနေ (၁) ဦးမြင့်ဟန်၊ (၂) ဒေါ်ကျင်ငွေ (အတူနေလင်မယား) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မြေနှင့်အိမ်(သို့မဟုတ်)ငွေ ၃၄၀၀၀၀ိ/- ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၄ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၄ရက်) မွန်းမတည့်မီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သိန်းဇော်)
မြို့နယ်တရားသူကြီး၊ လက်ပံတန်းမြို့နယ်တရားရုံး

ဆောင်းပါးနှင့်သတင်း

ကျန်းမာရေးပညာပေး

အစာလည်းဆေး ဆေးလည်းအစာ ကျန်းမာရေးအတွက် နွားနို့သောက်ပါ

ဒေါက်တာဘီရော်

ကျွန်ုပ်တို့ လူဖြစ်လာကတည်းက နို့သည် ပထမဆုံး အစားအစာဖြစ်ခဲ့သည်။ မိခင်နို့ရည်ထဲတွင် မပါရှိသော အာဟာရဓာတ်ဟူ၍ မရှိသည့်အပြင် မိခင်ထံမှ ရောဂါကာကွယ်သည့် ဓာတ်များသည် မိခင်နို့ရည်မှတစ်ဆင့် ကလေးထံရောက်ပါသည်။

အသက်ရှည်နုပျိုခြင်းတို့၏ သဘာဝကပေးအပ်သော အစာ . . .

အာဟာရဗေဒပညာရှင်များက လူအများစုသည် နွားနို့ကို လုံလောက်စွာမသောက်သုံးကြဟု ဆိုပါသည်။ လူတစ်ဦးလျှင် တစ်နေ့ နွားနို့ တစ်လီတာနှင့်အထက် သောက်သုံးသင့်ကြောင်း ပြောပါသည်။ အာဟာရချို့တဲ့သော ကလေးများသာမက အာဟာရလုံလောက်သော ကလေးများပင် နွားနို့ကို အပိုထပ်ဆောင်းပေးသောအခါ ကျန်းမာရေးတိုးတက်လာကြောင်း တွေ့ရသည်။ ကိုယ်အလေးချိန်တိုးလာပြီး အရပ်ရှည်လာကာ သွေးအတွင်း ဟေမိုဂလိုဘင်ဓာတ်များလာသောကြောင့် သွေးအားကောင်းလာကြကြောင်း တွေ့ရှိခဲ့ရပါသည်။ ကလေးများ၏ လှုပ်ရှားမှုများကောင်းလာကြကာ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာကြောင်း တွေ့ရှိရသည်။

သက်ကြီးရွယ်အိုများအနေဖြင့် စားသုံးသော အစားအစာများ၏ အနည်းစုကိုသာ သွေးသားအဖြစ်ပြောင်းလဲစေနိုင်ခြင်းကြောင့် နွားနို့သည် သက်ကြီးရွယ်အိုများအတွက် အကောင်းဆုံး ပရိုတိန်းဖြစ်သည်။ နွားနို့သည် သဘာဝကပေးအပ်သော အစာဖြစ်ပြီး ကယ်လ်ဆီယံနှင့် ဗီတာမင်ဘီ-၂ ဓာတ် အထူးကြွယ်ဝသည်။

ယေးလ်မှ ဒေါက်တာမဲန်ဒဲလ်က နွားနို့တွင် သူသိထားသမျှသော ဗီတာမင်အားလုံး ပါဝင်ပါသည်ဟု ဆိုသည်။ အခြားအစားအစာများထဲတွင် ဗီတာမင် တစ်မျိုးမျိုး လွန်ကဲစွာပါရှိနိုင်သော်လည်း နွားနို့တွင်မူ မရှိမဖြစ်လိုအပ်သော ဓာတ်ပစ္စည်းအမြောက်အမြားသည် ပမာဏမျှတစွာပါရှိသည်။ နွားနို့တွင် စွမ်းအင်(ကယ်လိုရီ)အာဟာရဓာတ် ပရိုတိန်း၊ ကာဗိုဟိုက်ဒရိတ်နှင့် ဆီတို့သည် မျှတစွာပါဝင်သည့်အပြင် ဗီတာမင်အေနှင့် ဒီ၊ ဗီတာမင်ဘီ-၁ နှင့် ဘီ-၂၊ ကယ်လ်ဆီယံနှင့် အခြားသော သတ္တုဓာတ်များလည်း ပါရှိပါသည်။ ဗီတာမင်အေသည် မျက်စိအမြင် ကောင်းစေပြီး ဗီတာမင်ဒီသည် အရိုးကိုသန်မာစေသည်။ ဗီတာမင်ဒီချို့တဲ့ပါက ကလေးများတွင် အရိုးပျော့ရောဂါ ဖြစ်တတ်ပါသည်။ ဗီတာမင်ဘီ-၁ သည် ထုံနာကျင်နာကိုကာကွယ်ပြီး ဗီတာမင်ဘီ-၂ သည် နှုတ်ခမ်းကွဲ၊ လျှာနာ (ကျိုးကန်းပါးစပ်)ဖြစ်ခြင်း၊ မျက်လုံးများ၊ အရေပြားနှင့် အစာချေဖျက်ခြင်းကို ပုံမှန်ဖြစ်စေပြီး ရောဂါခံနိုင်ရည်အားကို မြှင့်တင်ပေးကာ အသက်ရှည်ခြင်းနှင့် အရွယ်တင်နုပျိုခြင်းများတွင် လိုအပ်ကြောင်း ပညာရှင်များက ဆိုသည်။

နွားနို့ပုလင်းကို နေရောင်ခြည်တွင်ထားပါက ဗီတာမင်ဆုံးရှုံးမှု သိသာပါသည်။ နွားနို့တွင်ပါဝင်သော ပရိုတိန်းသည် ဆန်၊ ဂျုံ စသည့် ကောက်နှံပရိုတိန်းများကို ခန္ဓာကိုယ်က အသုံးပြုနိုင်သည့် အခြေအနေသို့ ပြောင်းလဲစေပါသည်။

နွားနို့အတွင်း ပရိုတိန်းများလည်း ပါဝင်ပြီး ယေဘုယျအားဖြင့် အခြားပရိုတိန်းများထက် အစာကြေလွယ်ကာ အစာလမ်းကြောင်း ပျက်စီးမှု နည်းပါးစေသည်။ အူကျန်းမာရေးကို တိုးတက်စေရာ၌ အသား၊ ဥနှင့် ဟင်းသီးဟင်းရွက် ပရိုတိန်းများထက် သာလွန်ကြောင်း သိရသည်။

နွားနို့တွင် သကြားဓာတ် ၁၄ ဒသမ ၅ ရာခိုင်နှုန်းပါဝင်သည်။ လက်တို့စ်သည် ရိုးရိုးသကြား၏ ရှစ်ပုံတစ်ပုံသာ ချိုပြီး အစာကြေလွယ်သည်။ အရည်အသွေးကောင်းသော နွားနို့တွင် လူ့ခန္ဓာကိုယ်လိုအပ်သည့် ဓာတ်များမှ နွားနို့အခဲ၏ ၁ ရာခိုင်နှုန်းနီးပါး အထိရှိသည်။ ဆိုဒီယမ်ကလိုရိုက်၊ ဖော့စဖောရပ်၊ မဂ္ဂနီဆီယံနှင့် ဆာလ်ဖာတို့လည်း ပါဝင်သည်။ နွားနို့တွင် လူတစ်ဦး တစ်နေ့လိုအပ်သော ကယ်လ်ဆီယံဓာတ် ၄၀ ရာခိုင်နှုန်း ပါရှိသည်။ လက်တို့စ်ခေါ် နို့သကြားသည် လူကိုအကျိုးပြုသော ဗက်တီးရီးယားကိုအကျိုးပြုပြီး ဗီတာမင်များကိုလည်းထုတ်လုပ်ပေးပါသည်။ အမိုင်နိုအက်စစ်အချို့ကိုလည်း ထုတ်လုပ်ပေးသည်။ ကယ်လ်ဆီယမ်သည် အာရုံကြောများကို ငြိမ်သက်စေခြင်းဖြင့် နှစ်ခြိုက်စွာအိပ်ပျော်စေသည်။ နွားနို့သောက်ခါစတွင် ဝမ်းလျှောတတ်သည်။ နွားနို့အတွင်းမှ လက်တို့စ်ဓာတ်အား ချေဖျက်မည့် အင်ဇိုင်းကို ခန္ဓာကိုယ်မှ ရုတ်တရက် မထုတ်လုပ်နိုင်သေး၍ ဖြစ်သည်။ နွားနို့သောက်ပါများသောအခါ အင်ဇိုင်းကို ထုတ်လုပ်နိုင်ပြီး ဝမ်းမလျှောတော့ပေ။ နွားနို့သာမဟုတ် ဆိတ်နို့၊ ကျွဲနို့တို့ကိုလည်း သောက်နိုင်သည်။

၂၅ နှစ်တိုင် ကမ္ဘာ့စစ်တုရင် ချန်ပီယံဆုရရှိသူ အလီခိုင်သည် အရက်ကိုဖြတ်၍ အရက်အစား နွားနို့ကိုသာ သောက်ပြီး ကစားခဲ့သဖြင့် သရဖူကို ပြန်လည်ရယူနိုင်ခဲ့ဖူးပါသည်။

သို့ပါ၍ “အစာလည်းဆေး ဆေးလည်းအစာ” ဆိုသည့်အတိုင်း နွားနို့ကို မှန်မှန်သောက်ကြပါစို့ဟု တိုက်တွန်းရေးသား တင်ပြလိုက်ရပါသည်။

မွန်ပြည်နယ် သထုံမြို့ သုဝဏ္ဏဘူမိပရိယတ္တိသာသနာ့ဟိတအသင်းကြီးမှ (၈၇)ကြိမ်မြောက် သုဝဏ္ဏဘူမိပရိယတ္တိစာမေးပွဲ စာအောင်ဆုဘွဲ့နှင်းသဘင်အခမ်းအနားကို ဖေဖော်ဝါရီလ ၂၅ ရက်က သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက် သုဝဏ္ဏ ဘူမိပရိယတ္တိ သာသနာ့ဟိတအသင်း ဓမ္မာရုံ၌ ကျင်းပရာ စာအောင်ဆုရ ရဟန်း၊ သာမဏေ၊ သီလရှင် အပါး ၆၀တို့အား တာဝန်ရှိသူတို့က စာအောင်ဘွဲ့လက်မှတ်တော်များ ဆက်ကပ်ပြီး အလှူရှင်များက လှူဖွယ်ဝတ္ထုများ လှူဒါန်းခဲ့ကြသည်။ သက်ဦး(သထုံ)

ပလက်ဖောင်းကကျဉ်းကျဉ်း ဈေးသည်ကများများ

ရန်ကုန် ဖေဖော်ဝါရီ ၂၆

လသာနှင့် လမ်းမတော်မြို့နယ် အတွင်းရှိ မဟာဗန္ဓုလလမ်းမဘေး ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်နိုင်ရေးအတွက် ဖေဖော်ဝါရီ ဒုတိယအပတ်မှစ၍ ပလက်ဖောင်းများ ဖျက်သိမ်းခြင်းပြုလုပ်လာသည်။ မြောင်းဖုံးပေါ် ဈေးရောင်းချသူများကို အရေးယူမှုများနှင့် ဒဏ်ငွေပေးဆောင်ရမှုများလည်း ပြုလုပ်ခဲ့သည်။

အနော်ရထာလမ်းတစ်လျှောက် ယာဉ်ရပ်နားရန် နေရာများ ပြုလုပ်ထားသော်လည်း ဈေးဆိုင်များ ရောင်းချလျက်ပင်ရှိကြောင်း ကျဉ်းမြောင်းလာသော လူသွားပလက်ဖောင်းများတွင်မက ယာဉ်ရပ်နားရန်နေရာများတွင်ပါ ဈေးဆိုင်များ ပိုမိုရှုပ်ထွေးလာကြောင်း၊ မြောင်းဖုံးပေါ်တွင် ဈေးရောင်းချမှုများကို အရေးယူနေသကဲ့သို့ ပြုပြင်ပြီးနေရာများတွင် စည်းကမ်းမဲ့မှုများကိုလည်း အရေးယူသင့်ကြောင်း လမ်းသွားလမ်းလာတစ်ဦးက ပြောကြားသည်။

မဟာဗန္ဓုလလမ်းပေါ်တွင် ပြန်လည်ဖျက်သိမ်းနေသော ပလက်ဖောင်းများသည် ၂၀၁၁ ခုနှစ်ကုန်ပိုင်းတွင် တည်ဆောက်ထားသည့် နှစ်ရှည်ခံလမ်းများဖြစ်ပြီး ထိုအတွင်း ဓာတ်အားလိုင်း၊ ဖုန်းလိုင်းများ မြှုပ်နှံမှုကြောင့် ပြုပြင်ပြောင်းလဲမှု ဆောလျင်စွာမပြုလုပ်သင့်ကြောင်း သို့မှသာ နိုင်ငံတော်ဘဏ္ဍာငွေ ခြိုးခြံရာရောက်မည်ဖြစ်ကြောင်း မြို့နယ်အတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

တည်ဆောက်ပြီးစီးခဲ့သော ယာဉ်ရပ်နားရန်နေရာ၊ လူသွားပလက်ဖောင်း၊ ရေနုတ်မြောင်းတို့၏ အရည်အသွေးကိုပါ ပွင့်လင်းမြင်သာစွာ စစ်ဆေးပြီးမှသာ သုံးစွဲအကုန်အကျခံသော ငွေကြေးများ အမှန်တကယ်ကုန်ကျနိုင်မှုနှင့် စစ်ဆေးတိုက်ဆိုင်ကာ ပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်သင့်ကြောင်း ရန်ကုန်မြို့ခံများက အလိုရှိနေကြသည်။

ခင်ဆိုင်

လူ့အခွင့်အရေး သိကောင်းစရာများ နတ်မောက်၌ ဆွေးနွေး

နတ်မောက် ဖေဖော်ဝါရီ ၂၆

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေး အကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်းကို ဖေဖော်ဝါရီ ၂၄ ရက် မွန်းလွဲ ၂ နာရီက နတ်မောက်မြို့နယ် ပြည်သူ့ခန်းမတွင် ကျင်းပခဲ့သည်။ နတ်မောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူပြုအဖွဲ့များ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း လူဦးရေ ၆၀၀ ကျော် တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အတွင်းရေးမှူး ဦးစစ်မြိုင်နှင့် တာဝန်ရှိသူများက လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများနှင့် လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ လူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းဆိုင်ရာများကို ဟောပြောဆွေးနွေးခဲ့ကြသည်။

(၁၂၇)

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ရန်ကုန်မြို့ အဆောက်အအုံများ ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်းဆောင်ရွက်ရန် အဆိုပြုလွှာဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော် ဝတ္တကမြေအတွင်းရှိ အောက်ဖော်ပြပါ သာသနိကအဆောက်အအုံများအား ဆေးသုတ်မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ဗုဒ္ဓပြတိုက်အတွင်း/အပြင် ဆေးသုတ်ခြင်း
(ခ) မဟာဗုဒ္ဓဝင်ပြခန်း အတွင်း/အပြင် ဆေးသုတ်ခြင်း
(ဂ) အနောက်ဘက်စောင်းတန်းရင်ပြင်တော် မုခ်ဦးဆောင် အတွင်း/အပြင် ဆေးသုတ်ခြင်း
(ဃ) အနောက်ဘက်စောင်းတန်းအောက်ခြေမုခ်ဦးဆောင် အတွင်း/အပြင် ဆေးသုတ်ခြင်း

လုပ်ငန်းဆောင်ရွက်လိုသူများသည် သတ်မှတ်ထားသည့် အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ဂေါပကအဖွဲ့ရုံးတွင် ၃-၃-၂၀၁၄ ရက်မှ ၅-၃-၂၀၁၄ ရက်ကာလအတွင်း ဝယ်ယူဖြည့်စွက်ပြီး ၁၂-၃-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀နာရီ နောက်ဆုံးထားတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်သိလိုပါက ဖုန်း-၀၁-၃၇၁၀၈၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဂေါပကအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ပတ္တမြား/မြောက်၊ မြေကွက်အမှတ် ၃၉၁၊ မြေကွက်တည်နေရာအမှတ် ၃၉၁၊ သန္တာလမ်း၊ ပတ္တမြားရပ်ကွက်၊ ဦးကျောက်ဒိုးအမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျောက်ဒိုးထံမှ ၈-၁၂-၁၉၉၀ ရက်စွဲပါ မြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်အေးနုသည် ၂၉-၁၁-၂၀၁၃ ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးမင်းဆွေသည် ၃-၃-၁၉၉၄ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြ၍ ဒေါ်အေးအေးဆွေ ၁၂/မဂဒ(နိုင်)၀၆၇၀၂၈ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း မိတ္တူများနှင့် မြေချပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ကျမ်းကျိန်လွှာတို့ကိုတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ မကျည်းတန်းမြောက်/ရှေ့ရပ်ကွက်၊ အမှတ် ၃၁၂၊ ခြောက်လွှာ(ဘီ)၊ အကျယ်အဝန်း(၁၂ ၁/၂ပေ×ပေ၅၀)ရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေက ပိုင်ရှင်ဖြစ်သူ ဦးဝင်းဖေ ၁၂/လမတ(နိုင်)၀၃၃၂၅၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါသည်။

ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားများတင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်သန်း (လမ်းမတော်)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၉၅၉)
အမှတ် ၂၇၂၊ တတိယထပ်(ဝဲ)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၉၃၃၁၂၊ ၀၉-၇၃၀၉၇၀၄၃

ကန့်ကွက်နိုင်ကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်တင်ညွန့် ၁၂/လမန(နိုင်)၀၅၅၃၄၀၊ ဦးအောင်မြင့်တင် ၁၂/လမန(နိုင်)၀၅၅၂၂၄၊ ဦးလှမြင့် ၁၂/လမန(နိုင်)၀၅၅၄၃၃၊ အမှတ် ၁၂၀-က၊ ပထမထပ်၊ ဗဟိုလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေသူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြဌေး ၁၂/လမန(နိုင်)၀၀၂၄၄၂ ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဇေယျာသစ္စာလမ်း၊ အမှတ် (၂၆) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (သုံးထပ်ခွဲ)တိုက်အဆောက်အအုံ၏ မြေညီ(ခြေရင်းခန်း)၊ ဧရိယာ(မျက်နှာဖွင့် ၁၀ပေ× အရှေ့အနောက် ပေ ၄၀)ရှိ ရေမီးအစုံကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အား ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူ မည်သူမဆို ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းမူ B.A(Law), LL.B
(စဉ်-၈၂၅၇)
တရားလွှတ်တော်ရှေ့နေ

ဦးခင်စိုး LL.B
(စဉ်-၂၈၇၅)
တရားလွှတ်တော်ရှေ့နေ

သမာဓိဥပဒေအကျိုးဆောင်အဖွဲ့
အခန်း ၆/၃၀၁၊ တတိယထပ်၊ အမှတ် ၉/၁၁၊ ၃၆ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၇၃၁၄၈၅၃၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မဟာဆွေ ၁ လမ်း၊ မြေကွက်အမှတ် ၅၃၊ အကျယ်အဝန်းပေ(၄၀×၆၀)၊ မြေဧရိယာ ၀ဒသမ ၀၅၅ဧကရှိ နှစ်၆၀ဂရန်မြေအမျိုးအစားမြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဌာနတွင် ဒေါ်နွယ်နွယ်လှိုင် MTA-၁၇၆၇၇၁ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။

အထက်ပါမြေကွက်အား အဆင့်ဆင့်ဝယ်ယူလျက် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး လက်ဝယ်ရရှိထားသူ ဦးဇော်ထိုက် (ဘ)ဦးအောင်မြင့် ၁၂/ဒဂမ(နိုင်)၀၁၅၄၈၄မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြီး ရောင်းချလိုကြောင်းကမ်းလှမ်းရာ ဒေါ်မိုးဇာဦး (ဘ)ဦးမောင်စိန် ၁၄/ဒဒရ(နိုင်)၀၀၁၅၁၆က အပြီးအပိုင်ဝယ်ယူရန်အတွက် ၂၀-၂-၂၀၁၄ ရက်တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား (စာရွက်စာတမ်းမူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်မိုးဇာဦး
၁၄/ဒဒရ(နိုင်)၀၀၁၅၁၆

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာခိုင် LL.B, D.L.P,
WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ
အမှတ် ၈၃၊ အခန်း ၁၆/ဘီ၊
ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၁၀၀၅၈၆၇

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၆၁၃/ခ၊ မြေကွက်တည်နေရာအမှတ် ၆၁၃/ခ၊ စာဂ ၂၁လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးမြဝင်းအမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးမြဝင်းထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခင်မော်ဦး ၁၂/ဥကတ(နိုင်)၀၂၂၁၂၃က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ မြို့နယ်နှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့၏ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လားရှိုးမြို့အနီးက ရှန်ခိုက်ပေါ်တော်မူသီရိသျှီဝဘုရားပွဲတော်ကျင်းပ

မမ(လားရှိုး)

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ မန်းပွဲကျေးရွာအနီး ပေါ်တော်မူသီရိသျှီဝရှန်ခိုက် ဘုရားပွဲတော်သည် မြန်မာနိုင်ငံအရပ်ရပ်မှ ဟိန္ဒူဘာသာဝင်များသာမက နိုင်ငံခြားသားများပါ လာရောက်လေ့လာ ကြည်ညိုကြသည့် ဟိန္ဒူဘာသာရေးပွဲတော်တစ်ခု ဖြစ်သည်။

သီရိသျှီဝ ပေါ်တော်မူဘုရားသည် မန္တလေး-လားရှိုးမီးရထားလမ်း မန်းပွဲကျေးရွာနှင့် နန်းမျှော်ဘူတာ အကြား ရှန်ခိုက်ဘုရားဘူတာအနီး ရွာတွင် တည်ရှိသည်။

၁၉၀၃ တွင် ဗြိတိသျှလက်အောက် မီးရထားလမ်းဖောက်လုပ်ရန် ကျောက်တုံး ကျောက်ခဲများကို တူးဖော်ကြရာ ထိခိုက်မိသော ကျောက်တုံးတစ်ခုမှ သွေးများပန်းထွက်လာခဲ့ပြီး ဟိန္ဒူဘာသာဝင် အလုပ်သမားတစ်ဦးအား သျှီဝဘုရားအရုပ်သင်္ကေတကို မဟာပိန္နဲဘုရားက ဦးတိုက်ပူဇော်နေပုံရှိကြောင်း အိပ်မက်ပေးခဲ့သည်ဟု ဆိုသည်။

အလုပ်သမားများက ဆက်လက်တူးဖော်ကြရာ ပေါ်တော်မူသီရိသျှီဝဘုရားကိုတွေ့မြင်ရခြင်းဖြစ်သည်။ ထိုနေ့မှာ မဟာသျှီဝရာတြီပူဇော်ပွဲနေ့နှင့် တိုက်ဆိုင်နေကြောင်း ဗဟိုဂေါပကအဖွဲ့ဝင်တစ်ဦးကပြောပြသည်။ ၁၉၀၃ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဟိန္ဒူဘာသာဝင်များနှင့် တိုင်းရင်းသားပေါင်းစုံ လာရောက်ကြကြောင်းသိရသည်။ ပွဲတော်ရက်မှာ တပို့တွဲလဆုတ် ၁၂ ရက်မှ တပို့တွဲလကွယ်နေ့အထိ ကျင်းပလေ့ရှိသည်။

သီရိသျှီဝဘုရားပွဲတော်ကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ကျင်းပလျက်ရှိသည်။

ထူးခြားချက်(၅)ချက်ရှိပြီး သီရိသျှီဝဘုရားအား မဟာပိန္နဲဘုရားက ဂါရဝပြုလျက်ရှိခြင်း၊ ဆသီးမယ်တော် (ပါရ်ဝသီမယ်တော်)၏ လက်ပွားတော်ပေါ်နေခြင်း၊ ဘုရားအနီး သဘာဝကျောက်ဂူမှ စမ်းရေများ ဘုရားသို့ စီးနေခြင်း၊ စမ်းချောင်းအတွင်း သဘာဝငါးကြီးများရှိနေပြီး ပေါ်တော်မူဘုရားကို ဦးခိုက်လျက်ရှိခြင်း၊ သျှီဝဘုရား၏အစောင့်များဖြစ်သည်ဟု ယုံကြည်ကြသော မြွေများ မကြာခဏလာရောက်လေ့ရှိသော်လည်း ဘုရားဖူးသူတို့အား အနှောင့်အယှက်မပြုခြင်း၊ ငြိမ်သက်စွာနေလေ့ရှိခြင်းတို့ဖြစ်ပါသည်။

ရှန်ခိုက်ဘူတာ၏ လက်ဝဲဘက်တွင် သဘာဝကျောက်ဂူများရှိပြီး ရေတံခွန်ငယ်လေးများ စီးဆင်းနေခြင်းကြောင့် ဘုရားဖူးသူများသာမက မိသားစုလိုက်၊ အုပ်စုလိုက်သွားလာ လည်ပတ်ရင်း အပန်းဖြေစရာနေရာတစ်ခုဖြစ်လာခဲ့ပါသည်။ ဘုရားဖူးများမှာ ရေချိုးသန့်စင်ရာနေရာတွင် သန့်ရှင်းသောလှပသော ရေကူးကန်ကလေးကို ဖန်တီးပေးလိုက်ခြင်းဖြင့် လည်ပတ်သူများ ရေတံခွန်အတွင်း ရေချိုးလိုသူများအတွက် အန္တရာယ်ကင်း ပျော်ရွှင်စွာအပန်းဖြေနိုင်ပါသည်။

အဆိုပါ သီရိသျှီဝဘုရား၏ SHIVA LINGA ကို ဥသျှစ်ရွက်တင်ကာ နွားနို့စစ်စစ် တင်လှူပြီး သန့်ရှင်းသော သဘာဝရေလောင်းလှူဆုတောင်းပါက လိုရာဆုပြည့်စုံသည်ဟု ဟိန္ဒူဘာသာဝင်တို့က ယုံကြည်ကြသည်။ ဆွမ်းတော်ပွဲမှာ အုန်းသီးစိပ်များ၊ ငှက်ပျောသီး စသည့်အသီးအနှံမျိုးစုံကို လှူဒါန်းပူဇော်ကြသည်ကို တွေ့မြင်ရပြီး ကြိုးဖြင့်ဆွဲထားသော ခေါင်းလောင်းကြီးများ လှုပ်ခတ်ခြင်းဖြင့် သာယာသောအသံဖြင့် ပူဇော်ကြသည်။

ပွဲတော်လာ ဟိန္ဒူဘာသာဝင်များသာမက ပွဲတော်လာသူအပေါင်းကို သက်သတ်လွတ် ထမင်းဟင်းများဖြင့် တစ်နေ့လျှင် သုံးကြိမ်ကျွေးမွေးသည်၊ ဒါ့အပြင်ပွဲတော်နယ်မြေအတွင်း စားသောက်ဆိုင်များ ဖွင့်လှစ်ရောင်းချသူများပြားလှပါသည်။ ဒေသထွက်ကုန်ပစ္စည်းများ လာရောက်ရောင်းချသူများဖြင့် ပွဲတော်မှာ စည်ကားလှပါသည်။ ဟိန္ဒူဘာသာဝင်တို့၏ ထူးခြားဆန်းကျယ်လှသည့် မဟာသီရိသျှီဝကိုပူဇော်ရင်း သဘာဝတောတောင်များအကြား စိမ့်စမ်းရေအနားတွင် သဘာဝအတိုင်းကျင်းပသောပွဲတော်သို့ တစ်ခါတစ်ခေါက် လာရောက်ရင်း အပန်းဖြေအနားယူနိုင်ပါကြောင်း ရေးသားဖိတ်ခေါ်လိုက်ပါသည်။

မဲစနစ်ဖြင့် ရောင်းချမည့် အိမ်ရာစီမံကိန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဒဂုံမြို့သစ်မြောက်ပိုင်း မြို့နယ်တွင် ဖော်ဆောင်သည့် အိမ်ရာစီမံကိန်းဖြစ်သော ဗိုလ်ဗထူးတန်ဖိုးမျှတအိမ်ရာစီမံကိန်းမှ တိုက်ခန်းများ ရောင်းချရာတွင် ဝယ်လိုအားများပြားသဖြင့် မဲစနစ်ဖြင့် ရောင်းချပေးသွားရန်ရှိသည်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောက်လုပ်နေသည့် အဆိုပါအိမ်ရာတွင် အခန်းပေါင်း ၄၀၀ ကျော်ကို ရောင်းချပေးသွားရန်ရှိပြီး ပထမအခန်းအမျိုးအစားမှာ ငွေကျပ် ၃၄၇ သိန်း၊ ဒုတိယအမျိုးအစားမှာ ငွေကျပ် ၂၂၅ သိန်း၊ တတိယအမျိုးအစားမှာ ငွေကျပ် ၂၃၇ သိန်းတို့ဖြစ်သည်။ "လျှောက်ထားသူတွေ များပြားတဲ့အတွက် အားလုံးအဆင်ပြေအောင် မဲစနစ်စီစဉ်ထားပြီး ရောင်းချပေးမှာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်နဲ့ ဆောင်ရွက်မှာဖြစ်လို့ လျှောက်လွှာတွေကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီကို တင်ရမှာဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ လက်ရှိတွင် တိုက်ခန်းဝယ်ယူရန် လျှောက်ထားသူ ၁၃၀၀၀ ကျော်ရှိနေပြီဖြစ်ပြီး ဗိုလ်မင်းရောင် တန်ဖိုးမျှအိမ်ရာစီမံကိန်း လျှောက်လွှာများကိုလည်း စတင်လက်ခံတော့မည်ဖြစ်သည်။ **ခင်ရတနာ**

နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို စမတ်ကတ်ဖြင့် ပြောင်းလဲရန် သက်ဆိုင်ရာမှ အကောင်အထည်ဖော်ရန်ရှိနေ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံတစ်ဝန်း နိုင်ငံသားမှတ်ပုံတင်စိစစ်ရေးကတ်ပြားများကို ခေတ်မီနည်းပညာများအသုံးပြုကာ စမတ်ကတ်ဖြင့် ပြောင်းလဲရန်အစီစဉ်များ ရေးဆွဲထားပြီဖြစ်ရာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကြိုးစားနေပြီဖြစ်သည်။

နိုင်ငံသား မှတ်ပုံတင်စိစစ်ရေးကတ်ကို လက်ရှိအသုံးပြုနေသော စက္ကူကတ်ထူပြားမှ စမတ်ကတ်အဖြစ် ပြောင်းလဲပြုလုပ်ရာတွင် အခက်အခဲအချို့ရှိနေရာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအစီမံများ ရေးဆွဲထားပြီးဖြစ်သည်။

> **မျိုးရိုးစဉ်ဆက်ဇယားတွင်ပါရှိသော မိဘဘိုးဘွားများ၏ လူမျိုး နိုင်ငံသား ဖြစ်မှုအခြေအနေ . . .**

စမတ်ကတ်သည် ကိုယ်ရေးအချက်အလက် အနည်းငယ်ကိုသာ ဖော်ပြပြီး အလွယ်တကူဆောင်ရွက်နိုင်မည်မဟုတ်ဘဲ ၁၉၈၂ ခုနှစ်မြန်မာနိုင်ငံသားဥပဒေနှင့်အညီ နိုင်ငံသားအရည်အချင်းရှိမရှိ ဆုံးဖြတ်ရမှုများရှိနေသည်။ မျိုးရိုးစဉ်ဆက် ဇယားတွင်ပါရှိသော မိဘဘိုးဘွားများ၏ လူမျိုး နိုင်ငံသားဖြစ်မှုအခြေနေ၊ ကိုင်ဆောင်လက်မှတ်များဖြင့် တိုက်ဆိုင်စစ်ဆေးရသည်။ ထိုသို့စစ်ဆေးရာတွင် ယခင်ခေတ်အဆက်ဆက်က မှတ်တမ်းရယူထားသည့် အမျိုးသားမှတ်ပုံတင်မှတ်တမ်းပုံစံ-၁ များသည် စက္ကူဖြင့်မှတ်တမ်းတင်ထားခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် စမတ်ကတ်ဖြင့် ပြောင်းလဲရာတွင် မှတ်တမ်းမှတ်ရာ အချက်အလက်များကို အမှားအယွင်းမရှိရန်၊ နည်းပညာပိုင်းဆိုင်ရာ ချို့ယွင်းလွဲမှားမှုမရှိရန် ပထမဆုံး အဆိုပါမှတ်တမ်းများကို Data Base တွင် Manual စနစ်မှ Digital စနစ်သို့ ပြောင်းရန် အချက်အလက်များကို ကွန်ပျူတာဖြင့်ရိုက်ထည့်ရန် အချိန်လိုအပ်နေသည်။ သို့သော် အချိန်ကာလတစ်ခုအတွင်း၌ ပြီးစီးအောင် ဆောင်ရွက်နိုင်ပါက လက်ရှိအသုံးပြုနေသော စက္ကူကတ်ပြားမှ စမတ်ကတ်ပြားအဖြစ် ပြောင်းလဲကိုင်တွယ်အသုံးပြုနိုင်မည်ဖြစ်သည်။

သို့သော် နိုင်ငံသားမှတ်ပုံတင်ကတ်များကို စမတ်ကတ်အဖြစ် အသုံးပြုနိုင်ရေးအတွက် ဦးစားပေးနယ်မြေခွဲပြီး ဆောင်ရွက်ခြင်း သို့မဟုတ် တစ်နိုင်ငံလုံး တစ်ပြိုင်တည်း ဆောင်ရွက်ခြင်းတို့ကို ခွဲခြားမှုပြုလုပ်ကာ နည်းပညာ၊ ကျွမ်းကျင်ဝန်ထမ်းများကို လေ့ကျင့်ပေးရမည်ဖြစ်ရာ အချိန်ကာလတစ်ခုအတွင်းမှသာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အနေအထားရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံသားစစ်မှန်သူများအားလုံး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကိုင်ဆောင်နိုင်ရေး ဆောင်ရွက်ခဲ့သည်။ **မောင်မောင်မြင့်ဆွေ**

အကျိုးတူပူးပေါင်း ဆောင်ရွက်လိုပါသည်

သင့်လျော်သောနေရာ၊ ဆိုင်ခန်းပိုင်ဆိုင်ပြီး ထိုင်းစားသောက်ဆိုင်ဖွင့်ရန်အတွက် စိတ်ပါဝင်စားသူများ ကိုယ်တိုင်ဆက်သွယ်ပါ။ **ဖုန်း-၀၉-၂၅၄၁၉၀၂၇၅**

အမည်မှန်

လားရှိုးမြို့၊ အလက (၈)၊ စတုတ္ထတန်း (ခ)မှ မောင်ကျော်သူအောင် (ကျောင်းဝင်အမှတ် ၁၁၆၁၅)၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မောင်ကျော်သူအောင်ရ ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၄၄၉၂၊ ရွှေသမင်၊ သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်း ၅/စကန(နိုင်)၀၀၈၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၇၁၅၆၊ လော်ဂျား၊ ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်း ၅/စကန(နိုင်)၀၀၈၀၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)

ရောင်းမည်

သာကေတ၊ ၁၀ တောင် (၁၃)ရပ်ကွက်၊ ပေ (၂၀×၆၀) ထောင့်ကွက်၊ ဂရန်မြေ

ဖုန်း-၀၉-၈၆၂၁၈၁၉

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၂၊ မြေကွက်အမှတ် ၁၀ဂျေ/၂၊ မြေကွက်တည်နေရာအမှတ် - ၅၀၇/၁၂၊ ပြည်ရိပ်သာလမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်မြေပိုင်မြေ အမည်ပေါက်ဒေါ်ထွေးထွေးမြေအား အမည်ပေါက် ဒေါ်ထွေးထွေး ကွယ်လွန်သဖြင့် ဦးသိုက်စိုး ၁၂/လကန(နိုင်)၀၁၆၄၇၁က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံး

Best Auto Co.,Ltd မှ တင်သွင်းလာသော AA/8206 ကား၏ ယာဉ်ဓာတ်ပုံ၊ Custom Statement ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အောက်ပါဖုန်းနံပါတ်ကို အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၂၀၂၇၈၇၄၇

အမည်မှန်

လားရှိုးမြို့၊ အလက (၈)၊ ပဉ္စမတန်း(ဂ)မှ မဂျန်ဂျီယွင် (ကျောင်းဝင်အမှတ်-၂၀၄၁)၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မကျန်ဂီယု ဖြစ်ပါသည်။

ဖခင်အမည်မှန်

မဘိမ်းမြို့၊ ဘဟဲ အထက(ခွဲ) စတုတ္ထတန်းမှ မမျိုးစန္ဒီအောင်၏ဖခင်အမည်မှန်မှာ ဦးကြည်လင် ၁၃/မဘန(နိုင်)၀၁၄၆၂၀ ဖြစ်ပါကြောင်း။

ဦးကြည်လင်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄/ဘဝမြင့်)၊ လူနေရပ်ကွက်အမှတ်(မလိုခအိမ်ရာ)၊ မြေကွက်အမှတ်(၄၇/၉၇+၄၇/၉၈)၊ အလျား $\frac{၄၂'၇''}{၄၂'၇''}$ × အနံ $\frac{၆၀'}{၆၆'၆''}$ (၂၆၇၇)စတုရန်းပေ၊ ဧရိယာ ၀ ဒသမ ၀၆၂ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်နေအိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာမြေကွက်နှင့် နေအိမ်ကို ဂရန်အမည်ပေါက် ဦးမောင်မောင်သန်း ၆/ထဝန(နိုင်)၀၂၆၅၇၆နှင့် ဒေါ်မေပုလဲ ၁၂/လမတ(နိုင်)၀၁၁၆၁၂တို့ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေများမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗိုလ်ထွန်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင် မမာလာထွေးမှာ နေအိမ်မှထွက်သွားပြီး ပျောက်ဆုံးနေပါသဖြင့် တွေ့မြင်မိသူများရှိပါက အောက်တွင်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ကျေးဇူးပြုပြီး အကြောင်းကြားပေးစေလိုပါသည်။ အကယ်၍ ဥပဒေနှင့်မညီဘဲ လက်ခံထားသူများရှိပါက တိုင်တန်းအရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဖုန်း-၀၉-၄၇၀၃၆၆၅၆၊ ၀၉-၄၇၀၃၆၆၀၅၊ ၀၉-၄၃၁၅၅၉၁၁**
ဦးအောင်လင်း ၉/မမန(နိုင်)၀၈၄၄၄၀

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် ၄၁၅/ခ၊ မြေကွက်တည်နေရာအမှတ် ၄၁၅/ခ၊ ဇမ္ဗူသီရိ ၄ လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးသိန်းဟန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းဟန်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ခင်ခင်မြင့် ၁၂/သကတ(နိုင်)၁၁၂၁၉၀က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများနှင့်အတူ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၃၈ (က)၊ မြေကွက်အမှတ် ၄၄ (က)၊ မြေကွက်တည်နေရာအမှတ် ၄ လမ်းမ၊ ဘုံရှည်ကုန်းရွာ၊ ရွှေပြည်သာမြို့နယ် ဦးဘညိန်းအမည်ပေါက် ဧရိယာ ၂ ဒသမ ၈၉ ဧက၏အစိတ်အပိုင်း၊ (၃၆'×၁၀၀') "ဝ"မြေအား ဒေါ်ငုဝါ(ဘိလစ်)မှ တရားမကြီးအမှုအမှတ် ၈၆/၂၀၁၁ စီရင်ချက်နှင့် တရားမဇာရီမှုအမှတ် ၁/၂၀၁၂ တို့ကိုတင်ပြ၍ ၃(က) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၁၁၃၁ $\frac{၁}{၂}$၊ မြေကွက်တည်နေရာအမှတ် ၁၁၃၁ $\frac{၁}{၂}$၊ သုဇာတာလမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်မြင့်မြင့်သိန်း N/OKA-၀၄၃၁၃၇အမည်ပေါက် နှစ်၆၀ဂရန်မြေအားအမည်ပေါက်ညီမ ဒေါ်မြင့်မြင့်သိန်း(အပျိုကြီး) ကွယ်လွန်သဖြင့် ကျန်ညီအစ်ကိုနှစ်ဦးအနက် အရှင်ဦးသုမနမှာ ငယ်စဉ်ကတည်းက သာသနာ့ဘောင်အတွင်းသို့ရောက်ရှိသွားပြီးဖြစ်၍ ဦးတိုးရှိန် ၁၂/ဥကမ(နိုင်)၁၁၁၅၂၃က အစ်ကိုရင်းတော်စပ်ကြောင်းကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ထိပေါက်ပြီးလက်မှတ်ပျောက်ကိန်းကြုံတွေ့နေရသည့် မြစ်ဝကျွန်းပေါ်ပင်လယ်ကမ်းခြေက ငါးပိဈေးကွက်

ရန်ကုန်မြို့ ငါးပိဈေးကွက်များတွင် ငါးပိဈေးနှုန်းများဈေးကောင်းရရှိနေပြီး အရောင်းအဝယ်သွက်နေသော်လည်း မြစ်ဝကျွန်းပေါ်ပင်လယ်ရေလုပ်ငန်းများမှာ ငါးပိကုန်ထွက်သိသာစွာနည်းပါးနေသဖြင့် ကမ်းခြေဒေသငါးပိဈေးကွက်များမှာ ထိပေါက်ပြီး ထီလက်မှတ်ပျောက်သကဲ့သို့ကြုံတွေ့နေကြောင်း ကဒုံကနိကျေးရွာ ငါးပိကုန်သည်များထံမှ သိရသည်။

ယခုအခါ မြစ်ဝကျွန်းပေါ် ပင်လယ်ကမ်းခြေဒေသများတွင် မျှင်ငါးပိကို အဓိက ထုတ်လုပ်ပေးနေသည့် ငါးဖောင်လုပ်ငန်းများ သိသာစွာနည်းပါးလာသည့်အပြင် ပင်လယ်ပြင်မှလည်း ငါးပုစွန်ဖမ်းဆီးရမိမှု သိသိသာသာနည်းပါးနေသဖြင့် ကမ်းခြေရေလုပ်ငန်း ဈေးကွက်များသို့ ငါးပိကုန်တက်နည်းပါးနေခဲ့သည်။ ထို့ကြောင့် ကမ်းခြေဒေသပင်ရင်း ဈေးကွက်ကုန်သည်တွေအနေနှင့် ငါးပိများကို လိုသလောက် ဝယ်မရဘဲဖြစ်နေကြောင်း ဘိုကလေးမြို့နယ် ရွာသာယာကျေးရွာနေ ငါးပိကုန်သည် ကိုစန်းအောင်က ပြောကြားသည်။

"ပင်လယ်က ငါးဖမ်းရမှုလည်းနည်းနေတယ်။ ငါးဖောင်လုပ်ငန်းကလည်း သိသိသာသာ နည်းလာတယ်။ ဒီတော့ ငါးပိခြောက်ဝယ်ရတာ မလွယ်တော့ဘူး။ ကိုယ့်စက်လှေနဲ့ကိုယ်တိုင် အရှေ့ဖျား၊ နောက်မီး၊ ဘုန်းကြီးသောင်အထိ လိုက်ဝယ်နေရတယ်။ ဒါတောင် လိုချင်သလောက် ဝယ်မရဘူး။ ရန်ကုန်ပွဲရုံကို တင်လိုက်တာနဲ့ အရောင်းပြတ်တယ်။ ဈေးကလည်းကောင်းတယ်။ ဒါကြောင့်ဝယ်သူများလာပြီး ကုန်ကမရှိတော့ ကျွန်တော်တို့မှာ ထီပေါက်ပြီးလက်မှတ်ပျောက်သလိုဖြစ်နေတာ" ဟု ငါးပိကုန်သည် ကိုစန်းအောင်က ရှင်းလင်းပြောပြသည်။

ကမ်းခြေပင်လယ် ရေလုပ်ငန်းများမှာငါး၊ ပုစွန်များကို ငါးပိငါးခြောက်အဖြစ် ထုတ်လုပ်ရောင်းချကြသည်။ အဆိုပါ ငါးပိခြောက်များကို ပင်ရင်းဒေသကုန်သည်များက ဝယ်ယူကာ ငါးပိအဖြစ် ကြိတ်ခဲ့ကာ ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဈေးကွက်နှင့် သီရိမင်္ဂလာ ကုန်စိမ်းဈေးသစ်ကြီးရှိ ငါးပိ၊ ငါးခြောက်ပွဲရုံတန်းဈေးကွက်သို့ တင်ပို့ရောင်းချကြသည်။ လက်ရှိကမ်းခြေဈေးကွက်များတွင် ငါးပိခြောက် တစ်ပိဿာ ၅၅၀ ကျပ်မှ ၆၀၀ကျပ် ပေါက်ဈေးရှိနေပြီး ရန်ကုန်မြို့ ငါးပိငါးခြောက်ဈေးကွက်များတွင် တစ်ပိဿာ ငွေကျပ် ၇၀၀ မှ ၈၀၀ အထိ ပေါက်ဈေးရှိနေသည့်အပြင် အရောင်းအဝယ်လည်းသွက်နေသည်ဟု ဆိုသည်။

ထို့ကြောင့် ဘိုကလေးမြို့နယ် ကမ်းခြေဒေသ ဈေးကွက်မှ ငါးပိကုန်သည်များသည် ကိုယ်ပိုင်စက်လှေများနှင့် ဖျာပုံမြို့နယ် အရှေ့ဖျား၊ နောက်မီး၊ ဘုန်းကြီးသောင်၊ ဂယက်ကြီးကျေးရွာများနှင့် လပွတ္တာမြို့နယ် ကိုင်းသောင်ကျေးရွာများအထိ လိုက်လံဝယ်ယူနေရကြောင်း စက်လှေနှင့် ငါးပိလိုက်လံဝယ်ယူနေသူတစ်ဦးက ဆိုသည်။

မြစ်ဝကျွန်းပေါ်ဒေသ ငါးဖမ်းစက်လှေအားမြင်တွေ့ရစဉ်။ မင်းသစ္စာလှိုင်

ဓာတ်မြေဩဇာသီးသန့် အသုံးပြုစရာမလိုဘဲ စိုက်ပျိုးအောင်မြင်နိုင်သည့် သီးညှပ်နေကြာ

ရေစကြို ဖေဖော်ဝါရီ ၂၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်မှ တောင်သူများသည် နေကြာကို မိုးနှင့်ဆောင်းရာသီနှစ်မျိုးတွင် စိုက်ပျိုးလေ့ရှိကြသည်။ နေကြာကို စိုက်ပျိုးကြရာတွင် အများအားဖြင့် သီးညှပ်အဖြစ်စိုက်ပျိုးကြသည်။ ကုလားပဲ၊ မြေပဲ၊ ပဲကြီး၊ ဂျုံ၊ ငရုတ်စသည့် သီးနှံများကြားတွင် သီးညှပ်အဖြစ် စိုက်ပျိုးကြခြင်းဖြစ်သည်။

ထိုသို့ သီးညှပ်အဖြစ် စိုက်ပျိုးခြင်းကြောင့် သီးသန့်မြေကို ထွန်ယက်စရာမလို ခြင်း၊ ဓာတ်မြေဩဇာမှာ သီးသန့်ကျွေးစရာမလိုခြင်း၊ ပိုးမွှားရောဂါကာကွယ်ဆေးနှင့် ရွက်ဖျန်းအားဆေးသန့် ဖျန်းစရာမလိုခြင်းတို့ကြောင့် ကုန်ကျစရိတ်အနည်းငယ်မျှဖြင့် စိုက်ပျိုးရသော သီးနှံဖြစ်သည့်အပြင် သီးနှံများဝတ်မှုံကူးမှုကို အထောက်အကူပြုသည့်အတွက် တောင်သူများအားထားစိုက်ပျိုးသော သီးနှံဖြစ်သည်။ ရေစကြိုမြို့နယ်တွင် မိုးနေကြာဧက ၃၀၀ ကျော်နှင့် ဆောင်းနေကြာဧက ၃၆၀၀၀ ကျော် စိုက်ပျိုးကြောင်းနှင့် ရေဆင်း(၁)နေကြာမျိုးကို အဓိကထားစိုက်ပျိုးကြပြီး တစ်ဧကတွင် ဆယ်တင်းနှင့် ဆယ့်ငါးတင်းအထိ ထွက်ရှိကြောင်း လေ့လာသိရှိရသည်။

ယခုအခါ ဆောင်းစိုက်နေကြာများမှာ အစေ့အဆန်ပြည့်ပြည့်တင်းတင်းဖြင့် ဖြစ်ထွန်းလျက်ရှိသည်။

ဖေထွဏ်းဇော်-ရေစကြို

ချင်းပြည်နယ်တွင် ဝဥစိုက်ပျိုးရေးသည် အသင့်တော်ဆုံး သီးနှံစီမံကိန်းဖြစ်မည်ဟုဆို

တီးတိန် ဖေဖော်ဝါရီ ၂၄

ချင်းပြည်နယ်အတွင်း ဖြစ်ထွန်းအောင်မြင်နေပြီး ဈေးကွက်ရှိနေသည့် ဝဥစိုက်ပျိုးရေးသည် ပြည်နယ်အတွက်အသင့်တော်ဆုံးသီးနှံစီမံကိန်းဖြစ်ကာ စနစ်တကျဖြင့်စိုက်ပျိုးလုပ်ကိုင်မည်ဆိုပါက ချင်းပြည်နယ်တောင်သူများ၏ ထွက်ရပ်လမ်းသည် ဝဥစိုက်ပျိုးရေးပင်ဖြစ်ကြောင်း ချင်းပြည်နယ် စိုက်ပျိုးရေးဝန်ကြီး ဦးဗန်ထောင်းက ပြောကြားထားကြောင်း သိရသည်။

ချင်းပြည်နယ်ထွက်ဝဥများမှာ အရည်အသွေးကောင်းမွန်သဖြင့် လူကြိုက်များကာ ဈေးကွက်တွင် ဝဥအစိုတစ်ပိဿာလျှင် မြန်မာကျပ်ငွေ ၆၀၀မှ ၇၀၀ခန့်ရှိပြီး အခြောက်တစ်ပိဿာလျှင် မြန်မာကျပ်ငွေ ၄၅၀၀ မှ ၄၈၀၀ အထိ ဈေးပေါက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝဥကို လက်ရှိအချိန်တွင် ချင်းပြည်နယ်ရှိ မြို့နယ်အများစု၌ တွင်တွင်ကျယ်ကျယ် စိုက်ပျိုးလာကြပြီး ဈေးကွက်ကောင်းသော်လည်း တောင်သူများအနေဖြင့် လိုအပ်သည့်နည်းပညာ၊ စိုက်ပျိုးရေးသွင်းအားစုများအား ထောက်ပံ့ကူညီမှုမရရှိနိုင်သဖြင့် အခက်အခဲတွေ့ကြုံနေကြရကြောင်း၊ စိုက်ပျိုးမြေများရှိသော်လည်း မျိုးစေ့လုံလုံလောက်လောက်မရှိနိုင်သဖြင့် လူတိုင်းမစိုက်ပျိုးနိုင်သည်မှာ အဓိကအခက်အခဲတစ်ရပ်ဖြစ်ကြောင်း ဝဥစိုက်ပျိုးသူတောင်သူတစ်ဦးက ဆိုသည်။

ယင်းဒေသထွက် ဝဥများကို ရန်ကုန်နှင့်မန္တလေးမြို့ များမှတစ်ဆင့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။ အဆိုပါ ဝဥသည် လွန်ခဲ့သည့် ငါးနှစ်ခန့်မှစ၍ နိုင်ငံခြားပို့ကုန်ဖြစ်လာခဲ့ပြီး တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံများက အဓိကဝယ်ယူကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

နေစု(ချင်းရိုးမ)

Speed Boat ဝန်ဆောင်မှုပေးခြင်း

ချောင်းသာကမ်းခြေသို့ သွားရောက်လည်ပတ်မည့်သူများအတွက် Speed Boat ဝန်ဆောင်မှုပေးပါသည်။ ချောင်းသာကမ်းခြေမှ အနီးအနားဝန်းကျင်ဖြစ်သော ဖိုးကုလားကျွန်း၊ ကျောက်မောင်နှမ၊ သဲဖြူကျွန်းသို့ သွားရောက်လည်ပတ်ချင်သူများနှင့် ချောင်းသာကမ်းခြေမှ ဝေးသော ငွေဆောင်၊ သဇင်မှော်၊ ဆင်မရွာ၊ ရွှေသောင်ယံကဲ့သို့သော နေရာများ၏ သာယာလှပသော Sea View ရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန် Speed Boat နေ့ပြတ်(ပုတ်ပြတ်) ငှားရမ်းနိုင်ပါသည်။ ဧည့်သည်များစိတ်တိုင်းကျ သွားရောက်လည်ပတ်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆက်သွယ်ရန် (ရန်ကုန်) ဖုန်း-၀၉-၄၃၂၁၅၈၀၃၊ ၀၉-၅၀၀၅၁၁၀

တရုတ်စာသင်ဖို့ ဖူရှင်းမှာဆုံကြစို့

တရုတ်စာသည် ကမ္ဘာပေါ်တွင် ပေါင်းသင်းဆက်ဆံမှုအတွက် အဓိကသော့ချက်
တရုတ်စာသည် အလုပ်အကိုင်ရှာဖွေရာတွင် အောင်မြင်မှုရဲ့ပန်းတိုင်
တရုတ်စာသည် အနာဂတ်အတွက် ထွန်းလင်းတောက်ပသောနေ့ရက်များ
ဖူရှင်းတွင် တရုတ်ပြည်မှလာရောက်သော ဆရာ၊ ဆရာမများကိုယ်တိုင် သင်ကြားပို့ချပေးသော တရုတ်စာသင်တန်းများကို လာရောက်သင်ကြားကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
တရုတ်စာသင်ယူလိုပါလျှင် ဖူရှင်းသည်အဓိကအကောင်းဆုံးရွေးချယ်မှုဖြစ်ပါသည်။

စုံစမ်းရန် ဖုန်း-၀၁-၂၅၀၆၄၆
လိပ်စာ-အမှတ် ၁၁၀၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့



မအူပင်မြို့၊ ၁၁ ရပ်ကွက်၊ ရွှေစေတီလမ်း၊ အမှတ်-၁၂၃ နေ ဒေါ်ဆွေဆွေသန်း လွှဲအပ်ချက်အရ အကျိုးဆောင်ရှေ့နေများ၏ ၆-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၃)ပါ အများသိစေရန်ကြေညာချက်အပေါ် ဦးဌေးဝင်း ပါ(၂၄)ဦးတို့က ပြန်လည်ရှင်းလင်း ကန့်ကွက်ကြေညာခြင်း

မအူပင်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၇-အမ်-၁)၊ ဦးပိုင်(၁၇-က)၊ ဧရိယာ ၁၁၁၁မ ၁၈၅ဧကရှိမြေသည် R-2 လယ်မြေအမျိုးအစားဖြစ်ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀ကျော်ခန့်မှစ၍ ဦးဌေးဝင်း ပါ(၂၄)ဦးတို့သည် လူနေရပ်ကွက်အဖြစ် ဆက်ခံလွှဲပြောင်းမှုများဖြင့် အတည်တကျ လက်ရှိထားနေထိုင် အကျိုးခံစား စီမံခန့်ခွဲလာသူများဖြစ်ကြပါသည်။ ၁၉၉၀ပြည့်နှစ်တွင် အကွက်တစ်ခုလုံး မီးဘေးသင့်သည့်အခါ ထိုခေတ်ကာလ ရပ်ကွက်/မြို့နယ်/မြို့နယ်စုအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်က လက်ရှိနေထိုင်သူများကို စာရင်းကောက်ယူကာ စနစ်တကျ အကွက်များရိုက်ခြင်း၊ လမ်းများဖောက်ခြင်း၊ အများဆိုင်ရာ နေရာသတ်မှတ်ခြင်းဖြင့် ပြန်လည်နေရာချထားစီမံခန့်ခွဲပေးခဲ့ပါသည်။ (၁၇-က/၁)မှ(၁၇-က/၂၅)ဦးပိုင်အကွက်အလိုက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စည်းကြပ်သောမြေခွန်များကို (၁၉၉၀-၁၉၉၁ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ) ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပါသည်။ ဦးဌေးဝင်း ပါ(၂၄)ဦးသည် အနိမ့်ဆုံးအားဖြင့် ၁၉၉၀ပြည့်နှစ် မြေယာစီမံခန့်ခွဲမှု အခွင့်အာဏာရှိသူများ၏စီမံခန့်ခွဲမှုအရ တရားဝင်လက်ရှိဖြစ်မှု (Possessory Title)ကို ဥပဒေအရ ရရှိခံစားလျက်ရှိသူများဖြစ်ကြပါသည်။ ၄င်းတို့က သက်ဆိုင်ရာ တည်ဆဲမြေယာဆိုင်ရာဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သောထောက်ခံချက်များဖြင့် တရားဝင်အဆင့်ဆင့် လျှောက်ထားခဲ့ပြီး သက်ဆိုင်ရာများမှ လက်ခံပြီးဖြစ်ပါသည်။

ဒေါ်ဆွေဆွေဦး၊ ဒေါ်ဆွေဆွေသန်းတို့မှာ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်ညီသော ပိုင်ရေးဆိုင်ခွင့်တစ်စုံတစ်ရာမရှိပါသဖြင့် ကန့်ကွက်အရေးဆိုရန် အကြောင်းမရှိကြောင်း သိစေအပ်ပါသည်။

ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်/ဌာနဆိုင်ရာအဆင့်ဆင့်၏ဆုံးဖြတ်စီမံခန့်ခွဲ ဆောင်ရွက်ချက်များကို မျက်ကွယ်ပြု ကျော်လွန်ဆောင်ရွက်ပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာအဆင့်ဆင့်သို့ ကန့်ကွက်တိုင်ကြားမည့်အပြင် လိုအပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်းကန့်ကွက်ကြေညာပါသည်။

ဦးဌေးဝင်း ပါ(၂၄)ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်မေသန်း	ဦးကျော်ငြိမ်း (ဖောင်တော်သီ)	ဦးစိုးဝင်း(မအူပင်)
(စဉ်-၃၂၂၈)	(စဉ်-၂၃၀၂)	(စဉ်-၄၁၇၈)
LL.B,D.B.L,D.M.L,D.I.L	B.A(Law),LL.B,D.B.L,D.M.L	B.A,H.G.P,R.L

တရားလွှတ်တော်ရှေ့နေများ
အမှတ်-၁၂/သုံးလွှာ၊ အခန်း(၂၀၁)၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်လမ်း(ရှစ်မိုင်)၊ မြို့ပြအိမ်ရာ (တောင်ဘက်ခြမ်း)၊ တိုက်အမှတ် ၄၊ အခန်းအမှတ် ၄၂၊ အကျယ်အဝန်း (၁၅ ပေ×ပေ ၅၀)ရှိ ဒုတိယထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့် ၁/မကန(နိုင်) ၀၀၃၁၃၀ ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်း)ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဒေါ်ရတနာနွေး
LL.B	LL.B, D.B.L,D.M.L	LL.B, D.B.L
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၄၉၇)

အာရှမြေ အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀၊ ၀၉-၇၃၁၆၉၃၀၀

အဘိဓဇပူဇာနှင့်မွေးနေ့မင်္ဂလာကျင်းပမည်

တောတိုက်ဓမ္မရိပ်သာဆရာတော်ကြီးသည် ပရိယတ်၊ ပဋိပတ်နှင့်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ ဝိနည်းဓိုရ်၊ တောင်တန်းသာသနာပြု၊ နိုင်ငံတော်သြဝါဒါစရိယ၊ တိုင်းဒေသကြီး ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးဥက္ကဋ္ဌစသော သာသနာပြုလုပ်ငန်းများကို (၃၈)နှစ်တိုင်တိုင် အားသွန်ခွန်စိုက် စွမ်းစွမ်းတမံဆောင်ရွက်တော်မူသည့်အတွက်ကြောင့် နိုင်ငံတော်မှ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်ကြီးကို ထိုက်ထိုက်တန်တန်လှူဒါန်းပူဇော်သဖြင့် တပည့်သံဃာ၊ သီလရှင်ယောဂီအပေါင်းတို့မှ နှစ်ထောင်းအားရ ပီတိသောမနဿဖြစ်ကြပြီး ထိုက်ထိုက်တန်တန်ကျေးဇူးဆပ်လိုသော ဆန္ဒများစွာရှိနေကြ၍ နှစ်စဉ်ကျင်းပနေကျ ဆရာတော်ကြီး၏ သက်တော် (၈၂)နှစ်ပြည့် မွေးနေ့မင်္ဂလာကို ၂၇-၂-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ထပ်ဆင့်ပူဇော်ရာ၌ ပင့်သံဃာတော်အပါး(၁၀၀၀)တို့အား သက်နှံစသော လှူဖွယ်ပစ္စည်းများ လှူဒါန်းပူဇော်နိုင်ပါသည်။

တပည့်များ
တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်
တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၁-၆၃၇၂၈၁၊ ၀၉-၈၆၃၀၃၁၃

ရန်ကုန်စက်မှုတက္ကသိုလ်
၁၉၈၇နှင့် ၁၉၉၁ ခုနှစ် ဘွဲ့ရအင်ဂျင်နီယာများနှင့် မိသုကာများ၏
အာစရိယပူဇော်ပွဲကျင်းပမည်

အာစရိယပူဇော်ပွဲကို နှစ်စဉ်ပြုလုပ်နေကျနေ့ရက်ဖြစ်သည့် ၂-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)

မွန်းလွဲ ၂နာရီမှ ၅နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ်စုဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးတင်ဦး (Mech)	ဖုန်း-၀၉-၅၀၀၈၉၂၃
၂။ ဦးခင်မောင်လွင်(ကြက်တော) (Mech)	ဖုန်း-၀၉-၅၀၀၄၁၈၉
၃။ ဦးကျော်သူအောင် (Ec)	ဖုန်း-၀၉-၅၀၀၀၃၁၈
၄။ ဒေါ်ခင်စန္ဒာထွန်း (Ec)	ဖုန်း-၀၉-၅၀၀၀၇၃၅
၅။ ဦးသော်တာ (Ep)	ဖုန်း-၀၉-၅၀၁၅၃၈၅
၆။ ဒေါ်ဌေးဌေး (Textile)	ဖုန်း-၀၉-၅၀၄၇၆၄၂
၇။ ဦးကျော်စိုးဝင်း (Chemical)	ဖုန်း-၀၉-၅၀၈၁၄၅၁
၈။ ဦးစိုးမင်း(Metal)	ဖုန်း-၀၉-၂၂၂၅၅၀၁
၉။ ဒေါက်တာမျိုးညွန့် (Mining)	ဖုန်း-၀၉-၅၀၉၇၅၇၄
၁၀။ ဦးညွန့်ဝင်း (Arch)	ဖုန်း-၀၉-၅၁၁၅၆၀၂
၁၁။ ဦးကိုကိုအေး (Civil)	ဖုန်း-၀၉-၅၁၁၉၀၇၀
၁၂။ ဦးစန်းကြူ (Civil)	ဖုန်း-၀၉-၅၀၅၂၂၀၀
၁၃။ ဦးမြင့်နိုင် (Petrol)	ဖုန်း-၀၉-၄၅၀၀၆၅၇၀၁

(ဖိတ်စာသီးခြားမပို့ပါ)

အများသိစေရန်ကြေညာချက်

[illegible]

[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]
[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

နိုင်ငံတော်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှုများ တိုးတက်ဖွံ့ဖြိုးလာစေရေးအတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ ဖွဲ့စည်းမည်

မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကော်ဖီစိုက်ပျိုးသူများ၊ ကော်ဖီထုတ်လုပ်တင်ပို့ရောင်းချသူများ၊ ပညာရှင်များ၊ စိတ်ပါဝင်စားသူများ စုံစုံညီညီဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ နောက်ဆုံးပတ်တွင် စတင်ဖွဲ့စည်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့တွင် ပါဝင်လိုသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ၊ ပညာရှင်များ၊ ကုန်သည်ပွဲစားများ၊ ကော်ဖီနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များအားလုံး မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း၊ အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ ကုန်သည်စက်မှုအသင်းချုပ်၊ ငါးလွှာ၊ ဖုန်း-၀၁-၂၁၈၃၆၇၊ ၀၉-၄၃၁၂၇၆၅၆တို့သို့ အမြန်ဆုံးဆက်သွယ်စာရင်းပေးပို့ပါရန်နှင့် အားတက်သရော ပါဝင်ရန်လည်း နှိုးဆော်အပ်ပါသည်။

အမြန်ဆက်သွယ်ပါရန်

ရေနံ့သာရဲစခန်း (ပ) ၁၄၂/၂၀၁၃၊ ပြစ်မှုပုဒ်မ-၃၇၉/၅၄ အမှုမှသိမ်းဆည်းဖမ်းဆီးရမိသော အောက်ပါဆိုင်ကယ်အား ပစ္စည်းပိုင်ရှင်မှ အမြန်ဆုံးထုတ်ယူနိုင်ပါရန်။

ဆိုင်ကယ်နံပါတ်- ၂၀ယ/၈၄၄၁၄
အမျိုးအစား - HUIDA-110 (အပြာရောင်)
စက်အမှတ် - 153 FMH* HD 200093*
ဘောင်အမှတ် - *HD 511 P10 XC 2000093*

Job Vacancy

Hotel Manager (or)
Operation Manager **Female/Male(1)**
Required Qualification

- Age (30-50) Years
- Bachelor Degree Holder
- At Least 3-5 years experience in related field
- Strong Organizational Skills and Risk Management Skills
- Fluency in English 4 Skills is a must
- Must be computer literate

Interested candidates should submit

CV with recent photo, copy of the labor, registration card, reference of the related hotel field and other certificates not later than within 15 days.

Address: Kaytumadi Co.,Ltd.
Room No (1105), 16 Floor, Tower(B), Maw Tin Tower,
Corner of Anawrahta Road and Lanthit Street, Lanmadaw Township, Yangon, Myanmar, Ph-01-218489, 218490, 218491

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/စီမံကိန်း-၂၊ မြေကွက်အမှတ် ၁၆/က၊ မြေကွက်တည်နေရာအမှတ်-၁၆/က၊ သံသုမာလမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးအုန်းမောင် အမည်ပေါက် နှစ်၆၀ ဂရန် မြေအား အမည်ပေါက် ဦးအုန်းမောင် ကွယ်လွန်သဖြင့် ဒေါ်တင်မြ ၁၂/ဥကတ(နိုင်)၁၀၅၆၁၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ်-၁၃၇၅၄(၈-၈-၂၀၁၃)ဖြင့် လွှဲအပ်ခံရသူ အထွေထွေကိုယ်စားလှယ် ဒေါ်ဇင်ပန်းမြင့် ၁၂/ဥကတ(နိုင်)၁၂၉၃၅၀ကပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ-၆၁၄(၁၁-၁၀-၁၃)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက်တည်နေရာအမှတ်၂၈၂၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးတင်ထွန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ခင်မော်မော် ၁၂/ဒပန(နိုင်)၀၂၄၂၇၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(က)၊ မြေကွက်အမှတ် ၄၇(က)၊ မေယု ၁ လမ်း၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ ဒေါ်လှလှ အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအောင်မျိုးဝင်း ၇/ဇကန(နိုင်)၀၃၀၅၇၂ ထံမှ ကျွန်ုပ်တို့မိတ်ဆွေ ဦးနိုင်တင်ထွန်း ၁၂/ဥကမ(နိုင်)၀၁၀၈၆၃ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်း)ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်စိုး LL.B	**ဒေါ်စိုးနွဲ့နွဲ့လှိုင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၀၆၄)	**အထက်တန်းရှေ့နေ(စဉ်-၂၈၆၆၃)**
ဖုန်း-၀၉-၄၉၂၃၀၇၁၄	**ဖုန်း-၀၉-၄၂၁၁၁၄၉၈၉**

င/၈၂၄၊ နွယ်နီ ၁၅ လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/၂၊ မြေကွက်အမှတ် ၃၇/၁၊ မြေကွက်တည်နေရာအမှတ် ၃၇/၁၊ ဇင်ယော်လမ်း၊ ၁၄/၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးလှမြင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးလှမြင့်နှင့်ဇနီးဒေါ်မြမေ ကွယ်လွန်သဖြင့် ဦးကျော်လှမြင့် ၁၂/ဒဂန(နိုင်)၀၀၅၆၀၄၊ ဦးဇော်လှမြင့် ၁၂/ဥကတ(နိုင်)၁၀၀၉၀၆၊ ဒေါ်ချိုလှမြင့် ၁၂/ဥကတ(နိုင်)၁၀၇၁၄၀၊ ဒေါ်ခိုင်လှမြင့် ၁၂/ဥကတ(နိုင်)၁၀၇၀၇၀၊ ဒေါ်နွယ်လှမြင့် ၁၂/ကမရ(နိုင်)၀၄၃၁၁၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ နှစ်၆၀ဂရန်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးခင်ဝင်း၁၄/သပန(နိုင်)၀၅၀၇၆၆ ၏ နိုင်ငံကူးလက်မှတ် PP.N0. ၀၂၄၁၂၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၂၀၀၉၅၅

ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၁-၂၀၁၄ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၁)ဦးအေးလွင်၏ ဂရန်သစ်ကြော်ငြာတွင် ဂရန်သစ်အစားမြေပုံကူးဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၂၁၆၊မြေကွက်တည်နေရာအမှတ် ၂၁၆၊ ၁၂ လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်ကျင်အေးအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်အေး(မိခင်)နှင့် (ဖခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်စန်းဝင်း ၁၂/ဒပန(နိုင်)၀၀၈၀၃၇၊ ဦးအောင်မျိုးဆန်း ၁၂/ဒပန(နိုင်)၀၄၄၉၈၅ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်အမှတ် ၅၄၊ ဇရိယာ ၀ဒသမ၀၂၉ဧက၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ပတ္တမြားလမ်း၊(၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေအမျိုးအစား နှစ် ၆၀မြေငှားဂရန် (စီမံချက်ဂရန်) အမည်ပေါက် ဒေါ်မြတင် မြေအား အမည်ပေါက် ဒေါ်မြတင်၊ ခင်ပွန်း ဦးမောင်ညွန့်နှင့် မောင်လှဌေး(သား)ဖြစ်သူတို့ကွယ်လွန်သဖြင့် ဒေါ်ကြည် ၁၂/ကမရ(နိုင်)၀၀၈၆၈၈၊ ဦးဘိုးပျော် ၁၂/ကမရ(နိုင်)၀၃၉၄၅၉၊ ဒေါ်စိန်အေး ၁၂/ကမရ(နိုင်)၀၃၀၃၂၂နှင့် ဒေါ်ဌေးဌေးမြင့် ၁၂/ကမရ(နိုင်)၀၂၉၁၃၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပန်းဘဲတန်းမြို့နယ်၊ ၂၉ လမ်း၊ အမှတ် ၁၇၈ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ် ၁၆ဒီ၃၊ မြေကွက်အမှတ် Northern Fight eighth of III Class 11၊ မြေပိုင်မြေအမျိုးအစား အမည်ပေါက်ဦးတင်လှ၊ ဦးမြမောင်နှင့် ဦးအေးမောင်မြေအား အမည်ပေါက်များထံမှ စွန့်လွှတ်စာချုပ်အမှတ် ၆၅၃၈/၁၂(၃၀-၁၅-၂၀၁၂)ဖြင့်ရရှိခဲ့သူ ဦးအေးမောင် (၂၅-၇-၂၀၁၃) ရက်တွင် ကွယ်လွန်သွားခဲ့၍ ဇနီးဖြစ်သူ ဒေါ်တင်တင်ဦး ၁၂/ပဘတ(နိုင်)၀၁၈၂၆၇ နှင့် ဦးအေးမောင်၏သားသမီးများဖြစ်ကြသော ဒေါ်သန္တာဦး ၁၂/ပဘတ(နိုင်)၀၀၀၈၄၂၊ ဒေါ်သီတာဦး ၁၂/ပဘတ(နိုင်)၀၀၁၃၄၃၊ ဒေါ်စန္ဒာဦး ၁၂/ပဘတ(နိုင်)၀၁၆၉၂၉၊ ဦးစိုးခ ၁၂/ပဘတ(နိုင်)၀၂၆၂၂၉၊ ဦးစိုးရ ၁၂/ပဘတ(နိုင်)၀၂၈၄၈၃တို့က ဇနီးနှင့် သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာ၊ သေစာရင်းနှင့် အမည်ပေါက်စာချုပ်၊ စွန့်လွှတ်စာချုပ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်စာချုပ်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ



သက်ဆိုင်သူများကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၆၀)ရပ်ကွက်၊ မြေကွက်အမှတ် ၅၉၃ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဒေါ်လှလှဝေ ၁၂/မရက(နိုင်)၀၆၉၉၆၄အမည်ပေါက် မြေချပါမစ်အမျိုးအစား မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်တို့မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် LL.B (စဉ်-၂၂၇၄၇)၊ ဒေါ်နှင်းပွင့်သန်း LL.B (စဉ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

ကန့်ကွက်နိုင်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရုံးကြီးရပ်ကွက်ရှိ ကွင်း/အကွက်အမှတ် ၅၊ ကုတို့မြောက်၊ ဦးပိုင်အမှတ် ၁၃၄ ဃ၊ ဧရိယာ ၀ ဒသမ ၀၁၈၈ ဧက နှစ် ၃၀ မြို့မြေငှားဂရန်မှာ ကျွန်တော် ဦးလှမောင်အမည်ပေါက်ဖြင့် ပိုင်ဆိုင်ထားသော ဂရန်ဖြစ်ပါသည်။ ၎င်းကို အသစ်ပြုလုပ်ရန် လျှောက်ထားခြင်းနှင့်ပတ်သက်ပြီး တရားဝင်ခိုင်လုံသောအထောက်အထား တရားဝင် စာရွက်စာတမ်းများနှင့်အတူ ၁၄ ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမောင်(ဘ)ဦးဟိန်း ၅/မရန(နိုင်)၀၁၇၇၉၃
ရုံးကြီးရပ်ကွက်၊ မုံရွာမြို့

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/သဘောကျင်း၊ မြေကွက်အမှတ် က/၁၀၇၊ မြေကွက်တည်နေရာအမှတ် ၄၆၊ ၇ လမ်း၊ သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးဖေဝင်း အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးဖေဝင်း (ဖခင်)နှင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်ကြသော ဒေါ်မူမူအေး ၁၂/သကတ(နိုင်)၀၇၃၁၅၆၊ ဒေါ်စန်းစန်းအေး ၁၂/ဒပန(နိုင်)၀၂၂၇၀၇၊ ဒေါ်အေးအေးသက် ၁၂/ဒပန(နိုင်)၀၄၅၀၆၉ ကိုယ်စား GP(၁၇၀၂)၁၂-၉-၁၃ဖြင့် ရရှိသူ ဦးမင်းအောင် ၁၂/ပဘတ(ပြု)၀၀၀၆၂၄က ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈D၊ မြေကွက်အမှတ် ၂၁၄၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ပန်းတနော်လမ်း၊ လင်း/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ဦးကြည်လွင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြည်လွင်နှင့် ဒေါ်ခင်ဝေတို့ ကွယ်လွန်သဖြင့် ဦးကိုကိုကြီး ၁၂/သဃက(နိုင်)၁၃၇၇၉၀၊ ဦးကိုကိုလတ် ၁၂/သဃက(နိုင်)၀၇၁၈၀၂၊ ဦးကိုလေး ၁၂/သဃက(နိုင်)၁၄၄၄၂၃၊ ဒေါ်ကြည်ကြည်ဝေ ၁၂/သဃက(နိုင်)၀၆၉၄၃၄၊ ဦးအောင်နိုင်ဝင်း ၁၂/သဃက(နိုင်)၀၆၉၄၆၁ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/ပုသိမ်မြေ၊ မြေကွက်အမှတ် ၁၄၇၊ မြေကွက်တည်နေရာအမှတ်၁၄၇၊ (၆)လမ်း၊ ပုသိမ်မြေရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်မှန် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးမောင်မှန်(ဖခင်)နှင့် ဒေါ်စောရွှေ(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးကျင်ဦး ၁၂/ဒပန(နိုင်)၀၁၂၀၀၂နှင့် ဦးမျိုးမင်း ၁၂/ဒပန(နိုင်)၀၁၂၂၃၈တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၄၊ မြေကွက်အမှတ် ၅၄၅၊ မြေကွက်တည်နေရာ အမှတ် ၅၄၅၊ ရွှေစင်ဧလမ်း၊ (၄၄)ရပ်ကွက်၊ ဒဂုံမြောက် ဦးစန်းမောင် MMO-၂၆၃၄၀၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစန်းမောင် ကွယ်လွန်သဖြင့် ဒေါ်ဝင်းမေ ၁၂/အစန(နိုင်)၀၂၇၅၃၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၆၇၊ မြေကွက်တည်နေရာအမှတ် ၁၆၇၊ မြစပယ်လမ်း၊ (၂၄)ရပ်ကွက်၊ ဒဂုံတောင် ဒေါ်မြသိန်း ၁၂/ဗဟန(နိုင်)၀၄၁၅၉၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြသိန်း ကွယ်လွန်၍ ဦးသန်းရှိန် ၁၂/ ဗဟန(နိုင်)၀၄၁၅၁၁ က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ် စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၈၄/က၊ မြေကွက်တည်နေရာအမှတ် ၈၄/က၊ အနော်မာ ၂ လမ်း၊ (၁၃)ရပ်ကွက်၊ တ/ဥဒေါ်စိုးကြည် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်စိုးကြည်နှင့် ခင်ပွန်း ဦးငွေထွန်းကွယ်လွန်သဖြင့် ဦးမင်းမင်းထွန်း ၁၂/ဥကတ(နိုင်)၀၅၉၃၉၅၊ ဦးစန်းဦး ၁၂/ဥကတ(နိုင်)၀၅၉၂၄၄၊ ဒေါ်မာလာဝင်း ၁၂/ဥကတ(နိုင်)၁၃၆၅၈၈ တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပညာဝံသ မဟာထေရ်
လှိုင်သာယာမြို့နယ်၊ သံဃနာယကအဖွဲ့ဝင်၊ နယ်လှည့်ဓမ္မကထိက၊ ဓမ္မာစရိယ
သက်တော်(၄၆)နှစ်၊ သိက္ခာတော်(၂၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ သီရိမင်္ဂလာ အုန်းတောကျောင်းတိုက်၌ သီတင်းသုံးတော်မူသော ဦးဝါသေဋ္ဌ၊ ဦးဇောတိပါလ တို့၏ညီတော်-နောင်တော်၊ ထောက်ကြန့်နေ ဒေါ်မြင့်၊ နွယ်ခွေကျေးရွာနေ ဒေါ်တင်လှ၊ ဒေါ်မြကြိုင်တို့၏ တူတော်၊ ရွှေပြည်သာမြို့နယ်နေ ဦးဝင်းရွှေ-ဒေါ်ညိုမြ၊ ချော်တွင်းကုန်းနေ ဦးလှဝင်း-ဒေါ်နှင်းမြ (လှဝင်းကြီး ဝပ်ရှော့)၊ ရွှေပြည်သာမြို့နယ်နေ ဦးတင်မျိုး-ဒေါ်ဝင်းမြတ်တို့၏မောင်၊ ဦးတင့်လွင်-ဒေါ်မြနွယ်တို့၏အစ်ကို၊ (ဖခမည်းတော်ကြီး ဦးစံတင်)-မယ်တော်ကြီး ဒေါ်မြခင်တို့၏သား ဘဒ္ဒန္တပညာဝံသ (ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက၊ မိုးကုတ်ကမ္မဋ္ဌာနစရိယ၊ မြို့နယ်သံဃနာယကအဖွဲ့ဝင်) သီရိမင်္ဂလာအုန်းတောကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာဝံသ မဟာထေရ် သက်တော်(၄၆)နှစ်၊ သိက္ခာတော်(၂၆)ဝါသည် (၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၁ရက်) ၁၅-၂-၂၀၁၄ရက် (စနေနေ့) ညနေ ၄း၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော် မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁-၃-၂၀၁၄ ရက် ညနေ ၃း၃၀နာရီတွင် သီရိမင်္ဂလာအုန်းတောကျောင်းတိုက် ယာယီစံကျောင်းတော်မှ ထိန်ပင်သုသာန်လောင်တိုက်ဆီသို့ ကရဝိတ်ဖောင်တော်ဖြင့် ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန သာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး အသီးသီးမှ သံဃာတော်များနှင့် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကော်မတီ

ဝမ်းနည်းကြေကွဲခြင်း
ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ
အသက်(၈၅)နှစ်

ဦးကျော်နိုင်- ဒေါ်ကျင်ထွေး (ဖက်ရှင်မီနီမတ်ကက်၊ တောင်ကြီးမြို့)တို့၏ မိခင် ဖုံချွန်းဖု(ခ)ဒေါ်ခင်ရီ အသက်(၈၅)နှစ်သည် ၂၁-၂-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ထိပ်တန်းရွှေမြင့်မြတ်**
ကုမ္ပဏီလီမိတက်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမာလာနေဝင်း
အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးမြတ်ကို၏ညီမ ဒေါက်တာမာလာနေဝင်း ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်သည် ၂၄-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တနင်္သာရီတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ဝန်ထမ်းများ

ကုသိုလ်ဒါန ကောင်းမှုကျေးဇူးဆပ်အမျှပေးဝေခြင်း
ဘုရား၊ ရဟန်း ကျောင်းဒါယကာကြီး ဦးရှင် (၂၃-၅-၁၉၇၈)
ဒါယိကာမကြီးဒေါ်ငွေမြိုင်(၂၇-၂-၂၀၁၁)
မြင်းခြံ

ကျေးဇူးရှင်ဖခင်ကြီး ဦးရှင်နှင့် မိခင်ကြီးဒေါ်ငွေမြိုင်တို့အား ကုသိုလ်ကောင်းမှု အထူးရပါစေခြင်းအကျိုးငှာ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အလှူဒါနများ ပြုလုပ်ခဲ့ပြီး ၂၂-၂-၂၀၁၄ ရက် (စနေနေ့)တွင် ဒဂုံမြို့သစ်(တောင်ပိုင်း) နိကာယ်ငါးရပ် စာသင်တိုက်ကြီးတွင် ရွှေရတုတိပိဋ္ဋက ဆရာတော်အမှူးထား၍ သံဃာတော်အရှင်သူမြတ် ၃၃၅ပါးတို့အား သင်္ကန်း၊ နဝကမ္မအလှူငွေနှင့် ဆွမ်းကပ်လှူဒါန်းသော ဒါန၊ သီလ၊ ဘာဝနာကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်၊ ကျေးဇူးရှင် မိဘနှစ်ပါးတို့သည် မြင့်မြတ်သောဘုံဘဝမှ မိသားစုနှင့်ထပ်တူထပ်မျှ သာဓုခေါ်ဆိုနိုင်ပါစေ။

သားသမီးမျာ-ဦးခင်မောင်ဝင်း-ဒေါ်ယုယုငယ်
ဦးစိန်ထွန်းဝင်း-ဒေါ်ခင်ချိုကြည်
ဦးဖိုးကျား-ဒေါ်ခင်မြဝင်းနှင့် မြေးတစ်စု

အထူးကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးဇော်မြင့်ဦး
A.G.T.I(MP) 95 မုံရွာ B.Sc(Maths)
ဥက္ကဋ္ဌ၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ၊ မုံရွာ G.T.I ကျောင်းသားဟောင်း
အသက်(၄၄)နှစ်

၁၅-၂-၂၀၁၄ ရက် တပို့တွဲလပြည့်ကျော် ၁ ရက် (စနေနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားသော ခင်ပွန်းဖြစ်သူ ဦးဇော်မြင့်ဦးအား နာမကျန်းဖြစ်စဉ်နှင့် ကွယ်လွန်သွားပြီးချိန်၊ နာရေးကိစ္စအဝဝ၊ ရက်လည်ပြုလုပ်သည့်အချိန်နှင့် လလယ်ပြုလုပ်ချိန် ငွေအား၊ လူအားဖြင့် သော်လည်းကောင်း၊ ဖုန်းများဖြင့်သော်လည်းကောင်း၊ ကူညီအားပေးနှစ်သိမ့်ပေးကြသော မုံရွာ G.T.I ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူဟောင်းများ၊ ရပ်ဝေးမှ သူငယ်ချင်းများ၊ ရန်ကုန်မှသူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးအထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ဇနီး-မသန်းသန်းဌေး A.G.T.I (Civil), B.Sc(Maths)
သမီး-မသက်မြတ်နိုး (F.I.S.C 3A) နှင့် ကျန်ရစ်သူမိသားစုများ



ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တပဏ္ဍိတ မဟာထေရ်
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်၊ တော်ပြာကျေးရွာနေ (ဖခမည်းတော် ဦးကျော်-မယ်တော် ဒေါ်လှတင်)တို့၏သားရတနာ၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၃)ရပ်ကွက်၊ ထန်းတပင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိတ သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါသည်(၁၃၇၅ခုနှစ် တပို့တွဲလပြည့်ကျော် ၈ရက်) ၂၂-၂-၂၀၁၄ရက် (စနေနေ့)ညနေ ၃း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထန်းတပင်ကျောင်းတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်၍ အန္တိမအဂ္ဂိ ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေတော်မျိုးတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။

(ဈာပနဖြစ်မြောက်ရေးကော်မတီ)

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးဟုတ်ရှိန်(အင်/ယာမှူး၊ ဆောက်လုပ်ရေးဌာန)
(၂၇-၂-၂၀၁၃) မှ (၂၇-၂-၂၀၁၄ အထိ)
အသက်(၇၄)နှစ်

ဖေကြီး မိသားစုနှင့်ခွဲခွာသွားတာ ၂၇-၂-၂၀၁၄ ရက်တွင် (၁)နှစ်ပြည့်ခဲ့သော်လည်း အဖေကြီးကို တစ်နေ့မှမေ့မရပါ။ အချိန်တိုင်းတွေး၍ နှမြောတသ လွမ်းဆွတ်နေဆဲပါ။ အဖေကြီး မိသားစုအပေါ်ထားတဲ့ မေတ္တာစေတနာတွေကို အစဉ်အောက်မေ့ပြီး အဖေကြီးအားရည်စူး၍ အထက်ပါကုသိုလ်ကောင်းမှုများကိုပြုလုပ်၍ (၁)နှစ်မြောက်နေ့တွင် ဇေယျဝတီကျောင်းတိုက်ကြီး၌ ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်း၊ ခဲဖွယ်၊ ဝတ္ထုများကို လှူဒါန်း၍ ရေစက်ချအမျှပေးဝေပါသည်။ ဤကောင်းမှုအစုစုတို့ကို အဖေကြီးရောက်ရာဘဝမှ ရရှိခံစားပြီး သာဓုခေါ်နိုင်ပါစေ။

အဖေကြီးရေ အမျှ အမျှ အမျှ ခေါ်ဆိုပါ-
သာဓု - သာဓု - သာဓု

အမေ ဒေါ်ခင်စမ်း
သားသမီးမြေးတစ်စု

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမာလာနေဝင်း
အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၊ဝန်ကြီးချုပ် ဦးမြတ်ကို၏ ညီမ ဒေါက်တာမာလာနေဝင်း ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်သည် ၂၄-၂-၂၀၁၄ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ဥပဒေချုပ် ဦးစိုးမြင့်နှင့်ဇနီး ဒေါ်ဝါဝါကျော်

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမာလာနေဝင်း
အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရဲရိပ်သာလမ်း၊ အမှတ် ၅၇၉ နေ (ဦးနေဝင်း-ဒေါ်ခင်နွဲ့နွဲ့)တို့၏သမီး၊တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဇေကရီခိုင် တို့၏ညီမ၊ ဦးတင်မောင်အေး၏ ဇနီး၊ မမေသင်္ကြန် တင်မောင်အေး၏ မိခင် ဒေါက်တာမာလာနေဝင်း (ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)သည် ၂၄-၂-၂၀၁၄ ရက် (တနင်္လာနေ့)နံနက် ၁၀း၀၇ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ**
တနင်္သာရီတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဒေါက်တာမာလာနေဝင်း
အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရဲရိပ်သာလမ်း၊ အမှတ် ၅၇၉ နေ (ဦးနေဝင်း-ဒေါ်ခင်နွဲ့နွဲ့)တို့၏ သမီး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဇေကရီခိုင်တို့၏ ညီမ၊ ဦးတင်မောင်အေး၏ ဇနီး၊ မမေသင်္ကြန် တင်မောင်အေး၏ မိခင် ဒေါက်တာမာလာနေဝင်း (ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)သည် ၂၄-၂-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၇ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**
ထားဝယ်မြို့

ဝမ်းနည်းကြေကွဲ
ဒေါက်တာမာလာနေဝင်း
ပါမောက္ခဌာနမှူး၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်
အသက်(၅၉)နှစ်

ပုသိမ်တက္ကသိုလ် ဥပဒေပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာမာလာနေဝင်းသည် ၂၄-၂-၂၀၁၄ရက် နံနက် ၁၀း၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများသည် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲရပါသည်။

ပုသိမ်တက္ကသိုလ်

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)

အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကရီခိုင်(ကထိက၊ ငြိမ်း)တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၄ရက် နံနက် ၁၀း၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီမိသားစု
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)

အသက်(၅၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို-ဒေါ်ဧကရီခိုင်(ကထိက၊ ငြိမ်း)တို့၏ညီမ ဒေါက်တာမာလာနေဝင်း အသက်(၅၉)နှစ်သည် ၂၄-၂-၂၀၁၄ရက် နံနက် ၁၀း၀၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအောင်ဇော်မြင့်-ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်
ဒုတိယဝန်ကြီးများနှင့်
လူမှု/ကယ်ဆယ်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)

အသက်(၅၉)နှစ်

ဒေါက်တာမာလာနေဝင်း [ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန(ပုသိမ်တက္ကသိုလ်)]သည် ၂၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းဆွေ(ဒုတိယဝန်ကြီး)-သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်ဝင်း
ယဉ်ကျေးမှုဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်

အသက်(၅၉)နှစ်

ဦးမြတ်ကို(ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့)-ဒေါ်ဧကရီခိုင်(ကထိက၊ ငြိမ်း)တို့၏ညီမသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့်
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ
တနင်္သာရီတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာမာလာနေဝင်း

ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန (ပုသိမ်တက္ကသိုလ်)

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးမြတ်ကို၏ညီမ၊ ဒေါက်တာမာလာနေဝင်း [ပါမောက္ခ(ဌာနမှူး)၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်]သည် ၂၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာစီစီလှဘူး (တာဝန်ခံပါမောက္ခချုပ်)
ဒေါက်တာသန်းထွဋ်ဦး(ဒုတိယပါမောက္ခချုပ်)နှင့်
မြိတ်တက္ကသိုလ်မိသားစု

ဗိုလ်ကြီးကောင်းထက်(ငြိမ်း)(ခ)ချစ်ကိုကိုလွင်

(ကြည်း-၃၂၃၂၆)

လက်ထောက်ညွှန်ကြားရေးမှူး

(ကူးသန်းရောင်းဝယ်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စစ်တက္ကသိုလ်အမှတ်စဉ်(၄၂)

အသက်(၃၈)နှစ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန်၊ စိုက်မွေး-၁၊ အမှတ် ၈/၃၀နေ ဗိုလ်ကြီးစန်းလွင်(ငြိမ်း)-ဒေါ်ချိုချိုဦးတို့၏သား၊ မော်ဘီမြို့၊ မြောင်းတကာ၊ (၄)ရပ်ကွက်နေ ဦးခိုင်ဝင်း-ဒေါ်စန်းစန်းရီတို့၏သားသမက်၊ မအိရွှေစင်လွင်၏မောင်၊ မမြတ်ဝတ်ရည်လွင်၊ မမိုးမြမြမိုးလွင်တို့၏အစ်ကို၊ နေပြည်တော်၊ ပိတောက်အိမ်ရာ၊ တိုက် ၇၂၈နေ ဒေါ်အိဖြူခိုင်၏ခင်ပွန်း၊ မဝိုင်းစုချစ်(ILBC-KG-နေပြည်တော်)၏ဖခင်သည် ၂၆-၂-၂၀၁၄ရက် နံနက် ၂း၁၇နာရီတွင် OSCအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်စန်းအေး

(လှည်းကူး)

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ မြို့ပတ်လမ်းနေ ဦးစိန်လှိုင်(ဒု-ဦးစီး စည်ပင်၊ ငြိမ်း)၏ဇနီး၊ မစုစုလှိုင် (ဦးစီးအရာရှိ၊ နည်းပညာ၊ မြောက်ပိုင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)၊ မောင်ပြည့်စုံလှိုင် (ရွှေစင်စကြာ ပို့ဆောင်ရေးလုပ်ငန်း)တို့၏မိခင်သည် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါနေအိမ်မှ လှည်းကူးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးလင်ကျော်ဘူး(ခ) ဦးကျော်အောင်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ် ၁၉၆၊ ၃၃လမ်းနေ (ဦးတင်လှ-ဒေါ်တင်ရွှေ)တို့၏သား၊ ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၉၃၊ ၂၄လမ်းနေ (ဦးဟန်)-ဒေါ်ကျင်လှိုင်တို့၏သားသမက်၊ ဒေါ်မြရင်၏ခင်ပွန်း၊ ဦးနေကြည်လင်း-ဒေါ်အေးမြတ်စိုး၊ ဦးမြတ်ထွန်းစိုး၊ဦးအောင်အောင်-ဒေါ်ဝင့်သူဇာကျော်တို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၆-၂-၂၀၁၄ရက် နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လူပိုးရှူ့(ခ)ဒေါ်လူရှုတ်

အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် ၁၅၊ ခြောက်လွှာနေ (ဦးဝီးယား)၏ဇနီး၊ ဦးကျင်းပင်-ဒေါ်တင်ကြည်တို့၏အစ်မ၊ ဦးဟုတ်ရှိန်-ဒေါ်ရှုဝ့ါ၊ ဦးဟုတ်ယူ-ဒေါ်လိဖိန်၊ ဦးဟုတ်ရန်-ဒေါ်ခင်သန်းဝင်း၊ ဦးကက်ဗို-ဒေါ်စိုးဝေ၊ ဦးကက်ဝ့ါ-ဒေါ်လင်းရှုယု(USA)၊ ဦးကက်လှိုင်(ခ)ဦးဇော်ထွန်း-ဒေါ်ခင်ခင်အေး၊ ဒေါ်စောအင်-(ဦးကက်နက်)၊ဒေါ်ဗီတီ(ခ)ဒေါ်ခင်လေးခိုင်-ဦးသိန်းထွန်းတို့၏မိခင်၊ မြေး ၃၁ယောက်၊ မြစ် ၅၀၊ တီခြောက်ယောက်တို့၏ဘွားဘွားကြီးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၇း၃၀ နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြဇင်

အသက်(၉၆)နှစ်

နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြစ်မှုတရားစီရင်ရေးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးငွေလွင်၏မိခင် ဒေါ်မြဇင်သည် ၂၂-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(ပြစ်မှု)နှင့်
ပြစ်မှုတရားစီရင်ရေးဌာန
မိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမြထွန်း B.A,BL (တရားလွှတ်တော်ရှေ့နေ)

အသက်(၈၇)နှစ်

ဖျာပုံမြို့နေ(ဦးထွန်း-ဒေါ်ပန်းအိ)တို့၏သမီး၊ ရန်ကုန်မြို့၊ ခြံအမှတ် ၁၁၅၊ တက္ကသိုလ်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်နေ ပါမောက္ခ ဦးလှအောင်(ရှေ့နေချုပ်၊ ငြိမ်း)၏ဇနီး၊ (ဒေါက်တာသိင်္ဂီအောင်)၊ ဦးစည်သူအောင် (အင်ဂျင်နီယာမှူး၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း) - ဒေါက်တာခင်သီတာရီ(Apex Asia Medical Center)တို့၏မိခင်၊ မသိင်္ဂီသက်ပိုင်ထွန်း (Final Part II IM(1))၏အဘွားသည် ၂၅-၂-၂၀၁၄ရက် ညနေ ၆း၂၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၃-၂၀၁၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်သီသီစိန် (လပွတ္တာ)

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ စပေါင်း၊ အမှတ် ၁၃၉/၂၊ သံသုမာလမ်းနေ(ဦးအုန်းစိန်-ဒေါ်ထွေး)တို့၏သမီး၊ (ဦးစိန်-ဒေါ်ဆုံ)တို့၏သမီးချွေးမ၊ (ဗိုလ်မှူးကံဦး၊ ငြိမ်း)၏ဇနီး၊ ဦးရဲဝင်း[D.D.E အရှေ့ဦးဆောက်လုပ်ရေး၊ G.M (Retd-M.O.G.E)]-ဒေါ်မော်မော်ဦး(လယ်/ ပြ၊ အမက-၁၇၊ မူ/လွှန်၊ သဃ်န်းကျွန်း)၊ ဦးသော်ဦး(ညွှန်ကြားရေးမှူး၊ဟိုတယ်/ခရီး)-ဒေါက်တာကြူကြူဆွေ(ပါမောက္ခ၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ (ဦးအောင်ကျော်ဦး)တို့၏မိခင်၊ ကိုဝင်းပြည့်ဖြိုး-မဇင်လဲ့လဲ့ဦး၊ ဗိုလ်ကြီးနိုင်လင်းဦး၊ ကိုအောင်မြတ်သူ-မဝင့်မိုမို့ကျော်၊ ကိုအောင်ကိုဇင်တို့၏အဘွား၊ မဝင်းလဲ့ရွှေရည်၊ မမေသဲတံတို့၏အဘွားသည် ၂၅-၂-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၅း၃၅နာရီတွင် ရန်ကုန်မြို့ ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးခင်မောင်သန်း

ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)၊ လဝက

အသက်(၇၃)နှစ်

(ဦးစံလှဘော်-ဒေါ်အုံးရီ)တို့၏သား၊ (ဦးကျင်စွမ်-ဒေါ်ကျင်မိ)တို့၏သားသမက်၊ (ဦးမြဇင်-ဒေါ်မြဲရွှေ)တို့၏မောင်၊ (ဦးကြည်သိန်း)-ဒေါ်စောရွှေတို့၏အစ်ကို၊ ဦးသိန်းမြင့်-ဒေါ်သန်းသန်းယု၊ ဦးလှိုင်စိန်-ဒေါ်ခင်စန်းကြည်၊ ဦးစိန်သောင်း-ဒေါ်သန်းအိ၊ ဦးအုန်းတင်-ဒေါ်ခင်သန်းဝေ၊ ဦးငွေအောင်-ဒေါ်အေးအေးသန့်၊ ဒေါ်တင်တင်ယု၊ ဦးမောင်မောင်စိုး-ဒေါ်အေးအေးမြင့်တို့၏အစ်မကြီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊တိုက် ၂၉(အေ)၊ အခန်း ၁၀နေ ဒေါ်ရှုမြင့်၏ခင်ပွန်း၊ ဦးစိုးသူရိန်သန်း (C/O MTM SM)-ဒေါက်တာချိုဝင်းမင်း(လ/ထ ကထိက၊ ဓာတ်မှန်ပညာဌာန၊ မြောက်ဥက္ကလာပဆေးရုံကြီး)၊ ဒေါက်တာချောဖြူဖြူသန်း (လ/ထဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)တို့၏ဖခင်၊ မောင်မင်းဝေယံစိုး၏ဘိုးဘိုးသည် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ဗဟန်းမြို့နယ်နေအိမ်နှင့် ရန်ကင်းမြို့နယ်မှကားများ မွန်းလွဲ ၂း၁၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၃-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟတို့အား ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းရပါကြောင်း

ဒေါက်တာမျိုးမြင့်

အသက်(၆၉)နှစ်

ဒေါက်တာမျိုးမြင့်(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန) အသက်(၆၉)နှစ်သည် ၂၆-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ငွေဝင်း

(ညောင်တုန်း)

အသက်(၆၂)နှစ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်မြသန်း(ညောင်တုန်း မဲဆန္ဒနယ်)၏ ချစ်လှစွာသောဇနီး ဒေါ်ခင်ငွေဝင်းသည် ၂၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ငွေတင်

(မော်လမြိုင်၊ ဘီလူးကျွန်း၊ မရမ်းရွာ)

အသက်(၈၆)နှစ်

အမှတ် ၈၅၁၊ ၂လမ်း၊ ၄မိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်နေ (ဦးပိုက်ထွေး-ဒေါ်သောင်းတင်)တို့၏သမီး၊ (ဦးထွန်းရှိန်)၏ဇနီး၊ (ဦးသက်ရှိန်)-ဒေါ်စောရီ၊ ဦးဆိုင်-ဒေါ်နီနီရှိန်၊ ဒေါ်ညီညီရှိန်၊ ဦးနိုင်ဝင်း-ဒေါ်ခင်သီတာ၊ ဦးနိုင်လင်း-ဒေါ်စမ်းစမ်းတင့်၊ ဦးသိန်းဇော်ဦး - (ဒေါ်စိုးစိုးရှိန်)တို့၏မိခင်၊မြေး ၁၆ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၅-၂-၂၀၁၄ရက် ညနေ ၄း၃၇နာရီတွင် သန်လျင်မြို့၊ အမှတ်၇၁၊ ဓမ္မစေတီလမ်း၊ ရုံးတော်ကွက်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက်၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးညွန့်

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ ၂၂လမ်း၊အမှတ် ၁၄၈နေ (ဦးအုန်းခင်-ဒေါ်ဖွားသင်)တို့၏သား၊ (ဦးထွန်းဦး-ဒေါ်ခင်လှမြင့်)၊ (ဦးစွန်းလွင်)-ဒေါ်တင်ရီ၊ ဦးလှဦး-ဒေါ်ခင်ခင်အုန်း၊ (ဦးစံမြင့်)-ဒေါ်ချိုဝေလွင်၊ (ဦးအောင်ဇော်မြင့်)-ဒေါ်ခင်နန်းစံတို့၏အစ်ကို/ညီ/မောင်၊ (ဒေါ်ခင်အေးမြင့်)၏ခင်ပွန်း၊ (ဦးဝင်းငွေ)-ဒေါ်တင်လှိုင်၊ ဦးမြင့်လွင် - ဒေါ်ခေါနဲ်လွှန်း၊ ဦးဇော်ဝင်း-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးခင်ကျော်-ဒေါ်စန်းကြည်၊ (ဦးကိုကို)-ဒေါ်မိုးမိုး၊ ဦးကိုကိုလေး-ဒေါ်ခင်စန်းမြင့်တို့၏ဖခင်၊ မြေး ၁၉ယောက်၊ မြစ်ကိုးယောက်တို့၏အဘိုးသည် ၂၅-၂-၂၀၁၄ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၃၅နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၁၄ရက်(ကြာသပတေးနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)

ဦးဟိုခင် (မြိတ်)

ရာသက်ပန်အသင်းဝင်

အမှတ်-၅၃၃

အသက်(၈၄)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၆လမ်းနေ(ဦးအီယု-ဒေါ်ဖွား)တို့၏သား၊ ဒေါ်တင်ကော်၏ခင်ပွန်းသည် ၂၄-၂-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၂-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။

အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

